# ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်များ

## (အယ်လင်ဂျီဝှိုက်)

- ဘုရားသခင်၏သီးသန့်ရန်ပုံငွေဆယ်ဖို့တစ်ဖို့
- လူအားလုံးတို့အားမိမိတို့အစွမ်းသတ္တိရှိသည်အတိုင်း

## မာတိကာ


၁၂။ သစ္စာရှိခြင်းကိုစမ်းသပ်ခြင်း ------------------ ၃
၁၃။ ထာဝရကျင့်ဝတ်များအပေါ်၌အခြေခံထားခြင်း ------ ၁၂
၁၄။ လုပ၍ရိုးရိုးဖြစ်သောအကြံတစ်ခု -------------- ၂၁
၁၅။ ရိုးသားခြင်းကိုမေးမြန်းစစ်ဆေးခြင်း ------------- ၂၈
၁၆။ အချိန်မှန်၍စနစ်ကျခြင်း -------------------- ၃၄
၁၇။ မာလခိ၏သတင်းစကား -------------------- ၃၈
၁၈။ ဘုရားသခင်ကိုစုံစမ်းကြလော့ ---------------- ၅၃
၁၉။ ဘုရားသခင်၏သီးသန့်ရန်ပုံငွေများကိုသီးခြား
သုံးစွဲခြင်း ---------------------------- ၅၉
၂၀။ နိုးကြားသောအသိစိတ်၏ခံယူချက် ------------ ၆၅
၂၁။ ဆယ်ဖို့တစ်ဖို့ကိုအသုံးချခြင်း ---------------- ၇၇
၂၂။ ဓမ္မဆရာများနှင့်အသင်းတော်အမှုတော်ဆောင်များ
ပညာပေးခြင်း ------------------------- ၈၄
၂၃။ ဘဏ္ဍာစိုးဖြစ်ခြင်း၏ကျင့်ဝတ်များ ------------- ၉၃
၂၄။ ကျွန်ုပ်တို့၏အစွမ်းသတ္တိများ ---------------- ၉၉
၂၅။ အစွမ်းသတ္တိတစ်ခုသာရှိသောလူ၏တာဝန်ဝတ္တရားများ – ၁၀၈
၂၆။ ဘုရားသခင်အားမှန်ကန်စွာဆောင်ရွက်ပေးခြင်းကို
လုယူခြင်း --------------------------- ၁၁၉
၂၇။ တရားစီရင်ရာနေ့ကိုရင်ဆိုင်ခြင်း ------------- ၁၂၇

# (၁၂) သစ္စာရှိခြင်းကိုစမ်းသပ်ခြင်း

"သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့။ သို့ပြုလျှင် သင်၏စပါးကျီတို့သည် ကြွယ်ဝ၍ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သော စပျစ်ရည်လျှံလိမ့်မည်။"

ဘုရားသခင်သည် ကျွန်ုပ်တို့ကောင်းကျိုးကိုချပေးတော်မူသောအရှင်ဖြစ်၍ အားလုံးတို့ကိုပိုင်ဆိုင်ကြောင်း ဤကျမ်းချက်က သွန်သင်သည်။ ကိုယ်တော်၏တောင်းဆိုခြင်းကို ကျွန်ုပ်တို့သည် ပထမဦးဆုံးစဉ်းစားရမည်။ ဤတောင်းဆိုခြင်းကိုဂုဏ်ပြုသောသူသည် အထူးကောင်းချီးမင်္ဂလာကိုခံစားရမည်။

ဘုရားသခင်သည် လူတို့နှင့်ဆက်သွယ်ရာ၌ ချမှတ်ထားသောကျင့်ဝတ္တရားကို ဤနေရာ၌တွေ့မြင်နိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ပထမမိဘများကို ဧဒင်ဥယျာဉ်၌ထားတော်မူသည်။ သူတို့ပျော်ရွှင်ဖို့ရန် သူတို့၏နံဘေးပတ်လည်၌ သူတို့ကိုအကျိုးပြုနိုင်သောအရာတိုင်းကို စီစဉ်ပေးလျက် ကိုယ်တော်သည် အရာခပ်သိမ်းကိုပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုစေသည်။ ဥယျာဉ်ထဲ၌လည်း မျက်စိအမြင်ကောင်းခြင်း၊ စားဖို့ရန်ကောင်းခြင်း အစရှိသောသစ်ပင်အမျိုးမျိုးကိုပေါက်စေတော်မူသည်။





သို့သော်လည်း ၎င်းတို့တွင် တစ်ခုသောအရာကို သီးသန့်ထားတော်မူသည်။ အာဒံနှင့်ဧဝတို့သည် အားလုံးတို့ကိုဆန္ဒရှိတိုင်းစားနိုင်ကြသော်လည်း သစ်ပင်တစ်ပင်အကြောင်းကို ဘုရားသခင်မိန့်တော်မူရာ၌ ထိုအပင်မှအသီးကိုသင်တို့မစားရ။ ဤနေရာ၌ သူတို့၏ကျေးဇူးတင်တတ်ခြင်းနှင့်သစ္စာရှိခြင်းကို စုံစမ်းတော်မူသည်။

သို့ဖြစ်၍ ဘုရားသခင်သည် သခင်ယေရှုကိုစေလွှတ်ရာ၌ ကောင်းကင်နိုင်ငံတော်၏အကြွယ်ဝဆုံးသောဘဏ္ဍာကိုပေးကမ်းတော်မူသည်။ သခင်ယေရှုနှင့်အတူ ဘုရားသခင်သည် အားလုံးသောအရာတို့ကိုခံစားဖို့ရန် ကျွန်ုပ်တို့အားကြွယ်ဝစွာပေးတော်မူသည်။ မြေကြီးမှထွက်သောပစ္စည်းများ၊ မြောက်မြားစွာရိတ်သိမ်းရသောအသီးအနှံများ၊ ရွှေ၊ ငွေရတနာပစ္စည်းများသည် ကိုယ်တော်၏လက်ဆောင်ပဏ္ဏာများဖြစ်သည်။ အိမ်နှင့်မြေယာများ၊ အစားအစာနှင့်အဝတ်များကို လူတို့၏လက်ဝယ်ထားရှိတော်မူသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုပေးတော်မူသောအရှင်ဖြစ်ကြောင်း အသိအမှတ်ပြုရန် ကျွန်ုပ်တို့ထံမှတောင်းဆိုတော်မူသည်။ ဤအကြောင်းကြောင့် ဘုရားသခင်မိန့်တော်မူသည်မှာ သင်တို့ပိုင်ဆိုင်သောပစ္စည်းအားလုံးမှလက်ဆောင်ပဏ္ဏာနှင့် အလှူငွေများအပြင် "ငါ့အဖို့ဆယ်ဖို့တစ်ဖို့ကို သီးသန့်ထား၍ ငါ၏ဘဏ္ဍာတိုက်သို့ယူဆောင်လာရမည်။" ဇဝံဂေလိတရားတော်

ဟောပြောဖို့ရန် ဘုရားသခင်သည် ဤအရာကိုစီမံထားတော်မူသည်။

ဤစည်းကမ်းတကျပေးကမ်းခြင်းအကြံအစည်ကို တီထွင်သောသူသည် လောကကြီး၏အသက်အတွက် မိမိ၏အသက်ကိုစွန့်တော်မူသောသခင်ယေရှုခရစ်ကိုယ်တိုင်ပင်ဖြစ်သည်။ အပြစ်သို့ကျရောက်နေသောလူသားတို့ကိုမြှင့်တင်ပေးရန် ကောင်းကင်ဘုံနန်းတော်မှထွက်ခွာခဲ့၍ ကောင်းကင်သားတို့၏ဘုရင်ရာထူးကိုစွန့်ခဲ့သည်။ ဘုရားသခင်အဖြစ်ကို လူအဖြစ်ဖြင့် ဖုံးလွှမ်းတော်မူခဲ့သည်။ ကိုယ်တော်ဆင်းရဲတော်မူခြင်းဖြင့် ကျွန်ုပ်တို့သည် ကြွယ်ဝဖို့ရန် ကျွန်ုပ်တို့အတွက် ကိုယ်တော်သည် ဆင်းရဲခြင်းသို့ရောက်တော်မူသည်။ ကိုယ်တော်သည် လူတို့အားမိန့်တော်မူ၍ ကိုယ်တော်၏တရားစကားကို လောကကြီး၌သက်သေခံသောသူတို့အား မည်ကဲ့သို့ထောက်ပံ့ရမည့်အကြံအစည်ကို မိန့်တော်မူသည်။ R & H, Feb. 4, 1902.

## ဘုရားသခင်၏သီးသန့်ထားသောအချိန်နှင့်ပစ္စည်း

ဆယ်ဖို့တစ်ဖို့၌ ပညတ်ထားသကဲ့သို့ သန့်ရှင်းသောနေ့အကြောင်းနှင့်ပတ်သက်၍လည်း ထိုစကားမျိုးအသုံးပြုထားသည်။



သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏သန့်ရှင်းသောနေ့ဖြစ်၏။ ခုနစ်ရက်နေရာ၌ ပထမနေ့ကိုအစားသွင်းပေးဖို့ရန် လူ၌ပြုလုပ်ပိုင်ခွင့်မရှိပေ။ လူသည် လုပ်ပိုင်ခွင့်ရှိသည်ဟုထင်မြင်၍ လုပ်ကိုင်ပေမည်။ သို့သော်လည်း ဘုရားသခင်၏အုတ်မြစ်သည် ခိုင်ခံ့ခြင်းရှိ၏။ လူတို့၏ထုံးစံဓလေ့များနှင့်သွန်သင်ခြင်းများသည် မြင့်မြတ်သောတရားတော်၏တောင်းဆိုခြင်းများကိုရွှေ့လျောစေရန် မပြုလုပ်နိုင်ပေ။ ဘုရားသခင်သည် သတ္တမနေ့ကိုသန့်ရှင်းစေတော်မူသည်။ ဘုရားသခင်ကိုယ်တော်တိုင်ဝိညာဉ်ရေး၌ဝတ်ပြုရန်အတွက် သီးသန့်ထားသောအချိန်သည် ဖန်ဆင်းရှင်ကိုယ်တိုင်သန့်ရှင်းစေခဲ့ရာ ယနေ့တိုင်အောင်သန့်ရှင်းလျက်ရှိသည်။

ထိုနည်းတူစွာ ကျွန်ုပ်တို့ဝင်ငွေမှဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်အဖို့သန့်ရှင်းရ၏။ ခရစ်ယာန်သစ်ကျမ်းစာ၌သန့်ရှင်းသောနေ့နှင့်စပ်ဆိုင်သောဥပဒေအသစ်မထုတ်ခဲ့ပေ။ ထိုနည်းတူစွာ ဆယ်ဖို့တစ်ဖို့ဥပဒေကိုလည်း ဥပဒေအသစ်မဟုတ်၊ အကြောင်းမှာ နှစ်ခုစလုံးသည်ခိုင်လုံ၍ နက်ရှိုင်းသောဝိညာဉ်တော်အဓိပ္ပါယ်ကိုဖော်ပြထားသည်။ လူမျိုးတစ်မျိုးအနေဖြင့် ဘုရားသခင်ပိုင်ဆိုင်သည်ဟု သီးသန့်ထားသောအချိန်ကို ဘုရားသခင်အားပြန်ပေးအပ်ရန် သစ္စာရှိစွာဖြင့်ရှာဖွေနေစဉ် ကိုယ်တော်

ပိုင်သည်ဟုတောင်းဆိုသောကြေးငွေကို ကိုယ်တော်အား ပြန်ပေးရန်မပြုအပ်သလော။ R & H, May 16, 1882.

## ဉစ္စာပစ္စည်းများအပြင်ဝင်ငွေပေါ်၌လည်းဆယ်ဖို့တစ်ဖို့ပေးရခြင်း

အာဗြဟံကဲ့သို့ သူတို့သည် သူတို့ပိုင်ဆိုင်သောဉစ္စာပစ္စည်းအပေါ်၌လည်းကောင်း၊ လက်ခံရရှိသောပစ္စည်းများအပေါ်၌လည်းကောင်း ဆယ်ဖို့တစ်ဖို့ပေးရမည်။ သစ္စာရှိစွာပေးကမ်းသောဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်ပိုင်သောအပိုင်းဖြစ်သည်။ မပေးကမ်းဘဲထားခြင်းသည် လုယူခြင်းပင်ဖြစ်သည်။ လူတိုင်းဘုရားသခင်၏ဘဏ္ဍာတိုက်သို့အတားအဆီးကင်း၍ စေတနာပြည့်ဝလျက် ပျော်ရွှင်စွာဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကိုယူဆောင်လာရကြမည်။ အကြောင်းမှာ ဤကဲ့သို့ပြုလုပ်ခြင်း၌ကောင်းချီးမင်္ဂလာရှိသည်။ ဘုရားသခင်ပိုင်ဆိုင်သောအပိုင်းကိုမပေးဘဲနေခြင်း၌ ဘေးအန္တရာယ်မကင်းပေ။ MS 159, 1899.

## ခေတ်တိုင်းအဖို့

(အာဗြဟံနှင့်ယာကုပ်တို့ဆယ်ဖို့တစ်ဖို့ပေးခြင်းကိုရည်ညွှန်းသည်။) ယုဒလူမျိုးများကို လူမျိုးနိုင်ငံအနေဖြင့်



မတည်ထောင်မီ သက်ကြီးဝါကြီးဘိုးဘေးများသည် ဆယ်ဖို့တစ်ဖို့ပေးကြသည်။ သို့သော်လည်း ဣသရေလလူမျိုးသည် သီးခြားသောလူမျိုးများဖြစ်လာသောအခါ ဘုရားသခင်သည် သူတို့အား ဤကိစ္စနှင့်စပ်ဆိုင်၍ အတိအကျသွန်သင်ခြင်းကိုပေးသည်။ စပါးဖြစ်စေ၊ သစ်သီးဖြစ်စေ၊ မြေကဖြစ်သမျှသောအသီးအနှံဆယ်စုတစ်စုသည် ထာဝရဘုရား၏ဘဏ္ဍာတော်ဖြစ်၏။ ထာဝရဘုရားအဖို့သန့်ရှင်းရ၏။ ဤဥပဒေတရားသည် သခင်ခရစ်တော်ကိုပုံဆောင်သောအထုံးအဖွဲ့များနှင့် ယဇ်ပူဇော်ခြင်းကိုပယ်ဖျက်ရန်မဟုတ်။ မြေကြီးပေါ်၌ဘုရားသခင်၏လူတစ်စုရှိနေသမျှကာလပတ်လုံး သူတို့အပေါ်၌ ဘုရားသခင်တောင်းဆိုခြင်းသည်အတူတူပင်ဖြစ်သည်။

ကျွန်ုပ်တို့၌တိုးပွားသောအရာများမှဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်ပိုင်သောအပိုင်းဖြစ်သည်။ ဘာသာရေးအတွက် အသုံးချဖို့ရန် ကိုယ်တော်သည် မိမိအဖို့သီးသန့်ထားသည်။ ထိုငွေသည်သန့်ရှင်း၏။ ဤပေးသင့်သည့်ငွေထက်နည်း၍ မည်သည့်အချိန်အခါမျှလက်မခံခဲ့ပေ။ ဤတာဝန်ကိုမထီမဲ့မြင်ပြုခြင်း၊ အချိန်ရွှေ့ဆိုင်းခြင်းကို ဘုရားသခင်မနှစ်သက်နိုင်ပေ။ ဘုရားသခင်ကိုယုံကြည်သောသူတို့သည် ဘုရားသခင်အထံတော်သို့ ဆယ်ဖို့တစ်ဖို့ကို သစ္စာနှင့်ယူဆောင်လာကြလျှင်

ဘုရားသခင်၏ဘဏ္ဍာတိုက်သည် ပြည့်လျှံနေလိမ့်မည်။ R & H, May 16, 1882.

## ကြီးကျယ်သောကောင်းချီးမင်္ဂလာရရှိဖို့ရန်သတ်မှတ်ထားခြင်း

ဆယ်ဖို့တစ်ဖို့ပေးခြင်း၏အထူးအစီအစဉ်သည် ကျင့်ဝတ္တရားတစ်ခုပေါ်၌ အုတ်မြစ်ချထားရာ ဘုရားသခင်၏ပညတ်တော်ကဲ့သို့တည်မြဲခြင်းရှိ၏။ ဤဆယ်ဖို့တစ်ဖို့ပေးခြင်းအစီအစဉ်သည် ယခုလူမျိုးတို့အဖို့ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်သည်။ ဤကဲ့သို့မဟုတ်ပါက ဘုရားသခင်သည် သူတို့ကိုပေးမည်မဟုတ်။ ထိုနည်းတူစွာ ခေတ်ကာလ၏နောက်ဆုံးချိန်၌နေထိုင်သောသူတို့သည် ဤအတိုင်းလိုက်နာပြုကျင့်ပါက သူတို့အဖို့ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏ကောင်းကင်ရှိဘုရားသခင်သည် သူတစ်ပါးတို့၏ပေးကမ်းခြင်းဖြင့် မိမိကိုယ်ကိုကြွယ်ဝစေခြင်းငှါ ဤကဲ့သို့စနစ်တကျလိုက်နာရန်ပေးထားသည်မဟုတ်။ လူတို့သည် များစွာသောကောင်းချီးမင်္ဂလာရရှိစေဖို့ရန်ဖြစ်သည်။ လူသည် ဤကောင်းမှုပြုတတ်ခြင်းအစီအစဉ်ကိုလိုအပ်ကြောင်း ကိုယ်တော်တွေ့မြင်တော်မူသည်။ 3T 404, 405.



## ကိုးပုံသည်ဆယ်ပုံထက်အဖိုးတန်သည်

နှစ်တိုင်းရက်ရောသောအလှူများကို ပေးကမ်းရသည့်အပြင် စည်းကမ်းတကျပေးကမ်းရန် ကျပ်တည်းစွာပြုလုပ်သောကြောင့် ဣသရေလလူမျိုး၏ဘုရားသခင်ကို အများသောသူတို့သည် သနားကြင်နာမှုရှိကြသည်။ တန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားသခင်သည် မည်သည့်ကောင်းမှုပြုလိုသောသဘောအစီအစဉ်သည် မိမိစီမံထားသည့်အတိုင်းဖြစ်မည်ကိုသိရှိတော်မူသောကြောင့် မိမိ၏လူတို့အား လိုက်နာရန်နည်းလမ်းကိုပေးတော်မူသည်။ ကိုးပုံသည်ဆယ်ပုံထက် သူတို့၌ပို၍အဖိုးတန်ကြောင်းပြသခဲ့ပြီ။ 3T 546.

## ယုဒလူမျိုးများအချိန်ကသိသိသာသာပြောင်းလာခဲ့ခြင်း

ကျွန်ုပ်တို့၏ဝင်ငွေအားလုံးမှ ကျွန်ုပ်တို့သည် ဘုရားသခင်အား ပထမဦးဆုံးခွဲဝေပေးရမည်။ ပေးကမ်းခြင်းအစီအစဉ်နှင့်ဆိုင်၍ ယုဒလူမျိုးတို့အားအမိန့်ပေးထားသည်မှာ သူတို့သည် ဘုရားသခင်အထံတော်သို့ ကိုယ်တော်ချပေးသောလက်ဆောင်ပဏ္ဏာမှ အဦးသီးသောအသီးများ၊ သိုးအုပ်၊ နွားအုပ်များမှ အတိုး

အပွားများ၊ လယ်ထွက်ပစ္စည်းများ၊ ခြံထွက်ပစ္စည်း (သို့မဟုတ်) စပျစ်ဥယျာဉ် (သို့မဟုတ်) ညီမျှသောအလဲအလှယ်ကိုယူဆောင်လာကြရမည်။ ယခုအချိန်၌ အစီအစဉ်ပြောင်းလဲလာခြင်းကိုတွေ့မြင်ရသည်။ ဘုရားသခင်လိုအပ်တောင်းဆိုသောအရာကိုအစီအစဉ်တွင်နောက်ဆုံးနေရာ၌ထားကြသည်။ ယခင်အချိန်အခါက ယုဒလူမျိုးများလိုသည်ထက် ယခုအချိန်၌ ကျွန်ုပ်တို့လုပ်ဆောင်ဖို့ရန် ကြေးငွေဆယ်ဆပို၍လိုနေပါသည်။

တမန်တော်များအား ပေးတော်မူသောအမိန့်၌ ကမ္ဘာတစ်ဝန်းလုံးသို့သွား၍ ဧဝံဂေလိတရားတော်ကိုဟောပြောရန်ဖြစ်သည်။ ဤအမိန့်သည် အလုပ်အကိုင်၏ကြီးကျယ်ခြင်းကိုပြသ၍ကျွန်ုပ်တို့၏အချိန်၌ခရစ်တော်၏နောက်လိုက်များတို့တွင် တာဝန်ပိုမိုဆောင်ရွက်ရန်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီ၍ကြာသောအချိန်၌ ဥပဒေအတိုင်း ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများလိုအပ်သည်ဟုပြောဆိုပါက ယခုအချိန်၌ သာ၍လိုအပ်သည်မဟုတ်လော။ ယုဒလူမျိုးတို့၏စီးပွားရေးအရ သူဌေးသူကြွယ်များနှင့်ဆင်းရဲသားများသည် သူတို့ပိုင်ဆိုင်သောပစ္စည်းတန်ဖိုး၏အချိုးကျပေးရမည်ဆိုပါက ယခုအချိန်၌နှစ်ဆပို၍လိုအပ်ပေသည်။ 4T 474.

–ဝ–

# (၁၃) ထာဝရကျင့်ဝတ်များအပေါ်၌ အခြေခံထားခြင်း

ဆယ်ဖို့တစ်ဖို့ပေးခြင်းအကြောင်းစီစဉ်ဖွဲ့စည်းထားခြင်းသည် မောရှေလက်ထက်မရောက်မီအချိန်ကပင်ဖြစ်သည်။ မောရှေအားတိကျသောစီစဉ်ဖွဲ့စည်းခြင်းကိုမပေးမီ လူတို့သည်ဘုရားသခင်အား လက်ဆောင်ပဏ္ဏာများကို ဘာသာရေးအတွက်စွန့်ကြဲပေးကမ်းကြသည်။ နောက်ကြောင်းပြန်၍ကြည့်ရှုပါကအာဒံအချိန်သို့ရောက်ရှိခဲ့သည်။ ဘုရားသခင်အလိုတော်ရှိသောအရာများကို နားထောင်လိုက်ခြင်း၌ သူတို့သည် ကိုယ်တော်ချပေးသောသနားခြင်းကရုဏာနှင့်ကောင်းချီးမင်္ဂလာများခံစားရခြင်းအတွက် ကျေးဇူးတင်ကြောင်းကို ပေးကမ်းစွန့်ကြဲခြင်းဖြင့်ပြသကြသည်။ ဤအလုပ်ကို အမျိုးအစဉ်အဆက်လုပ်ကိုင်ခဲ့ရာအာဗြဟံအချိန်သို့ရောက်လာ၍ သူသည် ဆယ်ဖို့တစ်ဖို့ကိုဘုရားသခင်၏ယဇ်ပုရောဟိတ်မင်း မေလခိဇေဒက်လက်သို့အပ်ပေးသည်။

ဤစည်းကမ်းကျင့်ဝတ်သည် ယောဘလက်ထက်၌ရှိခဲ့လေသည်။ တစ်တိုင်းတစ်နိုင်ငံ၌ရှိနေ၍ ကြေးငွေကုန်ခန်း၊ အိုးမဲ့၊

အိမ်ယာမဲ့ဖြစ်နေသောယာကုပ်သည် ဗေသလအရပ်တွင် ညဥ့်အချိန်၌တစ်ကိုယ်တည်းကျောက်ခဲကိုခေါင်းအုံးပြုလုပ်အိပ်စက်၍ ဘုရားသခင်ကိုကတိပေးသည်မှာ "ကိုယ်တော်၊ ကျွန်တော်မျိုးအား ပေးသမျှသောအရာမှ ဆယ်ပုံတစ်ပုံကို ကိုယ်တော်အားပြန်၍ ပေးပါမည်။" ဘုရားသခင်သည် လူတို့ကိုအလှူပေးရန် အတင်းအကျပ်မခိုင်းပေ။ လူတို့ပေးကမ်းခြင်းသည် အလိုအလျောက် ပေးကမ်းခြင်းဖြစ်ရမည်။ ကိုယ်တော်သည် မိမိ၏ငွေတိုက်ကို အလိုမတူသောအလှူငွေဖြင့် ဖြည့်ဆည်းထားမည်မဟုတ်။ 3T 393.

## ပေါလုသည်စီစဉ်ဖွဲ့စည်းထားခြင်းကို အသိအမှတ်ပြုခြင်း

ကောရိန်သုအသင်းတော်ထံသို့ ရေးလိုက်သောပထမစာ၌ ပေါလုသည် မြေကြီးပေါ်၌ ဘုရားသခင်၏အမှုတော်ထောက်ပံ့ဖို့ရန်အကြောင်းနှင့်ပတ်သက်၍ ယုံကြည်သောသူတို့အားလိုက်နာရမည့်သာမန်ကျင့်ဝတ်များအကြောင်း သွန်သင်ပေးသည်။ သူတို့အဖို့ တမန်တော်နှင့်ဆိုင်သောအလုပ်ဆောင်ရွက်ခြင်းအကြောင်းကိုရေးသား၍မေးမြန်းသည်မှာ–



"အဘယ်သူသည် ကိုယ့်စရိတ်ကိုသုံး၍ စစ်မှုကိုထမ်းရသနည်း။ အဘယ်သူသည် ဥယျာဉ်ကိုစိုက်ပျိုး၍ အသီးကိုမစားဘဲနေရသနည်း။ အဘယ်သူသည် သိုးထိန်းလုပ်၍ သိုးနို့ကိုမသုံးဘဲနေရသနည်း။ လောကဝေါဟာရအားဖြင့်သာ ဤသို့ငါဆိုသလော။ ပညတ်တရားသည်လည်း ဤသို့ပင်ဆိုသည်မဟုတ်လော။ မောရှေ၏ပညတ္တိကျမ်းစာ၌လာသည်ကား စပါးနင်းနယ်သောနွား၏နှုတ်ကိုမချုပ်တည်းရဟုလာ၏။ ဘုရားသခင်သည် နွားကိုသာပမာဏပြုတော်မူသလော၊ (သို့မဟုတ်) ငါတို့ကြောင့်သာ ဤသို့ပညတ်တော်မူသလော။ လယ်ထွန်သောသူသည် မျှော်လင့်လျက်ထွန်စေခြင်းငှါလည်းကောင်း၊ မျှော်လင့်လျက်စပါးနင်းနယ်သောသူသည် မျှော်လင့်သည်အတိုင်းရစေခြင်းငှာလည်းကောင်း ငါတို့ကြောင့်သာ ဤသို့ကျမ်းစာလာ၏။"

"ငါတို့သည် သင်တို့၌ တရားမျိုးစေ့ကိုစိုက်ပြီးမှ သင်တို့၏လောကအသီးကိုသုံးဆောင်လျှင် ကျေးဇူးကြီးမည်လော။ အခြားသောသူတို့သည် သင်တို့ထံမှာ ထိုအခွင့်ကိုရလျှင် ငါတို့သည်သာ၍ရထိုက်သည်မဟုတ်လော။ သို့သော်လည်း ထိုအခွင့်ကို ငါတို့သည်မသုံးဘဲ ခရစ်တော်၏ဧဝံဂေလိတရားကိုဆီးတားခြင်းအကြောင်းမရှိစေခြင်းငှာ အရာရာ၌သည်းခံကြ၏။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သောသူတို့သည် ဗိမာန်တော်ကိုအမှီပြု၍

စားရသည်ကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်းအမှုကို ဆောင်ရွက်သောသူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍စားရသည်ကိုလည်းကောင်း သင်တို့မသိကြသလော။ ထိုနည်းတူ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း ဘုရားသခင်၏ပညတ်တော်မူချက်ရှိ၏။” ၁ကော၊ ၉း၇–၁၄။

တမန်တော်သည် ဤနေရာ၌ဗိမာန်တော်တွင်လုပ်ကိုင်ဆောင်ရွက်နေသောယဇ်ပုရောဟိတ်များကိုထောက်ပံ့ရန် ဘုရားသခင်၏အကြံအစည်ကိုရည်ညွှန်းသည်။ ဤသန့်ရှင်းသောအလုပ်ကိုလုပ်ကိုင်ဖို့ရန် ခန့်ထားခြင်းခံရသောသူတို့သည် ညီအစ်ကိုများအား ဝိညာဉ်နှင့်ဆိုင်သောကောင်းချီးမင်္ဂလာများရရှိဖို့ရန် လုပ်ဆောင်ပေးရသောကြောင့် သူတို့၏ထောက်ပံ့ခြင်းကိုရရှိကြသည်။ “ယဇ်ပုရောဟိတ်အရာကိုခံသောလေဝိသားတို့သည် အာဗြဟံအမျိုးဖြစ်သောသူတည်းဟူသော မိမိတို့ညီအစ်ကိုများလက်မှ ပညတ်တရားအတိုင်း ဆယ်ဖို့တစ်ဖို့ကိုခံရသောအခွင့်ရှိကြ၏။” ဟေဗြဲ ၇း၅။

သန့်ရှင်းသောအလုပ်ဖြစ်သောဗိမာန်တော်ကိုကြည့်ရှုရခြင်းနှင့် ယဇ်ပုရောဟိတ်ရာထူးကိုလုပ်ဆောင်ရန် ဘုရားသခင်သည် လေဝိအမျိုးသားများကိုရွေးချယ်ခန့်ထားတော်မူသည်။



ယဇ်ပုရောဟိတ်အကြောင်းကိုပြောဆိုသည်မှာ “အကြောင်းမူကား၊ သူမှစ၍ သားစဉ်မြေးဆက်တို့သည် ထာဝရဘုရားအခွင့်နှင့်အမှုတော်ကို အစဉ်ဆောင်ရွက်စေခြင်းငှါ သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏အမျိုးအနွယ်အပေါင်းတို့တွင် သူ့ကိုရွေးကောက်တော်မူပြီ။” တရားဟောရာကျမ်း ၁၈း၅။ တိုးပွားခြင်းမှဆယ်ပုံတစ်ပုံသည် ဘုရားသခင်ပိုင်ဆိုင်သောကြောင့်တောင်းဆိုတော်မူသည်။

ဓမ္မအမှုဆောင်ရွက်ခြင်း၌ထောက်ပံ့ဖို့ရန် ဤအကြံအစည်ကို ပေါလုသည် ရည်ညွှန်းပြောဆိုရာ၌ ထိုနည်းတူ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း သခင်ဘုရား၏ပညတ်တော်မူချက်ရှိ၏။ ထိုနောက် တိမောသေထံသို့စာရေးသောအခါ တမန်တော်ပြောဆိုသည်မှာ “လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏။” ၁တိ၊ ၅း၁၈။ AA. 335,336.

## ကျွန်ုပ်တို့အပေါ်၌ဘုရားသခင်၏တောင်းဆိုချက်

ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့လက်ဝယ်ရှိသမျှတို့ကို တောင်းဆိုပိုင်တော်မူသည်။ ကိုယ်တော်တောင်းဆို

ခြင်းသည် အခြားအရာများကဲ့သို့ အမြင့်ဆုံးဖြစ်သည်။ ကိုယ်တော် တောင်းဆိုသည်ကို အသိအမှတ်ပြုသောအနေဖြင့် ကိုယ်တော်က ကျွန်ုပ်တို့အားပေးကမ်းသမျှသောအရာများထဲမှ ပုံသေအချိုးအစားအတိုင်းပေးရန် တောင်းဆိုတော်မူသည်။ ဆယ်ဖို့တစ်ဖို့သည် ဤသတ်မှတ်ထားသောအပိုင်းဖြစ်သည်။ ဘုရားသခင်၏ ညွှန်ကြားခြင်းအောက်၌ ဆယ်ဖို့တစ်ဖို့သည် ရှေးခေတ်ကာလအချိန်မှစ၍ ကိုယ်တော်အားဆက်ကပ်ထားသောဝတ္ထုပစ္စည်းဖြစ်သည်။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို မိမိ၏အထူးဘဏ္ဍာအဖြစ်ထားရန် အီဂျစ်ပြည်မှထုတ်ဆောင်သောအခါ တဲတော်၌ဆောင်ရွက်စရာအတွက် သူတို့ပိုင်သောပစ္စည်းထဲမှ ဆယ်ပုံတစ်ပုံကိုသီးခြားထားရန်သွန်သင်ခဲ့သည်။ ဤဆယ်ဖို့တစ်ဖို့သည် အထူးအလှူငွေဖြစ်၍ အထူးအလုပ်၌သုံးစွဲရမည်။ သူတို့၌ကျန်ရစ်သောပစ္စည်းသည် ဘုရားသခင်ပိုင်သောကြောင့် ကိုယ်တော်၏ဘုန်းတော်ကိုထောက်၍ သုံးစွဲရမည်။ သို့သော်လည်း ဆယ်ဖို့တစ်ဖို့ကိုသီးသန့်ခွဲထား၍ သန့်ရှင်းရာဌာနတော်၌ အမှုထမ်းသောသူတို့ကိုထောက်ပံ့ရန်ဖြစ်သည်။ တိုးပွားသောအဦးသီးသောအသီး၊ လက်ဆောင်ပဏ္ဏာများနှင့်အလှူငွေများကို



ပေးကမ်းစွန့်ကြဲခြင်းဖြင့် ထိုအချိန်နှင့်ဆိုင်သောဧဝံဂေလိတရားအလုပ်၌ လုံလောက်သောထောက်ပံ့ခြင်းကိုရရှိသည်။

ရှေးခေတ်ကာလအချိန်က မိမိလူမျိုးများထံမှတောင်းဆိုတော်မူသည်ထက်နည်း၍ ကျွန်ုပ်တို့ထံမှတောင်းဆိုတော်မူခြင်းကို မပြု။ ကိုယ်တော်သည် ကျွန်ုပ်တို့အားပေးကမ်းသောလက်ဆောင်ပဏ္ဏာများသည်မနည်းပေ။ ယခင်အချိန်က ဣသရေလလူမျိုးများကိုပေးကမ်းခဲ့သည်ထက် သာ၍များသည်။ ကိုယ်တော်၏အမှုတော်ဆောင်ရွက်ဖို့ရန် အစဉ်ကြေးငွေလိုအပ်နေမည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်းပြီးသောအခါ ဝိညာဉ်များကိုကယ်တင်ခြင်းအလုပ်သည် ရှေ့သို့ဆက်လက်လုပ်ဆောင်သွားရမည်။ ဆယ်ဖို့တစ်ဖို့နှင့်အတူ လက်ဆောင်ပဏ္ဏာများနှင့် အလှူငွေများဖြင့် ဘုရားသခင်သည် ဤအလုပ်အဖို့လုံလောက်စွာစီမံထားတော်မူသည်။ ဧဝံဂေလိတရားဟောပြောခြင်းအလုပ်ကို ပြည့်စုံစွာထောက်ပံ့ထားဖို့ အလိုတော်ရှိသည်။ ကိုယ်တော်သည် ဆယ်ဖို့တစ်ဖို့ကို ကိုယ်ပိုင်အဖြစ်တောင်းဆိုတော်မူ၍ သန့်ရှင်းသီးသန့်ထားသောငွေအဖြစ်သတ်မှတ်ပြီးလျှင် ကိုယ်တော်၏အလုပ်တိုးတက်ခြင်း၊ အဝေးအရပ်များသို့ ကမ္ဘာစွန်းတိုင်အောင် စေတမန်များကိုစေလွှတ်ခြင်းကိစ္စများတို့၌ သုံးစွဲရန်ဖြစ်သည်။

ဘုရားသခင်သည် မိမိလက်တော်ကို အားလုံးသောအရာတို့၏အပေါ်၌တင်တော်မူသည်။ လူနှင့်သူ၏ဥစ္စာပစ္စည်းလည်းပါဝင်၍ အားလုံးကိုယ်တော်ပိုင်တော်မူသည်။ ငါသည် ကမ္ဘာကြီးကိုပိုင်၍ စကြဝဠာကိုလည်းပိုင်သေး၏။ "သင်သည် ငါ့အားအဦးသီးသောအသီးများဖြင့် ဆက်ကပ်ရမည်။ ငါ၏ကောင်းချီးမင်္ဂလာကြောင့် ဤအရာများသည် သင်၏လက်တွင်းသို့ရောက်ရှိကြသည်" ဟု ကိုယ်တော်မိန့်တော်မူသည်။ အဦးမှည့်သော၊ အဦးညစ်သောအရည်ကို မထိမ်ဝှက်ဘဲဆက်ကပ်ရမည်။ "သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအားပူဇော်လော့" ဟု ထာဝရဘုရားမိန့်တော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုသစ္စာရှိကြောင်းပြသရန် ဤအထိမ်းအမှတ်ကိုတောင်းဆိုတော်မူသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆိုင်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏သားသမီးများဖြစ်ကြသည်။ ဖန်ဆင်းခြင်းဖြင့်လည်းကောင်း၊ ကယ်တင်ခြင်းရရှိဖို့ရန် တစ်ပါးတည်းသောသားတော်ကို မေတ္တာလက်ဆောင်ပေးခြင်းဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် ကိုယ်တော်ပိုင်ဖြစ်ကြသည်။ "သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်အားဖြင့် ဘုရားသခင်



၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။" စိတ်နှလုံး၊ အသိစိတ်၊ စိတ်ဆန္ဒနှင့်ချစ်ခြင်းသည် ဘုရားသခင်နှင့်စပ်ဆိုင်သည်။ ကျွန်ုပ်တို့လက်ဝယ်ရှိသောငွေကို ဘုရားသခင်ပိုင်သည်။ ကျွန်ုပ်တို့ခံစားနေသောကောင်းမွန်သည့်အရာအားလုံးသည် ဘုရားသခင်၏မွန်မြတ်သောစေတနာကြောင့်ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုကြွယ်ဝစွာပေးတော်မူ၍ လက်ခံရရှိသောသူသည် ကျေးဇူးတုံ့ပြန်ရမည်။ ဘုရားသခင်သည် မိမိပိုင်ဆိုင်သောအရာကိုသာတောင်းခံသည်။ အရေးကြီးသောအပိုင်းသည် ဘုရားသခင်ကိုယ်ပိုင်ဖြစ်၍ ထိုအပိုင်းကိုယုံကြည်၍ အပ်နှံထားသောဘဏ္ဍာပစ္စည်းအနေဖြင့်အသုံးပြုရမည်။ ကိုယ်ကျိုးကိုသာမက ကြည့်ရှုတတ်သောစိတ်နှလုံးသည် ဘုရားသခင်၏ကောင်းမွန်ခြင်းနှင့်ချစ်ခြင်းမေတ္တာကိုတွေ့မြင်၍ ဘုရားသခင်ဖြောင့်မတ်စွာအလိုရှိခြင်းများကို စိတ်ပါစွာအသိအမှတ်ပြုမည်။ R & H, Dec. 8, 1896.

–၀–

## (၁၄) လှပ၍ရိုးရိုးဖြစ်သောအကြံတစ်ခု

ဆယ်ဖို့တစ်ဖို့ပေးခြင်းအစီအစဉ်၌ ဘုရားသခင်၏အကြံအစည်သည် ရိုးရိုးဖြစ်ခြင်းနှင့်တူညီခြင်းကြောင့် လှပခြင်းရှိသည်။ ၎င်း၏အရင်းမူလသည် မြင့်မြတ်သောကြောင့် အားလုံးတို့သည် ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့်ကိုင်စွဲနိုင်ကြသည်။ ၎င်း၌ ရိုးရိုးနှင့်အကျိုးဖြစ်ထွန်းခြင်းကို ပေါင်းစပ်ထားသောကြောင့် နားလည်ဖို့ရန်နှင့်လုပ်ကိုင်ဖို့ရန် ပညာအရင်းခံများစွာမလိုပေ။ လူတိုင်းအဖိုးတန်သောကယ်တင်ခြင်းအလုပ်ကို ဝင်ရောက်လုပ်ကိုင်နိုင်ကြသည်။ လူကြီးတိုင်း၊ လူငယ်လူရွယ်တိုင်း ဘုရားသခင်အဖို့ ဘဏ္ဍာစိုးများဖြစ်လာနိုင်သည်။ ဘဏ္ဍာတိုက်၌ငွေရရှိရန် ကိုယ်စားလှယ်တစ်ယောက်လည်းဖြစ်နိုင်သည်။

ဤအစီအစဉ်အားဖြင့် ကြီးကျယ်သောရည်မှန်းချက်များပြီးမြောက်ခဲ့သည်။ လူအားလုံးတို့သည် လက်ခံပါက သူတို့သည် ဘုရားသခင်အဖို့ သတိဝီရိယရှိ၍ သစ္စာစောင့်သောဘဏ္ဍာစိုးအဖြစ်သို့ရောက်နိုင်သည်။ ကမ္ဘာကြီးကိုနောက်ဆုံးသတိပေးစကားပြောကြားနိုင်ဖို့ရန် ကြေးငွေလိုနေမည်မဟုတ်ပေ။ လူအားလုံးတို့သည် ဤအစီအစဉ်ကိုလိုက်နာပါက ဘဏ္ဍာတော်





တိုက်သည် ငွေဖြင့်ပြည့်လျှံနေ၍ ထည့်ဝင်သောသူအပေါင်းတို့သည်လည်း သာ၍ဆင်းရဲနေရကြမည်မဟုတ်။ ရင်းနှီးထားခြင်းများမှ သူတို့သည် ခေတ်နှင့်ဆိုင်သောသမ္မာတရား၌ ပို၍ပေါင်းစပ်ခြင်းရှိလိမ့်မည်။ သူတို့သည် မှန်သောအသက်ကိုဝင်စားလိုသော၄ှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ ဆည်းပူးခြင်းတို့ကိုပြုရမည်အကြောင်း ပညတ်ထားလော့။ 3T 388, 389.

## သူဌေးနှင့်ဆင်းရဲသားများအဖို့

သမ္မာကျမ်းစာတွင်ဖော်ပြသောဆယ်ဖို့တစ်ဖို့အလှူငွေများအစီအစဉ်၌ လူအသီးအသီးတို့ပေးကြသောအရေအတွက်သည် များစွာကွာခြားခြင်းရှိသည်။ ဤကဲ့သို့ဖြစ်ရခြင်းအကြောင်းမှာ ဝင်ငွေပေါ်၌ အချိုးကျတွက်ချက်ပေးသောကြောင့်ဖြစ်သည်။ ဆင်းရဲသောသူပေးသောဆယ်ဖို့တစ်ဖို့ငွေသည် နည်းပါးသည်။ သူ၏လက်ဆောင်ပဏ္ဏာသည် သူ၏စွမ်းရည်သတ္တိအတိုင်းဖြစ်သည်။ သို့သော်လည်း ဘုရားသခင်လက်ခံတော်မူခြင်းသည် ပေးသောငွေအရေအတွက်များသောကြောင့်မဟုတ်၊ စိတ်အခြေအနေ၊ ကျေးဇူးတင်သောသဘောနှင့် ချစ်ခြင်းကိုဖော်ပြသောကြောင့်ဖြစ်သည်။ မိမိတို့ပေးသောလက်ဆောင်ပဏ္ဏာသည်

အလွန်နည်း၍ အရေးမယူလောက်ဟု ဆင်းရဲသောသူများတို့၏ စိတ်၌ထင်မှတ်ခြင်းမရှိရ။ မိမိတို့အစွမ်းသတ္တိရှိသည်အတိုင်းပေးကြစေ။ သူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်၍ သူတို့၏ အလှူငွေကို ကိုယ်တော်သည် လက်ခံတော်မူမည်ဟု စိတ်၌ထင်မြင်ကြစေ။

ဘုရားသခင်အထံတော်မှ မတည်ငွေမြောက်မြားစွာခံယူရသောသူတစ်ယောက်သည် အကယ်၍ ထိုသူသည် ချစ်ကြောက်ရိုသေသောသူဖြစ်ပါက ဘုရားသခင်တောင်းဆိုသောအရေအတွက်သည်များ၍ တာဝန်ကြီးလှသည်ဟုစိတ်၌ထင်မြင်ခြင်းမရှိရာ၊ သူဌေးသူကြွယ်သည် မိမိကိုယ်ကျိုးကိုကြည့်ရှု၍ လောဘကြီးသည်။ ကိုယ်တော်ပိုင်ဆိုင်သောငွေကို မပေးဘဲနေမည်။ သို့သော်လည်း ဘုရားသခင်၌တည်ကြည်သောသူသည် စုံစမ်းခြင်းနှင့်တွေ့ဆုံသောအခါ စာတန်ကို "ရေးသားထားသည်မှာ" "လူသည် ဘုရားသခင်၏ဥစ္စာကိုလုယူရမည်လော" ဟု အဖြေပေးလိမ့်မည်။ လူသည် စကြဝဠာကိုအကြွင်းမဲ့အုပ်စိုး၍ မိမိ၏ အသက်ဝိညာဉ်ဆုံးရှုံးသွားလျှင် အဘယ်အကျိုးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို မည်သည့်အရာနှင့်ရွေးမည်နည်း။ R & H, May 16, 1893.



## ပဋိညာဉ်ထားခြင်းဖြင့်ချည်နှောင်ထားခြင်း

ကမ္ဘာကြီးကိုသတိပေးသောအလုပ်အကိုင်ကြီးတွင် စိတ်နှလုံးထဲ၌ သမ္မာတရားရှိသောသူတို့သည် သမ္မာတရားအားဖြင့်လည်း သန့်ရှင်းစေပြီဖြစ်သောကြောင့် သူတို့အားတာဝန်ချထားသောအပိုင်းကို လုပ်ကိုင်ကြလိမ့်မည်။ အသင်းသားတိုင်းသည် မိမိတို့၏ကိုယ်ကျိုးအတွက် ကြေးငွေဖြုန်းတီးခြင်းဟူသမျှငြင်းပယ်၍ ဘုရားသခင်နှင့်ပဋိညာဉ်ထားခြင်းဖြင့် ချည်နှောင်ထားသည်။ မိမိ၏အိမ်ထောင်၌ စီးပွားရေးကျပ်တည်းအဆင်မပြေခြင်းသည် ဘုရားသခင်၏အမှုတော်အလုပ်ကို ထိခိုက်ခြင်းမဖြစ်ပါစေနှင့်။ R & H, Jan. 17, 1907.

ကမ္ဘာတစ်ဝန်းလုံး၌ရှိကြသော ညီအစ်ကိုမောင်နှမအပေါင်းတို့အား ကျွန်ုပ်တောင်းပန်လိုသည်မှာ– သစ္စာရှိသောဆယ်ဖို့တစ်ဖို့ပေးဖို့ရန် သင်တို့၌တာဝန်ရှိသည်ဖြစ်၍ ထိုတာဝန်အတိုင်းဆောင်ရွက်ကြပါကုန်။ သင်တို့၏ကယ်တင်ရှင်နှင့်သစ္စာရှိသောစာရင်းအင်းထားပါလေ။ တင်ကူးသိမြင်ခြင်းရှိသောကိုယ်တော်နှင့်မှန်မှန်ကန်ကန်ဆက်ဆံရခြင်း၏အရေးကြီးခြင်းကို သိမြင်နားလည်ရမည်။ လူတိုင်း မိမိတို့၏စိတ်နှလုံးကို ကြိုးစားအားထုတ်၍စစ်ဆေးပါ။ မိမိတို့၏စာရင်းအင်းကိုကြည့်ရှု၍

ဘုရားသခင်နှင့်ဆက်သွယ်ရာ၌ မည်သည့်အခြေအနေ၌ရှိသည်ကို ရှာဖွေပါ။

သင့်အဖို့တစ်ပါးတည်းသောသားတော်ခရစ်တော်ကို စွန့်တော်မူသောကိုယ်တော်သည် သင်နှင့်ပဋိညာဉ်ဖွဲ့ပြီး ကိုယ်တော်သည် သင့်ကိုကောင်းချီးမင်္ဂလာများကိုပေးတော်မူသည်။ သင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများပေးကမ်းစွန့်ကြဲခြင်းဖြင့် တုံ့ပြန်ရမည်။ ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ အခြားနားလည်နိုင်သောလမ်းမရှိဟု မည်သူမျှပြောဆိုဝံ့မည်မဟုတ်။ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများအကြောင်းနှင့်စပ်ဆိုင်၍ ဘုရားသခင်၏အကြံအစည်ကို သေသေချာချာမာလခိအနာဂတ္တိကျမ်း အခန်းကြီး ၃ ၌ဖော်ပြထားသည်။ ဘုရားသခင်သည် လူသားတို့နှင့်မိမိချုပ်ဆိုထားသောသဘောတူညီချက်ကို မှန်ကန်စွာလုပ်ကိုင်ရန် ခေါ်တော်မူသည်။ "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌စားစရာရှိစေခြင်းငှာပြုကြလော့" ဟု ကိုယ်တော်မိန့်တော်မူသည်။ R & H, Dec. 3, 1901.

## ပြင်းထန်သောဥပဒေမဟုတ်

ဤအမိန့်သည် ဟေဗြဲလူမျိုးများအပေါ်၌ ပြင်းထန်စွာချည်နှောင်ထားသောဥပဒေဖြစ်သည်ဟု အချို့သောသူများက



ပြောဆိုကြမည်။ ဘုရားသခင်ကိုချစ်မြတ်နိုးသည့်စိတ်နှလုံးအဖို့ ဝန်ထုပ်တစ်ထုပ်မဖြစ်ပေ။ လူ၏ကိုယ်ကျိုးရှာလိုသောသဘောသည် မပေးမကမ်းလိုသောအခါ လူသည် ထာဝရစဉ်းစားရမည့်အရာများကို မျက်ခြည်ပြတ်၍ လောက၏ဥစ္စာပစ္စည်းများကို အသက်ဝိညာဉ်များထက်တန်ဖိုးထားသည်။ 3T 396.

## နားမထောင်သောသူများမှလွဲ၍ဝန်ထုပ်မဟုတ်ပေ

သမ္မာကျမ်းစာမှတောင်းဆိုသည်အတိုင်း ခရစ်ယာန်များသည် အကျိုးပြုသောကောင်းမှုပြုလိုသည့်သဘောသက်ဝင်ရန် အကြံအစည်ပြုလုပ်ရမည်။ သို့ပြုလုပ်မှသာလျှင် အချင်းချင်းကယ်တင်ခြင်းရရှိဖို့ရန် အစဉ်စိတ်ဝင်စားခြင်းရှိနေလိမ့်မည်။ ကျင့်ဝတ္တရားနှင့်ဆိုင်သောဥပဒေသည် ဥပုသ်နေ့ကို စောင့်ရှောက်ရန် အမိန့်ပေးသည်။ ဝန်ထုပ်မဟုတ်ပေ။ သို့သော်လည်း ဥပဒေတရားကိုကျူးလွန်လာသောအခါ သတ်မှတ်ထားသောပြစ်ဒဏ်ပေးခြင်းကိုခံရမည်။ အကြံအစည်မှရှောင်ဖယ်မသွားသောသူတို့အဖို့ ဆယ်ဖို့တစ်ဖို့ပေးခြင်းအစီအစဉ်သည် ဝန်ထုပ်မဟုတ်ပေ။ အစပထမတီထွင်ခဲ့သောပုဂ္ဂိုလ်သည် ဖျက်သိမ်းခြင်း (သို့မဟုတ်) လျှော့ပါးလိုက်ခြင်းမရှိသောကြောင့် ဟေဗြဲလူမျိုး

တို့အားလိုက်နာဖို့ရန် ပေးသောအမိန့်သည် တည်လျက်ပင်ရှိသည်။ ယခုအချိန်၌ အရှိန်မကုန်သည့်အပြင် သာ၍ပြည့်စုံကျယ်ဝန်းစွာလိုက်နာရမည်ဖြစ်သည်။ ခရစ်တော်မှလာသောကယ်တင်ခြင်းသည် ခရစ်ယာန်ခေတ်၌ သာ၍အလင်းသို့ရောက်ရှိလာမည်။ 3T 391, 392.

## နည်းပါးသောစိတ်အားထက်သန်ကြေး

ကျွန်ုပ်သည် ဆယ်ဖို့တစ်ဖို့ပေးခြင်းစည်းကမ်းကိုပြောဆိုသည်။ သို့သော်လည်း ကျွန်ုပ်၏စိတ်၌တွေ့မြင်ရသည်မှာ အလွန်နည်းပါးလှ၏။ ခန့်မှန်းခြေသေးငယ်လှ၏။ နှိုင်းယှဉ်တိုင်းတာ၍မရသောမေတ္တာစွန့်ခြင်းကို ဂဏန်းသင်္ချာအရေအတွက်၊ အချိန်၊ ငွေနှင့်နှိုင်းယှဉ်တိုင်းတာခြင်းသည် အကျိုးမရှိသောအလုပ်ဖြစ်၏။ ခရစ်တော်အဖို့ဆယ်ဖို့တစ်ဖို့သည် နည်းပါးလှသောစိတ်အားထက်သန်ကြေးဖြစ်နေပြီ။ ဤမျှလောက်အဖိုးတန်သောခရစ်တော်၏အသေခံတော်မူခြင်းကို ရှက်စရာကောင်းသောငွေဖြင့်တုံ့ပြန်ကြသည်။ 4T 119.



## (၁၅) ရိုးသားခြင်းကိုမေးမြန်းစစ်ဆေးခြင်း

ကိုယ့်အကျိုးကိုသာ လုံးဝကြည့်တတ်သောသဘောသည် လူအား ဘုရားသခင်ပိုင်ဆိုင်သောအရာကို ကိုယ်တော်အားပြန်ပေးရန် တားဆီးဟန်ရှိသည်။ ဘုရားသခင်သည် လူနှင့်အတူပဋိညာဉ်တစ်ရပ်ကိုပြုလုပ်တော်မူသည်။ ခရစ်တော်၏နိုင်ငံတော်တိုးတက်ဖို့ရန် သတ်မှတ်ထားသောအပိုင်းကို လူသည် မှန်မှန်သီးသန့်ထားရှိပါက ဘုရားသခင်သည် သူတို့အပေါ်သို့ ကြွယ်ဝစွာသောကောင်းချီးမင်္ဂလာသွန်းလောင်းမည်ဖြစ်၍ ခံယူဖို့ရန်နေရာလုံလောက်မည်မဟုတ်ပေ။ သို့သော်လည်း လူသည်ဘုရားသခင်ပိုင်သောအပိုင်းကိုမပေးဘဲနေပါက သင်တို့သည်ကျိန်ခြင်းကိုခံရပြီဟု ကိုယ်တော်သည်အတိအလင်းမိန့်တော်မူသည်။

ဘုရားသခင်ကိုသာအားကိုးနေရသည်ဟု သိမြင်သောသူတို့သည် လူအချင်းချင်းသစ္စာရှိရမည်ဟုယူဆကြသည်။ ထို့အပြင်အသက်တာ၏ကောင်းချီးမင်္ဂလာအားလုံးကိုသွန်းလောင်းသောဘုရားသခင်ကိုလည်း သစ္စာရှိရမည်။ ဘုရားသခင်ကိုယ်တော်တိုင် ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများအကြောင်း သေချာစွာအမိန့်ပေးထားခြင်းကိုရှောင်ဖယ်ခြင်းသည် ကိုယ်တော်၏

ပစ္စည်းကိုလုယူသည်ဟု ကောင်းကင်စာအုပ်များ၌ မှတ်တမ်းတင်ထားလျက်ရှိသည်။

ဘုရားသခင်နှင့်လည်းကောင်း၊ လူအချင်းချင်းနှင့်လည်းကောင်း ကတိမတည်သောလူသည် အမှန်မကြီးပွားနိုင်ပေ။ အမြင့်ဆုံးသောဘုရားသခင်၊ ကောင်းကင်နှင့်မြေကြီးကိုပိုင်သသောအရှင်အမိန့်တော်ရှိတော်မူသည်မှာ "သင့်အိတ်၌ကြီးသောအလေး၊ ငယ်သောအလေးတည်းဟူသော ခြားနားသောအလေးကိုမရှိစေရ။ သင့်အိမ်၌ခြားနားသောခြင်စရာအကြီးအငယ်ကိုမရှိစေရ။ သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်၌ သင်၏အသက်တာရှည်မည့်အကြောင်း မှန်ကန်သောအလေး၊ မှန်ကန်သောခြင်စရာတန်ဆာများကိုသာသုံးရမည်။ အထက်ဆိုခဲ့ပြီးသောအမှုကိုပြုသောသူအပေါင်းတို့နှင့် မတရားသဖြင့်ပြုသောသူအပေါင်းတို့ကို သင်၏ဘုရားသခင်ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ၏။ ပုရောဖက်မိက္ခာအားဖြင့် ဘုရားသခင်သည် မရိုးဖြောင့်ခြင်းကို စက်ဆုပ်ရွံရှာကြောင်း ထပ်၍မိန့်တော်မူသည်မှာ မတရားသောသူတို့၏အိမ်၌ မတရားသဖြင့်ဆည်းပူးသောဥစ္စာနှင့်ရွံရှာဖွယ်သောတင်းတောင်းငယ်ရှိသေးသလော။ မတရားသောချိန်ခွင်နှင့်စဉ်းလဲသောအလေးအိတ်ရှိသောမြို့ကို သန့်ရှင်းသောမြို့ဟူ၍ ငါမှတ်ရမည်လော။ သို့ဖြစ်၍



သင်တို့၏အပြစ်ကြောင့် သင့်ကိုငါသုတ်သင်ပယ်ရှင်းခြင်းအလို့ငှာနာကျင်စွာဒဏ်ခတ်မည်။" R & H, Dec. 17, 1889.

## အသိစိတ်၏ငြိမ်သက်ခြင်းကိုအဆုံးခံခြင်း

ကျွန်ုပ်တို့သည် ညီအစ်ကိုအချင်းချင်းနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း မတရားပြုလုပ်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏အာဏာကို မထီမဲ့မြင်ပြုကြ၍ ခရစ်တော်သည် အကျွန်ုပ်တို့ကို မိမိ၏အသွေးတော်ဖြင့်ဝယ်ယူခဲ့သည်ကိုလျစ်လျူရှုကြသည်။ ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းတို့သည် ဘုရားသခင်ကိုလုယက်ကြပြီ။ ဘုရားသခင်သည် သူတို့ကိုကြွယ်ဝချမ်းသာခြင်းထပ်ဆင့်ပေးသော်လည်း သူတို့သည် ပို၍သူတို့၏ပစ္စည်းမှန်ဖြစ်ကြောင်း ထင်မှတ်ကြ၍ သူတို့သဘောရှိသုံးစွဲလိုကြသည်။ သို့သော်လည်း မိမိတို့ကိုယ်ကို ခရစ်တော်၏နောက်လိုက်များဟုခေါ်ဆိုသောသူတို့သည် လောက၏ထုံးစံဓလေ့များကိုလိုက်ကြမည်လော။ ကျွန်ုပ်တို့သည် ကိုယ်တော်ပိုင်သည်ဟု မိန့်တော်မူသောအပိုင်းကို ကိုယ်တော်၏အမှုတော်အတွက်ပေးဆပ်ဖို့ရန် ပျက်ကွက်သောကြောင့် ကျွန်ုပ်တို့၏အသိစိတ်ငြိမ်သက်ခြင်း၊ ဘုရားသခင်နှင့်အတူဆက်ဆံခြင်း၊

ညီအစ်ကိုအချင်းချင်းပေါင်းသင်းခြင်းများကို အဆုံးခံကြမည်လော။

ခရစ်ယာန်ဖြစ်သည်ဟုပြောဆိုသောသူများသည် သူတို့၌ ဘုရားသခင်ယုံကြည်၍ အပ်နှံထားသောငွေများဖြင့် ကူးသန်းရောင်းဝယ်ခြင်းပြုလုပ်နေကြသည်ကို စိတ်နှလုံးသွင်းကြစေ။ ယင်းအလုပ်ကို မည်ကဲ့သို့လုပ်ကိုင်ရမည့်အကြောင်း သမ္မာကျမ်းစာကညွှန်ပြသောအချက်များကို သစ္စာရှိစွာလိုက်လျှောက်ရန်လိုအပ်သည်။ သင်သည် ဘုရားသခင်၏ပစ္စည်းဥစ္စာများကို အလွဲသုံးစားမလုပ်၊ သင်၏ကိုယ်ကျိုးအတွက် သင်၏ကူးသန်းရောင်းဝယ်ခြင်း၌ ရင်းနှီးထားလိမ့်မည်မဟုတ်။

ညီအစ်ကိုမောင်နှမတို့၊ ဘုရားသခင်သည် သင်တို့အား ကြေးငွေဖြင့်ကောင်းချီးပေးထားပါက ထိုအရာများကို ကိုယ်ပိုင်ပစ္စည်းအဖြစ် မသိမ်းမယူရ။ ဘုရားသခင်ယုံကြည်အပ်နှံထားသောသင်၏ပစ္စည်းများအနေဖြင့် သဘောထားပါ။ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေပေးခြင်း၌ သစ္စာရှိပါ။ သင်သည် ခံဝန်ကတိပေးသောအခါ ကတိအတိုင်းလျင်မြန်စွာပေးကမ်းဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ ဘုရားသခင်အားပေးဖို့ရန် ကတိထားပြီးမှ သင့်အတွက်အသုံးမပြုပါနှင့်။ သို့ပြုလုပ်ပါက သင်၏ဆုတောင်းခြင်းများသည် ဘုရားသခင်ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ရာများဖြစ်လာလိမ့်မည်။ အတိအလင်းဖော်ပြထားသောတာဝန်ဝတ္တရားများကို ပျက်ကွက်သောကြောင့် အသင်းတော်အပေါ်သို့ မှောင်မိုက်ကျရောက်လျက်ရှိသည်။ R & H, Dec. 17, 1889.



## ဘုရားသခင်နှင့်ဆိုင်သောအရာများကို ဖျက်ဆီးလုယက်ခြင်းထက်ဆိုး၏

သမ္မာကျမ်းစာအတိုင်း ဘုရားသခင်ပိုင်ဆိုင်သည်ဟု သီးသန့်ထားသောအရာသည် ဧဝံဂေလိတရားအတွက် သုံးငွေဖြစ်လာသောကြောင့် ကျွန်ုပ်တို့နှင့်မဆိုင်မပိုင်ပေ။ လောကနှင့်ဆိုင်သောကူးသန်းရောင်းဝယ်ရေးအတွက် လူတစ်ယောက်သည် ဘုရားသခင်၏ငွေတိုက်မှငွေကိုယူ၍ မိမိအဖို့ (သို့မဟုတ်) အခြားသူများအဖို့အသုံးပြုပါက ဘုရားသခင်နှင့်ဆိုင်သောအရာများကို ဖျက်ဆီးလုယက်ခြင်းထက်ဆိုးသည်။ ယဇ်ပလ္လင်ပေါ်၌ ဘုရားသခင်အားအထူးပေးအပ်ထားသောအရာများကို အခြားသောနေရာသို့ရောက်သွားစေသောကြောင့် အပြစ်သို့ရောက်သွားသောသူအချို့ရှိကြသည်။ အားလုံးတို့သည် ဤအချက်ကိုမှန်သောအလင်းမှကြည့်ရှုရမည်။ ဘုရားသခင်၏အမှုတော်နှင့်စပ်ဆိုင်၍

ပေးကမ်းထားသောငွေများကို အကျဉ်းအကျပ်နှင့်တွေ့ကြုံရသောအခါ မိမိကိုယ်ကျိုးအဖို့အသုံးပြုခြင်း၊ ၎င်းနောက် အဆင်သင့်အခွင့်သာသောနေ့၌ ပြန်၍ပေးအပ်မည်ဟုသဘောမသက်ရောက်စေပါနှင့်။ ဝင်ငွေနှင့်ထွက်ငွေညီမျှပါစေ။ လောကအတွက် ဘုရားသခင်၏ငွေကိုသုံးစွဲသည်ထက် အလိုဆန္ဒကိုချုပ်တည်း၍ ဝင်ငွေနှင့်ကိုက်အောင်နေထိုင်ပါက ပို၍ကောင်းသည်။ 9T 246, 247.

–o–

# (၁၆) အချိန်မှန်၍စနစ်ကျခြင်း

ဆုကျေးဇူးများအကြောင်းနှင့်စပ်ဆိုင်၍ သန့်ရှင်းသောဝိညာဉ်တော်သည် တမန်တော်ပေါလုမှတစ်ဆင့် ညွှန်ကြားချက်ပေးရာ၌ ကျင့်ဝတ်တစ်ခုဖြစ်သောဆယ်ဖို့တစ်ဖို့ပေးခြင်းအကြောင်းကိုဖော်ပြသည်။ “ငါရောက်လာသောအခါ စွန့်ကြဲပေးကမ်း၍ စုထားစရာမရှိစေခြင်းငှာ၊ ခုနစ်ရက်တွင် ပထမနေ့ရက်၌ အသီးအသီးကောင်းစားသည်အတိုင်း မိမိတို့ဥစ္စာတစ်ဖို့ကိုထုတ်၍ စုထားကြလော့။” ဤနေရာ၌ မိဘနှင့်ကလေးများလည်းပါဝင်သည်။ သူဌေးများကိုသာမက ဆင်းရဲသောသူများကိုလည်းပြောဆိုသည်။ “လူတိုင်းကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ မလှူဘဲမနေရဟုစိတ်ထင်နှင့်မလှူရ။ စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။” ကျွန်ုပ်တို့အပေါ်၌ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကိုအောက်မေ့၍ လက်ဆောင်ပဏ္ဏာများကိုပေးရမည်။

ဆယ်ဖို့တစ်ဖို့ကိုသီးသန့်ထား၍ အလှူငွေများကိုဆက်ကပ်နိုင်ရန် မည်သည့်အသင့်လျော်ဆုံးအချိန်ကိုရွေးချယ်ရမည်နည်း။ ဥပုသ်နေ့၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကောင်းမွန်ခြင်းကိုစဉ်းစားကြသည်။ ကိုယ်တော်၏ကယ်တင်တော်မူခြင်းတန်ခိုး

သာဓကကို ဖန်ဆင်းတော်မူခြင်းအလုပ်၌ ကျွန်ုပ်တို့တွေ့မြင်ရသည်။ ကိုယ်တော်၏ကြီးမားသောမေတ္တာအတွက် ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကျေးဇူးတင်သောသဘောဖြင့် ပြည့်ဝနေသည်။ ရက်သတ္တပတ်၏အလုပ်အကိုင်အစမပြုမီ ကျွန်ုပ်တို့သည် ကိုယ်တော်အား ကိုယ်တော်ပိုင်သောအရာကိုအပ်နှံကြသည်။ ကျေးဇူးတင်သောသဘောနှင့်အတူ အလှူငွေကိုပေးကြသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့၏အလေ့အထသည် အပတ်စဉ်တရားဟောချက်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ပစ္စည်းအားလုံးကို ပိုင်ဆိုင်သောအရှင်ဖြစ်သည်။ ကိုယ်တော်၏ဘုန်းတော်ထောက်၍အသုံးပြုရန် ကျွန်ုပ်တို့အား ဘဏ္ဍာစိုးအရာ၌ခန့်ထားတော်မူသည်။ ဘုရားသခင်၌ ကျွန်ုပ်တို့တာဝန်ရှိသည်ဟူသောအချက်ကို အသိအမှတ်ပြုခြင်းသည် တာဝန်ရှိခြင်း၏သိမြင်ခြင်းကိုခိုင်ခံ့စေသည်။ ပေးကမ်းသောအခါ ကျေးဇူးတင်ခြင်းသည် ပိုမိုလာ၍ ရရှိသောပျော်ရွှင်ခြင်းသည် ဝိညာဉ်ကိုယ်ကာယအဖို့အသက်ဖြစ်သည်။ R & H, Feb. 4, 1902.

## ပထမဆယ်ဖို့တစ်ဖို့–ထိုနောက်အလှူငွေများ

ပေးကမ်းခြင်းအကြောင်းနှင့်စပ်ဆိုင်၍ ပြောဆိုရသော် စိတ်ဓာတ်ကိုက်တွန်းသောကြောင့်ဖြစ်သည်ဟုမပြောဆိုနိုင်ပေ။



ဤအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်သည် တိကျသောသွန်သင်ချက်ကိုပေးထားသည်။ ကျွန်ုပ်တို့၏တာဝန်အရ ပေးကမ်းဖို့ရန် သတ်မှတ်ထားသောဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများအတိုင်းအတာရှိသည်။ ဤဝတ္တရားများကို ကျွန်ုပ်တို့သည် မှန်မှန်နှင့်စည်းကမ်းတကျပေးကမ်းဖို့ရန် ကိုယ်တော်အလိုရှိသည်။ လူတိုင်းလူတိုင်းရရှိသောဝင်ငွေကို မှန်မှန်စစ်ဆေးပါ။ ဤဝင်ငွေသည် ဘုရားသခင်အထံတော်မှကောင်းချီးမင်္ဂလာဖြစ်သည်။ ထိုဝင်ငွေမှ ဆယ်ဖို့တစ်ဖို့ကိုနုတ်၍ ဘုရားသခင်ပိုင်ငွေအဖြစ် သီးသန့်ထားပါ။ ဤငွေကို အခြားကိစ္စအတွက်မသုံးရ။ ဧဝံဂေလိတရားတော်ဆောင်ရွက်ဖို့အတွက်သာသုံးရမည်။ ဆယ်ဖို့တစ်ဖို့ကို သီးသန့်ထားပြီးနောက် ဘုရားသခင်က သင့်ကိုတိုးပွားစေသည်အတိုင်း လက်ဆောင်ပဏ္ဏာနှင့်အလှူငွေများကို ခွဲခြမ်းထားရမည်။ R & H, May 9, 1893.

## ဘုရားသခင်တောင်းဆိုခြင်းကိုဦးစွာပေးခြင်း

ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ကိုသာလျှင် မိမိပိုင်ဖြစ်သည်ဟု တောင်းဆိုတော်မူသည်မဟုတ်။ ကိုယ်တော်အဖို့မည်ကဲ့သို့သီးသန့်ထားရှိရမည့်အကြောင်းကိုလည်း မိန့်တော်မူ

သည်။ "သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအားပေးလော့" ဟုထာဝရဘုရားမိန့်တော်မူ၏။ သစ္စာနှင့်ပေးသောဆယ်ဖို့တစ်ဖို့ပင်ဖြစ်လင့်ကစား၊ ကျွန်ုပ်တို့သည် မိမိပိုင်ကြေးငွေကို ကိုယ်အဖို့သုံးစွဲ၍ ကျန်သောကြေးငွေကိုသာ ဘုရားသခင်အထံတော်သို့ယူဆောင်ရမည်ဟု မသွန်သင်ပေ။ ဘုရားသခင်၏အပိုင်းကို ရှေးဦးပထမသီးသန့်ထားကြစို့။ R & H, Feb. 4, 1902.

ကျွန်ုပ်တို့အလိုရှိသောအရာများကိုဝယ်ယူ၍ စိတ်ကျေနပ်ခြင်းရှိပြီးမှ ကျန်သောကြေးငွေကိုဘုရားသခင်ထံ၌ ပေးအပ်ခြင်းမပြုရ။ ဝင်ငွေမှတစ်ပြားတစ်ချပ်မျှမသုံးစွဲမီ ကိုယ်တော်ပိုင်သောငွေကို ကိုယ်တော်အဖို့သီးသန့်ထားရမည်။

အများသောသူတို့သည် အဖိုးမတန်သောအရာများအတွက် သုံးဖြုန်း၍ ဘုရားသခင်အဖို့အကြွင်းအကျန်များသာချန်ထားကြသည်။ သို့မဟုတ်ပါက ကိုယ်တော်၏အမှုတော်ဆောင်ရွက်ဖို့ရန် အခွင့်သာသောအချိန်အခါရောက်သည်တိုင်အောင် စောင့်ရပေမည်။ R & H, May 16, 1882.

–ဝ–

## (၁၇) မာလခိ၏သတင်းစကား

မာလခိအနာဂတ္တိကျမ်း ၃း၈ ၌ ဘုရားသခင်၏ဆုံးမစကား၊ သတိပေးခြင်းစကားနှင့်ကတိတော်ကို ပြတ်ပြတ်သားသား မိန့်တော်မူသည်။ "လူသည် ဘုရားသခင်၏ဥစ္စာတော်ကို လုယူရမည်လော။ သို့သော်လည်း သင်တို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများ၌ဖြစ်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်တို့သည် ကျိန်ခြင်းဆိုးကျိုးကိုခံရကြ၏။ အကြောင်းမူကား ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။"

ကောင်းကင်ဘုံရှင်သည် မိမိကိုယ်တိုင်ရက်ရောစွာပေးကမ်းထားသောသူတို့အား မိမိကိုစုံစမ်းရန်ဆင့်ဆိုလိုက်သည်မှာ "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌စားစရာရှိစေခြင်းငှာ ပြုကြလော့။ ငါသည် မိုးကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းချီးမင်္ဂလာကို အကုန်အစဉ်သွန်းလောင်းမည်မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။"

ဤသတင်းစကား၌ မူရင်းသဘောတရားအနည်းငယ်မျှ ယုတ်လျော့ခြင်းမရှိသေးပေ။ ဘုရားသခင်၏ဆုကျေးဇူးများသည် လတ်ဆတ်၍ ဆက်လက်တည်ရှိနေသကဲ့သို့ ဤသတင်းစကား၏ အရေးကြီးခြင်းသည် လတ်ဆတ်လျက်ရှိသည်။ ဘုရားသခင်၏ ပုရောဖက်များထံမှလာသော ဤသတင်းစကား၏ဖော်ပြချက် အတိုင်း ကျွန်ုပ်တို့လုပ်ကိုင်ရမည့်တာဝန်ဝတ္တရားကိုနားလည်ဖို့ရန် ခက်ခဲခြင်းမရှိပေ။ မှောင်မိုက်နှင့်နားမထောင်ခြင်း၌ စမ်းတဝါးဝါး နှင့်လျှောက်သွားရန် ကျွန်ုပ်တို့ကိုပစ်မထားပေ။ ဘုရားသခင်၏ ရှေ့တော်မှောက်၌ မှန်ကန်လိုသောသူတို့အဖို့ သမ္မာတရားကို ထင်ရှားစွာပြောဆိုထား၍ ဤလူတိုင်းနားလည်နိုင်ကြသည်။ ကျွန်ုပ်တို့၏ဝင်ငွေအားလုံးမှ ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်ပိုင် သည်။ ကိုယ်တော်၏လက်တော်သည် ကိုယ်တော်သတ်မှတ် ထားသောအပိုင်းအပေါ်၌ရှိ၍ ထိုအပိုင်းကို ကိုယ်တော်အား ပေးအပ်ရမည်။ သင်တို့သည် ဆယ်ဖို့တစ်ဖို့ပေးပြီးမှ ငါသည် သင်တို့အား ကြွယ်ဝစွာပေးသောပစ္စည်းများကိုသုံးဆောင်ရန် သင်တို့ကိုအခွင့်ပေးပြီ။ ငါ့ရှေ့သို့လက်ဆောင်ပဏ္ဏာနှင့်အလှူငွေ များဖြင့်လာကြပြီ။

ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့သွင်းရန် ဘုရားသခင် သည် မိမိ၏ဆယ်ဖို့တစ်ဖို့တောင်းတော်မူသည်။ ကိုယ်တော် ပိုင်ဆိုင်သောဤအပိုင်းကို မှန်ကန်ခြင်း၊ ရိုးသားခြင်းနှင့် သစ္စာ ရှိစွာပြန်ပေးကြစို့။ ဤဆယ်ဖို့တစ်ဖို့အပြင် ကိုယ်တော်သည် သင်၏လက်ဆောင်ပဏ္ဏာများနှင့်အလှူငွေများကိုလည်း တောင်း သည်။ မည်သူတစ်ဦးတစ်ယောက်ထံမှ သူတို့၏ဆယ်ဖို့တစ်ဖို့ (သို့မဟုတ်) လက်ဆောင်ပဏ္ဏာများနှင့်အလှူငွေများကိုပေးရ မည်ဟု အတင်းအကျပ်မတောင်းဆိုပေ။ သို့သော်လည်း ဘုရား သခင်၏စကားတော်ကို ကျွန်ုပ်တို့အား ဧကန်အမှန်ပေးသကဲ့သို့ လူတိုင်းတို့၏လက်မှ ကိုယ်တော်ပိုင်သောအပိုင်းကို ဧကန် အမှန်အလိုရှိတော်မူ၏။ လူတို့သည် ဘုရားသခင်ပိုင်သောအရာ ကိုပြန်ပေးရန် သစ္စာမတည်။ ကိုယ်တော်သည် ဘဏ္ဍာစိုးတို့အား စေခိုင်းထားသည်အတိုင်း မလိုက်နာပါက ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာများကို ဆက်လက်ရရှိတော့မည်မဟုတ်ပေ။

ကိုယ်တော်သည် လူတိုင်းတို့ကိုလုပ်ကိုင်ဖို့ရန် အလုပ် ပေးထားသည်။ ကိုယ်တော်၏ကျွန်များသည် ကိုယ်တော်နှင့်အစု စပ်ပါဝင်၍ လုပ်ကိုင်ရမည်။ သူတို့အားရွေးချယ်ခွင့်ပေးပါက လူတို့သည် မိမိတို့ကိုယ်ကို သူတို့၏ဖန်ဆင်းရှင်နှင့်ဆက်သွယ်ရန် ငြင်းပယ်ကောင်းငြင်းပယ်ကြ၍ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ဖို့ရန်လည်း ငြင်းပယ်မည်။ ကိုယ်တော်ကိုယုံကြည်၍ အပ်နှံထားသော ကိုယ်တော်ပိုင်ပစ္စည်းများနှင့်ကုန်ကူးမည်။

သူတို့သည် ကိုယ်ကိုငြင်းပယ်ခြင်း၊ ခြိုးခြံချွေတာခြင်းကိုမပြု၊ ကိုယ်တော်က သူတို့ကိုအပ်ထားသောပစ္စည်းမှပြန်အပ်ပေးရန် မေ့လျော့နေကြမည်။ ဤကဲ့သို့သောသူများသည် သစ္စာမရှိသော ဘဏ္ဍာစိုးများဖြစ်ကြသည်။

သစ္စာရှိသောဘဏ္ဍာစိုးတစ်ယောက်သည် ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်ရာ၌ တတ်နိုင်သမျှကြိုးစားဆောင်ရွက် လိမ့်မည်။ သူ့ရှေ့၌ရှိသည့် တစ်ခုတည်းသောအရာသည် ကမ္ဘာကြီး၌ကြီးသောလိုအပ်နေခြင်းဖြစ်သည်။ သူ၏အိမ်အနီး အနားတွင်မက ဝေးသောအရပ်ဒေသများ၌လည်း မှန်သော သမ္မာတရားသတင်းကိုကြားပြောရမည်ကို သူသည်သတိပြုနေ လိမ့်မည်။ လူတို့သည် ဤကဲ့သို့သောစိတ်ဓာတ်မျိုးကို မွေးမြူ ပါက သမ္မာတရားကိုချစ်ခြင်း၊ သမ္မာတရားမှရရှိသောသန့်ရှင်း ခြင်းသည် ရိုးသားခြင်းမရှိသောလောဘကြီးခြင်း၊ လှည့်စားခြင်း အစရှိသည်တို့ကိုဖယ်ရှားပစ်လိမ့်မည်။ R & H, Supplement, Dec. 1, 1896.

## ရဲဝံ့စွာငြင်းပယ်ခြင်း

"ကျွန်ုပ်တို့သည် ဆယ်ဖို့တစ်ဖို့ပေးဖို့ရန်မလိုဟု သင် ကြွေးကြော်လျက်ရှိကြောင်း ကျွန်ုပ်ကြားသိရသည်။ ကျွန်ုပ်၏



ညီအစ်ကို၊ ဘုရားသခင်သန့်ရှင်းနေသောအရာကို ညစ်ညူးအောင် မပြုပါနှင့်။ ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ပေးခြင်းအကြောင်း နှင့်ပတ်သက်၍ ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့ သွင်း၍ 'ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှာပြုကြလော့' ဟု ကိုယ်တော်မိန့်တော်မူသည်။"

"များမကြာမီအချိန်က ကျွန်ုပ်သည် ဤအကြောင်းနှင့် စပ်ဆိုင်၍ ဘုရားသခင်ထံမှတိုက်ရိုက်အလင်းရရှိခဲ့သည်။ ကျွန်ုပ်အားအတိအလင်းဖော်ပြခဲ့၍ မာလခိသည်လည်း အဖြစ် အပျက်ကိုရှိရင်းအတိုင်းပြောဆိုခဲ့သည်။ သို့ဖြစ်၍ မည်သူသည် မိမိ၏စိတ်နှလုံးထဲ၌ထင်မြင်သည်အတိုင်း ဘုရားသခင်အား ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများမပေးရဟုပြောဝံ့သနည်း။ ကျွန်ုပ်၏ ညီအစ်ကို၊ သင်သည်လမ်းမှန်ဘေးသို့ခြေချော်သွားနေပြီ။ သင်၏ ခြေသည် ရှိရင်းလမ်းမှန်သို့ပြန်ရောက်ရန် ကြိုးစားပါ။ TM 60.

## ဘုရားသခင်ကိုလုယက်ခြင်း

သင်၏နာမသည် အသင်းတော်စာရင်းစာအုပ်၌ပါရှိရုံ မျှဖြင့် သင်သည် ခရစ်ယာန်တစ်ယောက်ဖြစ်မလာနိုင်။ ယဇ် ပူဇော်ရာသို့ သင်၏လက်ဆောင်ပဏ္ဏာများကိုယူဆောင်လာရမည်။

သင့်အားဖြင့် ကိုယ်တော်၏လုပသောသမ္မာတရားကိုပြသရန် သင်သည် ကိုယ်တော်နှင့်အစွမ်းကုန်ပူးပေါင်းခြင်းရှိရမည်။ ကယ်တင်သခင်အား မည်သည့်အရာကိုမျှမပေးဘဲမထားပါနှင့်။ အားလုံးသောအရာတို့ကို ကိုယ်တော်ပိုင်သည်။ ကိုယ်တော်သည် သင့်အား ပထမဦးဆုံးမပေးကမ်းခဲ့ပါက သင်၌ပေးစရာရှိမည် မဟုတ်ပေ။

ကိုယ့်အကျိုးကိုသာကြည့်တတ်သောသဘောသည် ဝင်ရောက်လာခဲ့ရာ ဘုရားသခင်ပိုင်ဆိုင်သောအရာကို ကိုယ့်အဖို့သာသုံးစွဲခဲ့သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် တပ်မက်မောခြင်းဖြစ်၍ မမှန်သောဘုရားသခင်ကိုကိုးကွယ်ခြင်းဖြစ်သည်။ လူသည် ဘုရားသခင်က သူ့အားငှားရမ်းထားသောပစ္စည်းကို မိမိကိုယ်ပိုင်ပစ္စည်းအဖြစ် ထင်သလိုသုံးနိုင်ရန် လက်ဝါးကြီးအုပ်ထားကြသည်။ ဥစ္စာပစ္စည်းများကိုစုဆောင်းသိမ်းယူခြင်း၌ ဆန္ဒပြည့်ဝလာသောအခါ သူတို့၏ဥစ္စာပစ္စည်းသည် သူတို့ကို ဘုရားသခင်ရှေ့တော်၌ အဖိုးတန်လူတစ်ယောက်အဖြစ်သို့ ရောက်စေလိမ့်မည်ဟုထင်ကြသည်။ ဤကဲ့သို့ထင်မြင်ခြင်းသည် ထောင်ချောက်ပင်ဖြစ်၍ စာတန်၏လှည့်ဖြားခြင်းသာဖြစ်သည့် ပြင်ပတန်ဆာဆင်ခြင်းများနှင့် ဝင့်ကြွားခြင်းသည် မည်သည့် အကျိုးကိုပြုစုသနည်း။ မာနထောင်လွှားခြင်းနှင့် ကိုယ့်အလိုကို



လိုက်စားတတ်ခြင်းသည် လူအပေါင်းတို့အား မည်သည့်အကျိုးကိုပေးသနည်း။ လူသည် စကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိ၏အသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။ လောကဘဏ္ဍာသည် ခဏမျှသာတည်၏။ ခရစ်တော်၌သာလျှင် ကျွန်ုပ်တို့သည် ထာဝစဉ်ကြွယ်ဝခြင်းကိုရနိုင်သည်။ ကိုယ်တော်ကပေးကမ်းသောဥစ္စာစည်းစိမ်သည် အရာခပ်သိမ်းသောနှိုင်းချိန်ခြင်းနှင့်ကင်းလွတ်သည်။ ဘုရားသခင်ကိုတွေ့ပြီးနောက် ကိုယ်တော်၏ဘဏ္ဍာကိုအာရုံပြုခြင်း၌ သင်သည် အလွန်ကြွယ်ဝခြင်းသို့ရောက်၏။ ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလို့ငှာ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူ့မျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး။

ကျွန်ုပ်သည် ဘုရားသခင်ပေးသောအစွမ်းသတ္တိများဖြင့် အဘယ်အရာလုပ်ကိုင်နေသည်ဟု သင့်ကိုယ်ကိုမေးမြန်းပါ။ ဤစကားများသည် သင်နှင့်သက်ဆိုင်ရန် သင်သည်ရှိသင့်သောနေရာ၌ရှိသလား။ "သင်တို့သည် ကျိန်ဆဲခြင်းကိုခံရကြ၏။ အကြောင်းမူကား ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကို လုယူကြပြီ။"

ကျွန်ုပ်တို့သည် အရေးကြီးသောအခွင့်ထူးများနှင့် သန့်ရှင်းစွာအပ်နှံထားခြင်းခံရသောအချိန်၌နေထိုင်ကြ၍ ဤအချိန်၌

ကျွန်ုပ်တို့၏မွန်မြတ်သောအနာဂတ်ကာလကိုဆုံးဖြတ်မည်ဖြစ်ရာ အသက်ရှင်ခြင်း (သို့မဟုတ်) သေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ သိမြင်တတ်သောဉာဏ်ကို အချည်းနှီးမဖြစ်ပါစေနှင့်။ ဘုရားသခင်၏သားသမီးများဖြစ်သည်ဟု ပြောဆိုသောသင်တို့သည် သင်တို့၏ဆယ်ဖို့တစ်ဖို့ကို ကိုယ်တော်၏ငွေတိုက်သို့ယူဆောင်လာကြလော့။ ဘုရားသခင်သည် သင်တို့ကိုကောင်းစားစေသည်အတိုင်း သင်တို့၏အလှူငွေသည် စိတ်အပြည့်အဝနှင့်ရက်ရောသောစွန့်ကြဲပေးကမ်းခြင်းဖြစ်ပါစေ။ သင်သည် ကိုယ်တော်အဖို့ကြိုးစားအားထုတ်အတိုးအပွားဖြစ်စေရန် ဘုရားသခင်သည် သင့်ကိုအစွမ်းသတ္တိများပေးထားသည်ကိုသတိရပါ။ သစ္စာရှိသောကျွန်သည် မိမိကိုယ်ကိုမချီးမွမ်းတတ်ကြောင်းသတိပြုပါ။ ချီးမွမ်းခြင်းနှင့်တန်ခိုးအားလုံးကို ဘုရားသခင်အားပေးသည်။ ရှေးဦးစွာရင်းနှီးထားခြင်းမရှိပါက အမြတ်အစွန်းကိုမရရှိနိုင်ပေ။ မတည်ငွေမရှိပါက အတိုးလည်းရှိမည်မဟုတ်။ ငွေရင်းကို ဘုရားသခင်ထုတ်ပေးတော်မူသည်။ ကုန်ကူးသန်းရောင်းဝယ်ခြင်း၌ အောင်မြင်ခြင်းသည် ကိုယ်တော်ထံမှလာ၍ ကိုယ်တော်ကိုသာလျှင်ဂုဏ်ပြုရမည်။

သမ္မာတရားကိုသိသောသူတို့သည် သမ္မာတရား၏သွန်သင်ချက်ကိုနားထောင်ဖို့ရန်လိုသည်။ ထာဝရကာလကမ္ဘာ၏



ရင်ပြင်ပေါ်၌ရပ်နေသောသူတို့သည် အဘယ်ကြောင့်မျက်စိရွဲ့စောင်းနေကြသနည်း။ အမှန်ပြောဆိုရလျှင် သတ္တမနေ့ဥပုသ်အသင်းသားများတို့၌ ကြေးငွေရှားပါးခြင်းရှိကြသည်မဟုတ်။ သို့သော်လည်း များစွာသောသတ္တမနေ့မြော်လင့်ခြင်းအသင်းသားများသည် အသက်ဝိညာဉ်များကိုကယ်တင်ခြင်းလုပ်ငန်း၌ ဘုရားသခင်နှင့်လည်းကောင်း၊ ခရစ်တော်နှင့်လည်းကောင်း အတူပေါင်းစပ်၍ လုပ်ကိုင်ရမည့်တာဝန်ဝတ္တရားသည် သူတို့အပေါ်၌ရှိနေကြောင်းကို မသိမမြင်ဘဲနေကြသည်။ ဘုရားသခင်သည် အပြစ်သားတို့အပေါ်၌ အလွန်ကြီးမားသောစိတ်ဝင်စားခြင်းရှိသည့်အကြောင်းကို သူတို့သည် လောကကြီးအား မပြသဘဲနေကြသည်။ သူတို့ကိုပေးထားသောအခွင့်အရေးများကိုအသုံးမပြုကြ။ ကိုယ့်အကျိုးကိုသာကြည့်ရှုတတ်သောရောဂါဆိုးသည် အသင်းတော်၌ဆိုက်ကပ်လျက်ရှိသည်။ အသင်းတော်သည် ဤကြောက်မက်ဖွယ်ရာကောင်းသောရောဂါဆိုးမှပျောက်ကင်းလိုပါက သခင်ခရစ်တော်သည် အနာရောဂါကိုပျောက်ကင်းစေတော်မူလိမ့်မည်။ ဆေးဝါးကို ဟေရှာယကျမ်းအခန်းကြီး ၅၈ ၌တွေ့နိုင်သည်။ R & H, Dec. 10, 1901.

## ဘေးမကင်းသောအကြောင်းအရာတစ်ခု

ဘုရားသခင်ပိုင်ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းသည် အလွန်ဘေးမကင်းသောအလုပ်ဖြစ်၏။ ဘုရားသခင်ကိုလုယက်ခြင်းဖြစ်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် အသိတရားသည် မှောက်မှား၍ စိတ်နှလုံးသည် ခိုင်မာလာသည်။ ဝိညာဉ်ရေး ဗဟုသုတသည် ခြောက်သွေ့ခဲ့သည်။ နားလည်ခြင်း၌ မကွဲပြား မရှင်းလင်းဖြစ်နေသည်။ ဘုရားသခင်ကိုမှန်ကန်၊ ကိုယ်ကျိုးမရှိသောချစ်ခြင်းမျိုးဖြင့် မချစ်သည့်အပြင် ကိုယ်နှင့်စပ်ဆိုင်သောသူကိုလည်း ကိုယ်နှင့်အမျှချစ်ခြင်းမရှိ။

သူတို့သည် ကိုယ်ကျိုးရှာတတ်သောနောက်သို့မလိုက်ဘဲ ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို လုယူခြင်းမပြုခဲ့လျှင် မည်ကဲ့သို့အကောင်းဖြစ်နိုင်သည့်အခြင်းအရာကို နောက်ဆုံးသောနေ့ကြီးသည် သူတို့နှင့်လောကကြီးတစ်ခုလုံးကို ဖော်ပြလိမ့်မည်။ သူတို့သည် သူတို့၏ဘဏ္ဍာများကို ကောင်းကင်ဘုံဘဏ်တိုက်၌ထားနိုင်ကြသည်။ ဆွေးမြေ့မသွားနိုင်သောအိတ်များထဲ၌ထည့်ထားနိုင်သည်။ သူတို့သည် ဤကဲ့သို့ပြုလုပ်မည့်အစား သူတို့နှင့်သူတို့၏သားသမီးအတွက်သုံးဖြုန်းကြသည်။ ဘုရားသခင်သည် သူတို့၏ကြေးငွေကိုသိမ်းယူ၍



သူတို့၌ထာဝစဉ်ဆုံးရှုံးခြင်းနှင့်တွေ့ကြုံရမည်ကို ကြောက်ရွံ့ကြသည်။ ဘုရားသခင်ကိုမပေးကမ်းသောကြောင့် ခံစားရမည့်အကျိုးအပြစ်ကို သူတို့စဉ်းစားနိုင်သည်။ ပျင်းရိသောကျွန်သည် သခင်၏ငွေကိုထုတ်၍ မပွားများစေသောကြောင့် ဘုန်းတော်နိုင်ငံ၌ခံစားရမည့်အမွေအနှစ်ကို ထာဝစဉ်ဆုံးရှုံးသွားခဲ့လေသည်။ R & H, Jan. 22, 1895.

ဘုရားသခင်ကိုလိမ်လည်ခြင်းသည် လူအဖို့အကြီးဆုံးသောပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။ သို့သော်လည်း ဤအပြစ်သည် နက်ရှိုင်း၍ အနံ့အပြားဖြစ်နေသည်။ R & H, Oct. 13, 1896.

## ကြေးငွေတိုင်းစာရင်းသွင်းမှတ်ထားခြင်း

ဘုရားသခင်ပိုင်ဆိုင်သောအရာကို မပေးဘဲနေမည်လား။ ဘုရားသခင်ပိုင်ဆိုင်သောငွေကို ငွေတိုက်သို့မရောက်ရန် သင်ရှောင်ဖယ်လိုက်မည်လား။ ဤကဲ့သို့ပြုလုပ်ပါက သင်သည် ဘုရားသခင်၏ပစ္စည်းကိုလုယူနေသည်။ ကောင်းကင်ဘုံရှိစာအုပ်တွင် တစ်ဖက်၌အကြွေးစာရင်းတွင်ရေးမှတ်ထားသည်။ R & H, Dec. 23, 1890.

## အချို့တို့အားကောင်းချီးမင်္ဂလာကိုအဘယ်ကြောင့် မပေးဘဲထားသနည်း

ညီအစ်ကိုမောင်နှမများတို့၊ ဘုရားသခင်၏အထံတော်သို့ ဆယ်ဖို့တစ်ဖို့နှင့်ရက်ရောမှုပါသောကျေးဇူးတင်ခြင်းအလှူငွေကို ဆောလျင်စွာယူဆောင်လာကြလော့။ မိမိတို့၏လက်ထဲတွင် ဆုပ်ကိုင်ထားသောဆယ်ဖို့တစ်ဖို့ကိုပြန်ပေးခြင်းမပြုသောသူတို့သည် ကောင်းချီးမင်္ဂလာခံစားရလိမ့်မည်မဟုတ်။ သင်၏အတိတ်ကာလအချိန်ကိုရွေးယူရန် ဘုရားသခင်သည် စောင့်ဆိုင်းနေတော်မူသည်။ ဘုရားသခင်၏အကျိုးကျေးဇူးများကိုခံစားနေသောအသက်ဝိညာဉ်တိုင်းတို့အပေါ်၌ သန့်ရှင်းသောတရားတော်၏လက်သည် တင်ထားလျက်ရှိသည်။ ဆယ်ဖို့တစ်ဖို့ပေးဖို့ရန်ရှိသော်လည်း မပေးဘဲနေသောသူတို့သည် ပေးရမည့်ငွေကို အသေအချာရေတွက်၍ ဘုရားသခင်အထံတော်မှလုယူထားသောငွေကို ကိုယ်တော်ထံသို့ပြန်၍ယူဆောင်လာလော့။ ပြန်၍ပေးဆပ်လော့၊ ကိုယ်တော်အထံတော်သို့ငြိမ်းချမ်းရေးအလှူငွေများကိုယူဆောင်လာလော့။ ငါ့အစွမ်းသတ္တိကိုကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသောသင်သည် ကိုယ်တော်၏ပစ္စည်းများကို မတရားသုံးစွဲခဲ့၍ မှားယွင်းကြောင်းကိုဝန်ခံပြီးလျှင် နောင်တကြီးစွာရပါက ကိုယ်တော်သည် သင်၏အပြစ်ကိုဖြေလွှတ်တော်မူမည်။ R & H, Dec. 10, 1901.



## အသင်းတော်များထဲသို့အမှောင်ယူဆောင်လာခြင်း

အချို့သောသူတို့သည် လူတို့အား သူတို့၏တာဝန်ကို အကုန်အစင်လုပ်ဆောင်ရန် သွန်သင်ပေးဖို့ ပျက်ကွက်ခဲ့လေသည်။ ကြားနာရသောသူတို့၏စိတ်၌ ဆန့်ကျင်ဘက်နှင့်မနှစ်သက်ခြင်းမဖြစ်စေဖို့ရန် ကျွန်ုပ်တို့ယုံကြည်သောတရား၌ လက်ခံနိုင်သောအပိုင်းကိုသာ ဟောပြောကြသည်။ သို့သော်လည်း သူတို့သည် သမ္မာတရားတစ်ခုလုံးကို ပြောဆိုခြင်းမပြု။ လူတို့သည် တရားဟောပြောခြင်းကို ကြိုက်နှစ်သက်ကြသည်။ သို့သော်လည်း ဝိညာဉ်ဘက်ဆိုင်ရာချို့တဲ့နေ၏။ အကြောင်းမှာ ဘုရားသခင်တောင်းဆိုသောအရာများကို ပေးကမ်းခြင်းမပြုကြပေ။ ကိုယ်တော်၏လူများသည် ကိုယ်တော်ပိုင်ဆိုင်သောဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများကိုပေးကမ်းခြင်းမပြုကြပေ။ ချမ်းသာကြွယ်ဝသောသူများနှင့် ဆင်းရဲသားများနှစ်ဦးတို့သည် ဘုရားသခင်ထံမှ လုယက်နေကြသောကြောင့် အသင်းတော်များထဲသို့ အမှောင်ကို ယူဆောင်လာကြသည်။ သူတို့နှင့်လုပ်ဆောင်နေသောခရစ်ယာန်

တရားဟောဆရာများသည် သူတို့အား ဘုရားသခင်၏အလိုတော် ရှင်းလင်းစွာဖော်ပြထားသည်ကို မပြသောကြောင့် လုပ်ဆောင်ရမည့်အလုပ်၌ပျက်ကွက်၍ လူတို့နှင့်အတူ ပြစ်ဒဏ်စီရင်ခြင်း ခံနေရသည်။ R & H, April 8, 1884.

## ကိုယ်ကျိုးအတွက်ထား၍မပေးဘဲနေခြင်းကို မှတ်တမ်းတင်ထားခြင်း

ကိုယ်တော်ကိုမပေးဘဲထားသောသူတို့၏တပ်မက်သော စိတ်နှလုံးအကြံအစည်ကို ဘုရားသခင်သည် သိမှတ်တော်မူသည်။ ကိုယ်ကျိုးရှာ၍ ဆယ်ဖို့တစ်ဖို့ပေးခြင်း၌ပျက်ကွက်ခြင်း၊ လက်ဆောင်ပဏ္ဏာများနှင့်အလှူငွေများကို ဘုရားသခင်၏ ဘဏ္ဍာတော်တိုက်သို့မယူဆောင်လာသောသူများကို ဘုရားသခင်သည် တွေ့မြင်တော်မူသည်။ ယေဟောဝါဘုရားသည် အားလုံးတို့ကိုနားလည်တော်မူသည်။ ဘုရားသခင်ကိုကြောက်ရွံ့၍ ကိုယ်တော်၏နာမတော်ကို အလေးအမြတ်ထားသောသူတို့၏ နာမည်ကို အောက်မေ့ဖွယ်ရာစာအုပ်၌ ကိုယ်တော်၏ရှေ့တော်တွင်ရေးသားထားသည်။ အသက်ဝိညာဉ်များကယ်တင်ခြင်းရရှိဖို့ရန် ကိုယ်တော်ယုံကြည်၍အပ်နှံထားသောဥစ္စာပစ္စည်းများကို



ခွဲဝေအသုံးပြုနေသောသူတို့အားလုံးတို့၏အကြောင်းရေးမှတ်ထားချက်ရှိသည်။ R & H, May 16, 1893.

## သစ္စာမရှိသောဘဏ္ဍာစိုး၌ကြီးကျယ်သောဆုံးရှုံးခြင်းရှိသည်

မိမိတို့ရသောကြေးငွေဖြင့် ဘုရားသခင်ကိုဂုဏ်ပြုသောသူတို့ကိုထားသောကတိတော်သည် သန့်ရှင်းသောစာအုပ်၌ မှတ်သားထားလျက်ပင်ရှိသည်။ ဘုရားသခင်၏လူများသည် ကိုယ်တော်၏ညွှန်ကြားခြင်းကို သစ္စာရှိစွာနားထောင်ပါက သူတို့၌ကတိတော်သည် ပြည့်စုံလိမ့်မည်။ သို့သော်လည်း သူတို့ရှေ့၌ရှင်းလင်းစွာဖော်ပြ၍ ဘုရားသခင်တောင်းဆိုခြင်းကို လူသည် ဂရုမစိုက်ဘဲနေပါက ဘုရားသခင်သည် သူတို့အား စိတ်ထင်သည်အတိုင်းပြုလုပ်ရန် အခွင့်ပေး၍ သူတို့သည် မိမိစိုက်ပျိုးသည်အတိုင်း အသီးကိုရိတ်သိမ်းရလိမ့်မည်။ ဘုရားသခင်သီးသန့်ထားသောအပိုင်းကို ကိုယ်ကျိုးအတွက်အသုံးပြုလျှင် သစ္စာမရှိသောဘဏ္ဍာစိုးဖြစ်သည်။ ဘုရားသခင်အား မပေးသောအရာကိုသာဆုံးရှုံးသည်သာမက သူပိုင်ဆိုင်သည်ဟုပေးထားသော သူပိုင်ပစ္စည်းလည်း ဆုံးရှုံးခြင်းခံရလိမ့်မည်။ R & H, Feb. 4, 1902.

–o–

# (၁၈) ဘုရားသခင်ကိုစုံစမ်းကြလော့

“ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှာပြုကြလော့။ ငါသည် မိုးကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းချီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည်မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့” ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ အသက်တာ၏မုန့်ကိုဆာမွတ်နေသည့်အသက်ဝိညာဉ်တို့၏ တောင်းဆိုနေသောစားစရာကိုပေးအံ့သောငှာ ကျွန်ုပ်တို့၏ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို ယူဆောင်သွားခြင်းဖြင့် ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်သည်မဟုတ်လော။ နှစ်ဟောင်းသည် အဆုံးသို့ရောက်ခါနီး၍ နှစ်သစ်၌ ဘုရားသခင်၏ဘဏ္ဍာများသည် တိုးတက်လျက်ရှိနေကြောင်းကို တွေ့မြင်နိုင်ရန် ဘုရားသခင်သည် သင့်ကို ကိုယ်တော်အားစုံစမ်းစေလိုသောကြောင့် ဖိတ်ခေါ်နေသည်။

ကိုယ်တော်သည် မိုးကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းချီးမင်္ဂလာများကို အကုန်အစင်သွန်းလောင်းမည်။ သို့သော်လည်း သင်၌ခံယူဖို့ရန်နေရာရှိမည်မဟုတ်ဟု ကိုယ်တော်မိန့်တော်မူသည်။ ကိုယ်တော်ကတိတော်ထားသည်မှာ “ကိုက်စား





တတ်သောအကောင်ကို သင်တို့အတွက်ငါဆုံးမ၍ သင်တို့၏မြေအသီးအနှံကိုမဖျက်ဆီးရ။ သင်တို့၏စပျစ်ဥယျာဉ်သည် အသီးမသီးဘဲမနေရဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်။” ဤနည်းဖြင့် ကိုယ်တော်၏စကားသည် ကျွန်ုပ်တို့အတွက် အာမခံချက်ဖြစ်၍ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကောင်းချီးပေးတော်မူ၍ ကျွန်ုပ်တို့ပေးကမ်းနိုင်ဖို့ရန် သာ၍များသောဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများရရှိကြလိမ့်မည်။ “ငါ့ထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ပြန်လာမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။”

ညီအစ်ကိုများတို့၊ သင်တို့သည် ဤစည်းကမ်းချက်များအတိုင်း လိုက်နာကြမည်လော။ သင်သည် ဝမ်းသာခြင်းစေတနာပါလျက် ပြည့်စုံစွာပေးကမ်းမည်လော။ နိုင်ငံခြားအသင်းတော်များသည် အမေရိကန်တိုင်းပြည်မှငွေကြေးများရရှိဖို့ရန် တောင်းခံနေကြပါသည်။ သူတို့၏တောင်းဆိုခြင်းကို ဂရုမစိုက်ဘဲနေမည်လော။ အိမ်တွင်းဘုရားသခင်၏အမှုတော်ဆောင်အသင်းတော်များသည် ကြေးငွေအလွန်လိုနေကြပါသည်။ နယ်အသီးအသီးတို့၌ ထိုအသင်းတော်များကို ယုံကြည်ခြင်းဖြင့် တည်ထောင်ခဲ့ကြပါပြီ။ နွမ်းနယ်၍ သေဆုံးသွားဖို့ရန် ပစ်ထားမည်လော။

နှိုးဆော်ပေးဖို့ရန် သင့်သည်မဟုတ်ပါလော။ ဘုရားသခင်သည် မိမိလူတို့အကောင်းဆုံးလုပ်ဆောင်နိုင်ဖို့ရန် မစတော်မူသည်။

## စွန့်စား၍လုပ်ကိုင်စရာမလို

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလုပ်စေလိုသည်အတိုင်း ကျွန်ုပ်တို့သည်လုပ်ကိုင်ပါက ကျွန်ုပ်တို့အား ကျေးဇူးတော်နှင့်ပြည့်စုံသောစုံလင်သည့်အာမခံချက်ကိုပေးထားသည်မဟုတ်ပါလော။ ကိုယ်တော်သည် ကတိထားတော်မူသည်အတိုင်း ပြုလုပ်မည်ကို ယုံကြည်စိတ်ချ၍ ဤကိစ္စကိုဆောင်ရွက်ပါလေ။ ဘုရားသခင်၏စကားတော်ကိုယုံကြည်ကြစို့။ သူဌေးဖြစ်ဖို့ရန် စိတ်ဇောထက်သန်သောကြောင့် အများသောသူတို့သည် ကြီးကျယ်သောစွန့်စားခြင်းကိုပြုလုပ်ကြသည်။ ထာဝစဉ်စဉ်းစားဆင်ခြင်မည့်အရာများကို လျစ်လျူရှု၍ မြင့်မြတ်သောကျင့်ဝတ္တရားများကိုစွန့်လွှတ်လိုက်ကြသည်။ သို့ပြုလုပ်ရာ၌ အားလုံးဆုံးရှုံးခြင်းနှင့်တွေ့နိုင်လေသည်။ သို့သော်လည်း ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သောဖိတ်ခေါ်ခြင်း၌ ဤကဲ့သို့စွန့်စား၍ လုပ်ကိုင်စရာမရှိပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်မိန့်တော်မူသောစကားကို ယုံကြည်ရမည်။ ယုံကြည်ခြင်းရိုးရိုးဖြင့် ကတိတော်အတိုင်း



လိုက်လျှောက်၍ ဘုရားသခင်ပိုင်ဆိုင်သောအရာကို ဘုရားသခင်အားဆက်သကြစို့။ R & H, Dec. 18, 1888.

## ဒုက္ခဆင်းရဲရောက်ခြင်း၏အကြောင်းတစ်ရပ်

မိမိတို့ကိုယ်ကိုခရစ်ယာန်ဟုခေါ်သောသူတို့သည် သူတို့အဖို့မြောက်မြားစွာသိမ်းဆည်းထား၍ လိုအပ်သည်ဟုယူဆသောအရာအားလုံးကို မိမိတို့ကောင်းစားရေးအတွက် အသုံးပြုနေကြသော်လည်း ဘုရားသခင်၏အမှုတော်အတွက် လိုအပ်နေသောအရာများကိုထောက်ပံ့ခြင်းအလျှင်းမပြုကြပေ။ သူတို့အား ဘုရားသခင်ပေးသောလက်ဆောင်ပဏ္ဏာများကို မိမိတို့ကိုယ်ပိုင်ပစ္စည်းအနေဖြင့် အားလုံး (သို့မဟုတ်) ကိုယ်ကျိုးရှာလိုသောအပိုင်းကို ဘုရားသခင်ထံမှလုယူခြင်းသည် အမြတ်အစွန်းဖြစ်သည်ဟုထင်မြင်ကြသည်။ သို့သော်လည်း အမြတ်အစွန်းမရဘဲ အရှုံးနှင့်တွေ့ရကြသည်။ သူတို့လိုက်သောလမ်း၏အကျိုးအပြစ်သည် ဘုရားသခင်၏သနားကြင်နာမှုများနှင့် ကောင်းချီးမင်္ဂလာများရုပ်သိမ်းခံရခြင်းပင်ဖြစ်သည်။ သူတို့၏ကိုယ်ကျိုးရှာသည့်လောဘကြီးသောစိတ်ဓာတ်ကြောင့် လူသည် များစွာဆုံးရှုံးခဲ့ပြီ။ ဘုရားသခင်အလိုရှိသောအရာများနှင့် ကိုယ်တော်တောင်းဆို

တော်မူခြင်းများကိုသိ၍ သိသည်အတိုင်း လိုက်နာဆောင်ရွက်လျှင် ကမ္ဘာမြေကြီး၌ထွက်သောပစ္စည်းများ၏တိုးပွားခြင်းတွင် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကိုတွေ့မြင်ကြရမည်။ စုသိမ်းရခြင်း၌ သာ၍များပြားလိမ့်မည်။ လူအားလုံးအလိုရှိသောအရာများကို မြောက်များစွာပေးကမ်းလိမ့်မည်။ ကျွန်ုပ်တို့သည် များစွာစွန့်ကြဲပေးကမ်းပါက များစွာအကျိုးရရှိကြမည်။ R & H, Dec. 8, 1896.

## ဘုရားသခင်၏အမိန့်တော်များနှင့်အတူကတိတော်များ

ဝတ္တရားသည် ဝတ္တရားဖြစ်၍ ဝတ္တရားအတိုင်းဆောင်ရွက်လုပ်ကိုင်ရမည်။ သို့သော်လည်း ဘုရားသခင်သည် အပြစ်သို့ကျရောက်နေသော ကျွန်ုပ်တို့အပေါ်၌ သနားခြင်းကြင်နာမှုရှိတော်မူသောကြောင့် ကိုယ်တော်၏အမိန့်တော်များနှင့်အတူကတိတော်များကိုထားတော်မူသည်။ ကိုယ်တော်၏လူများအားကိုယ်တော်ကိုစုံစမ်းရန်ခေါ်၍ နားထောင်ခြင်းကို အကြွယ်ဝဆုံးကောင်းချီးမင်္ဂလာများဖြင့် ဆုလာဘ်ပေးလိမ့်မည်။ ကိုယ်တော်အားစွန့်ကြဲပေးကမ်းဖို့ရန် အားပေးသည်။ ကိုယ်တော်အားစွန့်ကြဲပေးကမ်းသည်နှင့်အမျှ ကျွန်ုပ်တို့အား ကိုယ်တော်သည်



ပြန်၍ပေးလိမ့်မည်။ များစွာစိုက်ပျိုးသောသူသည် များစွာရိတ်သိမ်းရလိမ့်မည်။ ဘုရားသခင်သည် သင်၏အလုပ်၊ သင်၏မေတ္တာနှင့်လုပ်ဆောင်မှုကို လျစ်လျူရှုရန် နေတော်မူသည်မဟုတ်။

ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ကြင်နာ၍ မှန်ကန်ခြင်းရှိသည်မဟုတ်လော။ ကိုယ်တော်သည် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အား အကြွယ်ဝဆုံးသောကောင်းချီးမင်္ဂလာများကိုချပေးတော်မူသည်။ ခရစ်တော်နှင့်ကျွန်ုပ်တို့ထားသောစာချုပ်၌ ကိုယ်တော်၏လက်မှတ်တံဆိပ်ကိုနှိပ်ခတ်တော်မူပြီ။ R & H, Dec. 3, 1901.

–о–

# (၁၉) ဘုရားသခင်၏သီးသန့်ရန်ပုံငွေများကို သီးခြားသုံးစွဲခြင်း

ဘုရားသခင်သည် မကြာမီအချိန်က ကျွန်ုပ်အား ပုရောဖက်မာလခိမှတစ်ဆင့် ပေးထားသောသတိပေးခြင်းများ၊ ကတိတော်များနှင့်စပ်ဆိုင်၍ အထူးဩဝါဒများကိုပေးခဲ့သည်။ ကျွန်ုပ်သည် ဩစတြေးလျတိုင်းပြည်၊ ဆစ်ဒနီမြို့ရှိအသင်းတော်၌ ရှင်းလင်းစွာပြောဆိုပြီးသည်နောက် အဝတ်အစားထားသောအခန်း၌ လည်စည်းကိုပတ်နေစဉ် ကျွန်ုပ်ကိုမေးမြန်းသည်မှာ "မစ္စစ်ဝှိုက်၊ ကျွန်မအဖေဟာ ဆယ်ဖို့တစ်ဖို့ပေးဖို့သင့်တယ်ထင်သလား။ ကျွန်မအဖေဟာ မကြာမီအချိန်က အကြီးအကျယ်ဆုံးရှုံးခဲ့ပါတယ်။ သူ့ရဲ့အကြွေးကိုဆပ်ပြီးတဲ့နောက် ဆယ်ဖို့တစ်ဖို့ပေးမယ်လို့ပြောပါတယ်။" "ကျွန်ုပ်တို့ကို အသက်၊ ထွက်သက်ဝင်သက်နဲ့အားလုံးခံစားနေရတဲ့ကောင်းချီးမင်္ဂလာများကို ချပေးတော်မူတဲ့ဘုရားသခင်အဖို့ လုပ်ဆောင်ပေးရမယ့်တာဝန်တွေကို ဘယ်လိုသဘောထားမလဲ" ဟု ကျွန်ုပ်ကမေးလိုက်ပါသည်။ ကျွန်ုပ်တို့ဘုရားသခင်အား ပေးစရာရှိသောအကြွေးများကို အစဉ်တိုးတက်နေစေလိုသလား။ ကိုယ်တော်၏အမှုတော်တိုးတက်





ရန်နှင့် အမှုတော်ဆောင်ရွက်နေကြသောသူတို့ကို ထောက်ပံ့ဖို့ရန် ပေးထား၍ သင့်ကိုမည်သည့်အခါမျှမပေးသော ကိုယ်တော်ပိုင်ကြေးငွေကို သင်သည် ဘုရားသခင်ထံမှလုယူနေသလား။ သင်မေးမြန်းသောမေးခွန်းကို ပုရောဖက်မာလခိသည် ပြန်၍မေးမြန်းသည်မှာ 'လူသည် ဘုရားသခင်၏ဥစ္စာကိုလုယူရမည်လော။' ထိုအခါ သင်တို့က၊ အကျွန်ုပ်တို့သည် အဘယ်သို့လုယူပါသနည်းဟုမေးလျှင် ဤအကြောင်းနှင့်စပ်ဆိုင်ပြီး မသိချင်ဟန်ဆောင်၍မေးခြင်းသာဖြစ်သည်။ အဖြေမှာ– 'ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများ၌ သင်တို့သည် ကျိန်ဆဲခြင်းဆိုးကျိုးကို ခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။' ဤကဲ့သို့ပြောဆိုထားချက်ရှိလျက်နှင့် သင်သည် အကြွေးတင်နေသမျှကာလပတ်လုံး ဆယ်ဖို့တစ်ဖို့မပေးဘဲနေနိုင်သည်ဟု ကျွန်ုပ်ပြောဆိုရမည်လော။ သူတစ်ပါး၏အကြွေးကိုပေးနိုင်ဖို့ရန် ဘုရားသခင်၏ဥစ္စာကို သင်လုယူနေမှန်းသိလျက်နှင့် ကျွန်ုပ်သည် သင့်အား အခြားသောသူများကိုပေးစရာရှိသောအကြွေးများပေးဖြစ်အောင်ပေးပါဟု ပြောဆိုရမည်လော။"

လူအားလုံးတို့သည် သမ္မာကျမ်းစာ၌ဖတ်ရှုရသည်အတိုင်း လိုက်နာ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားလည်ရန်

မိမိတို့၏စိတ်နှလုံးတံခါးကိုဖွင့်ထားပါက “ကျွန်ုပ်သည် ဆယ်ဖို့တစ်ဖို့နှင့်ဆိုင်သောမေးခွန်းကိုမတွေ့မြင်ပါဟု ပြောဆိုကြမည်မဟုတ်။ ကျွန်ုပ်၏လက်ငင်းအခြေအနေမျိုး၌ ဆယ်ဖို့တစ်ဖို့ပေးရန်လမ်းမမြင်ဟုပြောဆိုမည်မဟုတ်။” “လူသည် ဘုရားသခင်၏ဥစ္စာကိုလုယူရမည်လော၊” အကျိုးသက်ရောက်ခြင်းကို တိတိလင်းလင်းပြောဆိုထားသည်ဖြစ်၍ ထိုအကျိုးသက်ရောက်ခြင်းကို စွန့်စား၍မပြုလုပ်နိုင်ပေ။ လူအားလုံးတို့သည် ဘုရားသခင်၏စကားတော်ကိုနားထောင်ရန် စိတ်နှလုံးပါလျက်ဆုံးဖြတ်၍ သူတို့၏အကြွေးကိုဆပ်ရန် ကိုယ်တော်ပိုင်သောငွေ၊ သီးသန့်ထားသောကြေးငွေများကိုမယူ၊ ၎င်းပြင် ကိုယ်တော်ပိုင်သည်ဟုပြောသောအပိုင်းကို ကိုယ်တော်အားပေးပါက ကိုယ်တော်၏စကားကိုနားထောင်သောသူတို့အား ပေးမည်ဟူသော ကောင်းချီးမင်္ဂလာများကိုခံစားရလိမ့်မည်။ Special Testimony to Battle Creek Church, pp. 9, 10 (August, 1896).

## မပေးဘဲနေခြင်း၏အပြစ်မှန်

အချို့သောသူတို့သည် အကြွေးတင်နေသောကြောင့် ဘုရားသခင်၏အမှုတော်ကိုမစခြင်းမပေးနိုင်ဟု ဆင်ခြေပေးကြ



သည်။ သူတို့သည် သူတို့၏စိတ်နှလုံးကို နီးကပ်စွာစစ်ဆေးကြည့်ရှုပါက ကိုယ်ကျိုးကိုသာကြည့်ရှုတတ်ခြင်းကြောင့် ဘုရားသခင်အထံတော်သို့ ကိုယ်စိတ်သဘောအတိုင်းပေးရသောအလှူငွေကို မယူဆောင်လာကြခြင်းဖြစ်သည်။ အချို့သောသူတို့သည် အစဉ်အကြွေးထဲ၌ နစ်မွန်းနေကြမည်။ သူတို့၌ရှိသောငွေကို တပ်မက်မောသောစိတ်ကြောင့် သူတို့လုပ်ကိုင်လေသမျှတို့၌ တိုးတက်ချမ်းသာခြင်းကိုပေးနိုင်သော ဘုရားသခင်၏လက်တော်သည် ကောင်းချီးပေးရန် သူတို့နှင့်ရှိမည်မဟုတ်။ သမ္မာတရားကိုချစ်သည်ထက် သူတို့သည် ဤလောကကို သာ၍ချစ်ကြပြီ။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်အဖို့ပြင်ဆင်ခြင်းမရှိကြပေ။ 1T 225.

## ယုံကြည်စိတ်ချခြင်းမရှိသောကြောင့်ဆယ်ဖို့တစ်ဖို့ကို မပေးဘဲနေခြင်း

ဆယ်ဖို့တစ်ဖို့သည် သန့်ရှင်း၏။ ဘုရားသခင်သည် မိမိအဖို့သီးသန့်ထား၏။ ဧဝံဂေလိအမှုတော်ဆောင်များသည် အလုပ်လုပ်ကိုင်ရာ၌ ထောက်ပံ့ဖို့ရန် ကိုယ်တော်၏ဘဏ္ဍာတိုက်ထဲသို့ယူဆောင်လာရမည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်

သိမ်းသန့်ထားသောအလှူငွေဖြစ်ကြောင်း မုချသိမြင်သောသူများ မရှိကြသောကြောင့် ဘုရားသခင်ထံမှအချိန်ကြာမြင့်စွာလုယူနေကြပြီ။

အချို့သောသူတို့သည် စိတ်ကျေနပ်မှုမရှိကြ၍ ပြောဆိုကြသည်မှာ "အလုပ်အကိုင်စီမံခန့်ခွဲမှုပုံကိုစိတ်ကြိုက်မတွေ့၊ ယုံကြည်မှုလည်းမရှိ၍ ကျွန်တော်တော့ ဆယ်ဖို့တစ်ဖို့မပေးနိုင်တော့ဘူး။" အလုပ်စီမံခန့်ခွဲရာ၌ သင်၏စိတ်ကြိုက်နှင့်မတွေ့သောကြောင့် သင်သည် ဘုရားသခင်၏ငွေကိုလုယူမည်လော။ သင်၏တိုင်တန်းပြောဆိုခြင်းကို တိတိလင်းလင်းစိတ်သဘောထားမှန်ကန်စွာဖြင့် သက်ဆိုင်သောသူကိုပြောပါ။ လျော်ကန်၍ အစီအစဉ်ကျအောင်ဖြစ်ဖို့ရန် သင်၏မကျေနပ်မှုကိုတင်ပြပါ။ သို့သော်လည်း အလုပ်မှမထွက်ပါနှင့်။ အခြားသောသူများသည် မှန်မှန်ကန်ကန်မလုပ်သောကြောင့်ဟု ဆင်ခြေမပေးပါနှင့်။ သစ္စာမဲ့ကြောင်းမပြပါနှင့်။ 9T 249.

## ဘုရားသခင်အဖို့ပထမဦးဆုံးတာဝန်ဝတ္တရား

အချို့သောသူတို့သည် သူတို့၏သားသမီးငယ်များကို ကြည့်ရှုရန် တာဝန်ရှိသည်ဟုပြောဆိုကြသည်။ သားသမီးများ



ရသင့်ရထိုက်သည့်အဖို့ကိုပေးရမည်။ သို့သော် ဘုရားသခင်၏အမှုတော်အဖို့ကြေးငွေရှာဖွေ၍မရနိုင်ဟုပြောကြသည်။ သူတို့သည် မိမိတို့၏ကလေးများကိုကြည့်ရှုဖို့ရန် တာဝန်ရှိသည်ဟုယူဆကြသည်။ ဤကဲ့သို့ထင်မြင်ခြင်းသည် မှန်ကန်၏။ သို့သော်လည်း သူတို့၏ပထမတာဝန်သည် ဘုရားသခင်၌ရှိသည်။ မည်သူမျှကိုယ့်အဖို့တောင်းဆို၍ ဘုရားသခင်၏အလှူငွေကိုလုယူခြင်းမရှိစေရ။ သင်၏ကလေးငယ်များသည်လည်း ဘုရားသခင်၏ပလ္လင်တော်အပေါ်၌ရှိသော သင်၏အလှူငွေကိုခိုးယူခြင်းမပြုပါစေနှင့်။ 1T 220.

–o–

## (၂၀) နိုးကြားသောအသိစိတ်၏ခံယူချက်

အထူးစည်းဝေးပွဲများကို---အသင်းတော်၌ကျင်းပခဲ့သောကြောင့် ဝိညာဉ်ရေး၊ ဘုရားသခင်ကိုကြည်ညိုခြင်း၊ ချစ်ခြင်းနှင့်လှူပ်ရှားမှုတို့၌ ဧကန်အမှန်တိုးတက်ခဲ့သည်။ ဘုရားသခင်ထံတော်မှဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများလုယူခြင်းအပြစ်အကြောင်းကို ဟောပြောကြသည်။

အများသောသူတို့သည် နှစ်ပေါင်းအတော်ကြာဆယ်ဖို့တစ်ဖို့မပေးခဲ့ကြောင်း ဝန်ခံကြသည်။ ဘုရားသခင်၏ငွေကိုလုယူသောသူတို့ကို ဘုရားသခင်ကောင်းချီးမင်္ဂလာမပေးနိုင်ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ အသင်းသားတိုင်းတို့၏အပြစ်ကြောင့် အသင်းတော်သည် ဒုက္ခဆင်းရဲခြင်းခံရမည်။ ကျွန်ုပ်တို့၏အသင်းဝင်မှတ်တမ်းစာထဲ၌ မြောက်မြားစွာသောလူတို့၏နာမည်စာရင်းသွင်းမှတ်ထားသည်ကိုတွေ့ရသည်။ အားလုံးတို့သည်ဘုရားသခင်အား ကိုယ်တော်ပိုင်သောဆယ်ဖို့တစ်ဖို့ကို ဆောလျင်စွာပေးကမ်းကြလျှင် ဘဏ္ဍာတိုက်၌ ငွေလိုအပ်နေသောအခြေအနေရှိမည်မဟုတ်။

ဘုရားသခင်ကိုလုယက်ခြင်း၏အပြစ်များကိုတင်ပြသောအခါ ဤအကြောင်းနှင့်စပ်ဆိုင်၍ လူတို့သည် မိမိတို့





လုပ်ကိုင်ရမည့်တာဝန်နှင့်အခွင့်အရေးများကို ရှင်းလင်းစွာတွေ့မြင်လာကြသည်။ ညီအစ်ကိုတစ်ယောက်သည် လွန်ခဲ့သည့် ၂ နှစ်အချိန်မှစ၍ ဆယ်ဖို့တစ်ဖို့မပေးခဲ့ကြောင်းပြောဆို၍ သူသည်မြော်မြင်ရာကင်းမဲ့သောအခြေအနေ၌ရှိကြောင်း၊ သို့သော်လည်းသူ၏အပြစ်များကိုဝန်ချတောင်းပန်သောအခါ သူ၌မျှော်လင့်ခြင်းရရှိခဲ့ကြောင်း "ကျွန်ုပ်အဘယ်သို့ပြုလုပ်ရအံ့နည်း" ဟု သူကမေးသည်။

သင်၏ကတိလက်မှတ်ကို အသင်းတော်၏ဘဏ္ဍာစိုးအားပေးလိုက်ပါ။ ဤအတိုင်းနည်းမှန်သည်ဟုပြောလိုက်ပါသည်။

သူ့စိတ်ထဲ၌ အလွန်ထူးဆန်းသောတောင်းဆိုချက်ဟုထင်မြင်သော်လည်း ထိုင်၍ရေးသားရန်အစပြုသည်။ "ကျွန်ုပ်ရရှိသောအရာတန်ဖိုးအတွက် ကျွန်ုပ်ပေးဆပ်ရန်ကတိပြုပါသည်။" သူသည်မော်ကြည့်၍ ဘုရားသခင်ထံတော်သို့ရေးသားပေးပို့ရန်ဤပုံစံသည် မှန်ကန်သောပုံစံဖြစ်သလားဟူသောမေးခွန်းမျိုးဖြင့်ကြည့်သည်။

"မှန်ပါသည်" ဟု သူကဆက်၍ပြောသည်။ "ကျွန်ုပ်သည်နေ့စဉ်နေ့တိုင်း ဘုရားသခင်ထံတော်မှကောင်းချီးမင်္ဂလာများကိုခံစားနေရသည်မဟုတ်လော၊ ကောင်းကင်တမန်များသည်ကျွန်ုပ်ကိုစောင့်ရှောက်နေသည်မဟုတ်လော၊ ဘုရားသခင်သည်

ကျွန်ုပ်ကို ဝိညာဉ်ရေး၊ လောကရေးနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများကိုလည်း ချပေးနေသည်မဟုတ်လော။ ၎င်းကောင်းချီးမင်္ဂလာများအတွက် ကျွန်ုပ်သည် အလှူတော်ကတိငွေဒေါ်လာ ၅၇၁.၅၀ ကို အသင်းတော်ဘဏ္ဍာစိုးလက်သို့ပေးအပ်လိုက်ပါသည်။" သူသည် သူ့တာဝန်ကိုတတ်နိုင်သမျှထမ်းဆောင်ပြီးသည်နောက် ပျော်ရွှင်သောသူတစ်ယောက်ဖြစ်ခဲ့လေသည်။ ရက်အနည်းငယ်ကြာပြီးနောက် သူ၏ကတိလက်မှတ်အတိုင်း ဆယ်ဖို့တစ်ဖို့ငွေကို ဘဏ္ဍာတိုက်သို့အပ်လိုက်လေသည်။ သူသည် ခရစ္စမတ်အလှူငွေအဖြစ် ဒေါ်လာ ၁၂၅ ထပ်၍ပေးလိုက်သေး၏။

အခြားညီအစ်ကိုတစ်ယောက်သည် ဒေါ်လာငွေ ၁၀၀၀ ပေးဖို့ ကတိလက်မှတ်ထိုးပေးလိုက်သည်။ နောက်တစ်ယောက်လည်း ဒေါ်လာငွေ ၃၀၀ ပေးဖို့ ကတိလက်မှတ်ရေးထိုးလိုက်သေးသည်။ ထိုငွေများကို ရက်သတ္တပတ်အနည်းငယ်အတွင်း ပေးဖို့ရန် မျှော်လင့်ကြသည်။

## မပေးဘဲထားသောဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်၏ပစ္စည်းဖြစ်သည်

အများသောသူတို့သည် သူတို့၏ဖန်ဆင်းရှင်နှင့်သစ္စာရှိသောအပေးအယူပြုလုပ်ရန် ပျက်ကွက်နေကြသည်။ ဆယ်ဖို့



တစ်ဖို့ငွေကို အပတ်စဉ်သီးသန့်ခွဲခြားထားရမည့်အစား စုဆောင်းထားစေသည်။ များလာသောအချိန်၌ မှန်မှန်ကန်ကန်ပေးဆပ်ဖို့ရန် တွန့်တိုလာသည်။ ဤကဲ့သို့စုဆောင်းထားသောဆယ်ဖို့တစ်ဖို့အလှူငွေကို သူတို့ပိုင်ငွေကဲ့သို့သုံးစွဲလေတော့သည်။ သို့သော်လည်း ဤစုဆောင်းထားသောအလှူငွေသည် ဘုရားသခင်ပိုင်ငွေဖြစ်၍ သူတို့သည် ဘဏ္ဍာတိုက်ထဲသို့ မှန်မှန်ထည့်ရန်ငြင်းပယ်ခဲ့ကြသည်။ R & H, Dec. 23, 1890.

## ပေါ့လျော့သောသူနှင့်ဂရုမစိုက်တတ်သောသူတို့သည် သူတို့၏ကျက်သရေကိုဆယ်ယူရမည်

ပေါ့လျော့သောသူများနှင့် ဂရုမစိုက်တတ်သောသူတို့သည် ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကိုမပေးဘဲနေသောကြောင့် သူတို့သည် သမ္မာတရားကို ဝေးသောအရပ်သို့မရောက်စေဖို့ရန် တားဆီးနှောင့်ယှက်နေသောသူများသာဖြစ်ကြောင်း သိမှတ်ကြစေ။ ဘုရားသခင်၏လူတို့သည် သစ္စာရှိ၍ ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်အားပေးအပ်ခြင်းဖြင့် မိမိတို့၏ကျက်သရေကိုဆယ်ယူဖို့ရန် ကျွန်ုပ်အားဖြင့် ဆင့်ဆိုစေသည်။ MS. 44 1905.

## ကတိလက်မှတ်ရေးထိုးခြင်းဖြင့်ပေးခြင်း

သောကြာနေ့နံနက်အချိန်၌ ကျွန်ုပ်တို့သည် ဆယ်ဖို့တစ်ဖို့အလှူငွေအကြောင်းကိုပြောပါသည်။ ဤဆယ်ဖို့တစ်ဖို့အကြောင်းနှင့်စပ်ဆိုင်၍ အသင်းတော်များသို့ပြောသင့်သလောက်မပြောသေးပေ။ ဟောပြောဖို့ရန်ပျက်ကွက်ခြင်းသည် ကြေးငွေကျပ်တည်းခြင်းနှင့်တွဲနေသည်ဖြစ်ရာ လွန်ခဲ့သောနှစ်တွင် ဆယ်ဖို့တစ်ဖို့ဝင်ငွေ၌ သိသိသာသာဆုတ်ယုတ်သွားခဲ့လေသည်။ ဤစည်းဝေး၌ ဤကိစ္စကိုသေချာစွာစိစစ်ကြည့်ရှုခဲ့သည်။

တက်စမေးနီးယားကျွန်းမှလာရောက်သော ကိုယ်စားလှယ်တစ်ဦးသည် ကျွန်ုပ်ထံသို့လာ၍ အောက်ပါအတိုင်းပြောပါသည်။ “အစ်မကြီး၊ ဒီနေ့ဆယ်ဖို့တစ်ဖို့အကြောင်းနဲ့ပတ်သက်ပြီး ပြောတာကို ကျွန်တော်ကြားရတာအလွန်ဝမ်းသာပါတယ်။ ဒီဆယ်ဖို့တစ်ဖို့ဟာ ဒီလောက်အရေးကြီးတဲ့ကိစ္စတစ်ရပ်ဖြစ်တယ်ဆိုတာ ကျွန်တော်မသိခဲ့ပါဘူး။ ကျွန်တော်ဂရုမစိုက်ဘဲနေလို့မဖြစ်တော့ဘူး။ ယခုအချိန်၌ သူသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်အချိန်ကစ၍ မပေးခဲ့သောဆယ်ဖို့တစ်ဖို့ကိုတွက်ချက်ပြီး တတ်နိုင်သမျှလျင်မြန်စွာပေးမည်” ဟုပြောဆိုသည်။ အကြောင်းမှာ ကောင်းကင်စာရင်းမှတ်တမ်း၌ သူသည် ဘုရားသခင်၏အလှူငွေ



ကို လုယူသောသူတစ်ယောက်ဟု စာရင်းသွင်း၍ တရားစီရင်ခြင်းကိုမခံလိုပေ။

မဲလဘုန်းအသင်းတော်မှအမျိုးသမီးတစ်ဦးသည်မသိ၍ မပေးရသေးသောဆယ်ဖို့တစ်ဖို့ငွေတစ်ရာ့ခြောက်ဆယ်ခန့်ကို ယူလာခဲ့သည်။ သူတို့သည် အလင်းရသည်အတိုင်း အများသောသူတို့သည် အကြွေးတင်လျက်ရှိကြောင်းကိုဝန်ခံကြ၍ ဤအကြွေးကိုဆပ်ပေးရန် ဆုံးဖြတ်ကြသည်။ သူတို့သည် ငွေရသည်နှင့်တစ်ပြိုင်နက် မုန်ကန်သောဆယ်ဖို့တစ်ဖို့ကိုပေးပါမည်ဟူသော ကတိလက်မှတ်ရေးထိုး၍ ဘဏ္ဍာတိုက်၌အပ်ထားရန် ကျွန်ုပ်သည် သူတို့ကိုအကြံပေးပါသည်။ အများသောသူတို့သည် ခေါင်းညိတ်၍ သဘောတူကြောင်းပြသကြသည်။ ရှေ့နှစ်ဘဏ္ဍာတိုက်၌ ယခုကဲ့သို့ငွေလိုတော့မည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ MS 4, 1893.

## ဆယ်ဖို့တစ်ဖို့–မပေးဘဲထားခြင်းကိုစဉ်းစားမိသောအခါ ဖြူဖပ်ဖြူရော်ဖြစ်သွားခြင်း

မြောက်မြားစွာသောသူတို့၌ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် အနစ်နာခံခြင်းတရားများပျက်ပြားသွားကြပြီ။ သူတို့သည် မိမိတို့၏

ကြေးငွေများကို လောကပစ္စည်းများ၌မြှုပ်နှံထားကြသည်။ ဘုရားသခင်ထံတော်မှဆုကျေးဇူးများခံစားနေရသောသူများသည် မည်ကဲ့သို့တုံ့ပြန်ခြင်းရရှိမည်ကိုသိစိမ့်သောငှာ ကိုယ်တော်စုံစမ်းလျက်နေသောသူများရှိကြသည်။ သူတို့သည် မိမိတို့ပေးစရာရှိသောဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို ကောင်းကင်ဗိုလ်ခြေဘုရားသခင်အားမပေးဘဲထားကြရာ သူတို့၏အကြွေးသည် အလွန်များပြားလာခဲ့၍ ကိုယ်တော်အားပေးလှူသောဆယ်ဖို့တစ်ဖို့ကို စဉ်းစားမိသောအခါ ဖြူဖပ်ဖြူရော်ဖြစ်သွားကြသည်။ မိတ်ဆွေတို့၊ နှောင့်နှေးမနေပါနှင့်။ သင်တို့သည် ဘုရားသခင်နှင့်သစ္စာရှိဖို့ရန် ယခုအချိန်၌ အခွင့်အရေးရှိနေသည်။ လျင်မြန်စွာပြုလော့။ Gen. Conf. Daily Bulletin, Feb. 28, 1893.

## နှစ်သစ်ကိုရင်ဆိုင်ခြင်း

သင်သည် ဘဏ္ဍာစိုးအလုပ်တွင် မည်သည့်အခြေအနေ၌ရှိနေသနည်း။ သင်သည် လွန်ခဲ့သောနှစ်၌ ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို လုယူခဲ့သလား။ သင်၏ကျီများနှင့် သင်၏ကုန်လှောင်ခန်းများတို့၌ ဘုရားသခင်က သင့်အားပေးကမ်းထားသောပစ္စည်းများဖြင့် ပြည့်နေသည်ကိုကြည့်ရှုပါ။



ထိုနောက် သင်သည် ပေးကမ်းခဲ့သောဘုရားသခင်အား၊ ပေးရမည့်အလှူငွေကို ပြန်၍ပေးသင့်မပေးသင့်၊ ကိုယ်ကိုမေးကြည့်ပါ။ သင်သည် ဘုရားသခင်ပိုင်ပစ္စည်းကို လုယူသောသူဖြစ်နေခဲ့လျှင် ပြန်၍ပေးအပ်ပါ။ တတ်နိုင်သမျှအတိတ်ကာလကို ပြန်၍မှန်ကန်အောင်ပြုလုပ်ပါ။ ထိုနောက်ကယ်တင်ရှင်အား သင့်အပြစ်ကိုလွှတ်ရန်တောင်းပန်ပါ။ ဤနှစ်မကုန်မီ လေးလံသောဝန်ထုပ်ကို ထာဝရကာလထဲသို့မချီဆောင်ရန် ဘုရားသခင်ပိုင်ဆိုင်သောအဖို့ကို ကိုယ်တော်အား ပြန်၍ပေးအပ်မည်မဟုတ်လော။ R & H, Dec. 23, 1902.

## နှောင်တတရားဖြင့်ပြန်ပေးခြင်း

ဘုရားသခင်ပိုင်ဆိုင်သောအရာကိုပြန်၍ပေးအပ်ဖို့ရန် သင်၌ပျက်ကွက်ခြင်းရှိပါက သင့်အပေါ်၌ ဘုရားသခင်၏ကျိန်ခြင်းမသက်ရောက်ရန် ကြေကွဲသောစိတ်ဖြင့် နောင်တရ၍ ပြန်အပ်ပေးပါ။ သင့်ကိုဖန်ဆင်းသောအရှင်ပိုင်ဆိုင်သောအရာတစ်စုံတစ်ခုမျှ ထိမ်ဝှက်မထားဘဲ သင်နှင့်သက်ဆိုင်သောအပိုင်းကို တတ်နိုင်သမျှပြုလုပ်ပြီးနောက် ကမ္ဘာတစ်ခုလုံးသို့ သမ္မာတရား၏သတင်းတော်ပို့ပေးရန် ကိုယ်တော်ထံမှကြေးငွေကိုတောင်းခံနိုင်သည်။ R & H, Jan. 20, 1885.

## ယာကုပ်၏သစ္စာရှိခြင်း

ယာကုပ်သည် ကျေးဇူးတော်၏နှင်းပေါက်များဖြင့် လန်းဆန်းနေ၍ ဘုရားသခင်ရှိတော်မူကြောင်း အာမခံချက်ဖြင့် အားပြည့်နေစဉ် သူသည် သစ္စာပြုခဲ့သည်။ ကျွန်ုပ်တို့အချိန်၌ ရှိသောလူများနည်းတူ ဘုရားသခင်၏ဘုန်းတော်သည် ပျောက်ကွယ်သွားသောအခါ သူသည် စုံစမ်းနှောင့်ယှက်ခြင်းများကိုခံရသည်။ သို့သော်လည်း သူသည် ကတိပြုထားသည်အတိုင်း သစ္စာရှိသည်။ သူကတိသစ္စာပြုခဲ့သောအရာများမှ လွတ်ကင်းဖို့ရန် အကြံအစည်များမပြုလုပ်ခဲ့ပေ။ ယခုအချိန်၌ လူများတွေးဆသကဲ့သို့ သူရရှိသောဖွင့်ပြချက်သည် အိပ်မက်သာဖြစ်၍ သူသည် ကတိသစ္စာပြုလုပ်သောအချိန်တွင် စိတ်၌ လွန်စွာလှုပ်ရှားနေသောအခြေအနေကြောင့်ဖြစ်၍ စောင့်ထိန်းဖို့ရန်မလိုဟု သူမပြောဆိုပေ။

ယာကုပ်သည် နှစ်ပေါင်းများစွာကြာပြီးမှ သူ၏နေရင်းတိုင်းပြည်သို့ပြန်ဝံ့လေသည်။ နောက်ဆုံးပြန်သွားသောအခါ ယာကုပ်သည် မိမိသခင်အား သစ္စာရှိစွာအကြွေးကိုဆပ်ပေးသည်။ သူသည် ဥစ္စာရတတ်သောသူတစ်ယောက်ဖြစ်၍ သူပိုင်ဥစ္စာပစ္စည်းများမှ ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ များစွာထည့်သွင်းခဲ့လေသည်။



ယာကုပ်အောင်မြင်သောနေရာ၌ ယခုခေတ်လူများပျက်ကွက်ခဲ့လေသည်။ ဘုရားသခင်အထံတော်မှ အများဆုံးပေးအပ်ခြင်းခံရသောသူတို့သည် မိမိတို့၌ရှိသောပစ္စည်းဥစ္စာများကိုသိမ်းဆည်းထားဖို့ရန် စိတ်ဆန္ဒပြင်းပြလျက်ရှိကြသည်။ အကြောင်းမှာ သူတို့၌ရှိသောဥစ္စာပစ္စည်းများ၏ဝေပုံကျအတိုင်း ပေးလှူရမည်ဖြစ်သောကြောင့်တည်း။ ယာကုပ်သည် သူပိုင်ပစ္စည်းအားလုံးမှ ဆယ်ပုံတစ်ပုံပေးသည်။ သူသည် မှန်သောဘုရားသခင်ကိုမကိုးကွယ်သောတိုင်းပြည်၌နေရစဉ်အချိန်၌ ဘုရားသခင်ပိုင်သောအဖို့ကို မိမိအဖို့သုံးစွဲမိခဲ့သောကြောင့် ထိုဝေပုံအတွက်လည်း ဘုရားသခင်အားဆက်ကပ်လေသည်။ ဤကဲ့သို့ဆက်ကပ်သောငွေသည် အတော်များ၏။ သို့သော်လည်း ယာကုပ်သည် တွန့်တိုနှောင့်နှေးခြင်းမရှိဘဲပေးလှူ၏။ ကိုယ်တော်ထံ၌ သစ္စာပြုကတိထားသောဥစ္စာကို သူနှင့်မဆိုင်ဘဲ ကိုယ်တော်နှင့်ဆိုင်သည်ဟုယူဆသည်။

ခံစားရသောအရေအတွက်အတိုင်း ပေးအပ်ရမည့်အပိုင်းသည် ထိုအရေအတွက်အတိုင်းပင်ဖြစ်သည်။ သာ၍များပြားသောမတည်ငွေအပ်နှံခြင်းခံရသောအခါ ကိုယ်တော်ထံသို့ပြန်၍ပေးရမည့်လက်ဆောင်ပဏ္ဏာသည် သာ၍အဖိုးထိုက်တန်ရပေမည်။ ခရစ်ယာန်တစ်ယောက်သည် သူပိုင်ငွေငါးသောင်း

(သို့မဟုတ်) ငွေတစ်သိန်းရှိခဲ့လျှင် သူ့အပေါ်၌ ဘုရားသခင်၏ တောင်းဆိုခြင်းသည် အမိန့်ဖြစ်သည်။ ဆယ်ဖို့တစ်ဖို့အစီအစဉ် အချိုးအစားအတိုင်းပေးရမည့်အပြင် သူ၏အပြစ်အတွက် အလှူငွေများနှင့်ကျေးဇူးတင်အလှူငွေများကိုလည်း ဆက်ကပ်ရမည်။ 4T 466, 467.

## ဆုတောင်းခြင်းသည်ဆယ်ဖို့တစ်ဖို့အတွက်အစားထိုးခြင်းမဟုတ်

ဆုတောင်းခြင်းသည် ဘုရားသခင်၏စိတ်တော်ကို ပြောင်းလဲပေးဖို့ရန်မရည်ရွယ်။ ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် သာ၍နီးကပ်စေသည်။ ဝတ္တရားအဖို့ အစားထိုးခြင်းမဟုတ်ပေ။ မည်မျှပင်စိတ်အားကြီးစွာဆုတောင်းစေကာမူ ဘုရားသခင်သည် ထိုဆုတောင်းခြင်းကို ဆယ်ဖို့တစ်ဖို့အစား လက်ခံလိမ့်မည်မဟုတ်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့က ဘုရားသခင်အား ပေးဆပ်စရာရှိသောအကြွေးကို ကျေစေမည်မဟုတ်။ MYP 248.

## အချိန်နောက်မကျမီ

များမကြာမီကရုဏာအချိန်သည် ကုန်ဆုံးတော့မည်။ ယခုအချိန်၌ သင်သည် ဘုရားသခင်အားသစ္စာရှိစွာဖြင့်



လုပ်ဆောင်မပေးလျှင် သင်၏သစ္စာမရှိသောပြုလုပ်ဆောင်ရွက်ခဲ့သည့်မှတ်တမ်းကို အဘယ်သို့ချေပမည်နည်း။ များမကြာမီ အချိန်၌ စာရင်းရှင်းဖို့ရန် ချိန်းဆိုသောအခါ သင့်ကို "သင်သည် သခင်ကိုအကြွေးပေးစရာမည်မျှရှိသနည်း" ဟုမေးမြန်းလိမ့်မည်။ သင်သည် ဘုရားသခင်နှင့်သစ္စာရှိရှိလုပ်ကိုင်ဖို့ရန် ငြင်းပယ်ခဲ့ပါက သင်၏ပျက်ကွက်ခြင်းကိုစဉ်းစား၍ တတ်နိုင်ပါက ပြန်၍ ပေးဆပ်ရန် သင့်အား ကျွန်ုပ်တောင်းပန်ပါသည်။ ဤအတိုင်း မဖြစ်နိုင်ပါက စိတ်နှလုံးနှိမ့်ချနောင်တရလျက် ဘုရားသခင်အား ခရစ်တော်၏နာမ၌ သင်၏ကြီးမားသောအကြွေးကိုချေပပေးရန် ဆုတောင်းပါ။ ယခုအချိန်မှစ၍ ခရစ်ယာန်ကဲ့သို့ပြုမူပါ။ ဘုရားသခင်ပိုင်သောအဖို့ကိုပေးရန် မပျက်ကွက်ပါနှင့်။ ဆင်ခြေမပေးပါနှင့်။ သနားကြင်နာမှု၏ချိုသောအသံကိုကြားနေရစဉ် မှားသောအရာကို အမှန်ဖြစ်အောင်ပြုလုပ်ဖို့နောက်မကျမီ ယနေ့ဟုခေါ်သောအချိန်တွင် ကိုယ်တော်၏အသံကို သင်သည်ကြားပါက သင်၏စိတ်နှလုံးကို မခိုင်မာစေပါနှင့်။ R & H, Supplement, Dec. 1, 1896.

–၀–

## (၂၁) ဆယ်ဖို့တစ်ဖို့ကိုအသုံးချခြင်း

ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုရန်နှင့်စပ်ဆိုင်၍ ဘုရားသခင်သည် အထူးညွှန်ကြားချက်ကိုပေးထားသည်။ ကိုယ်တော်၏အမှုတော်သည် ကြေးငွေမလုံလောက်သောကြောင့် ချို့တဲ့နေသောအခြေအနေ၌ရှိနေဖို့ရန် ကြံရွယ်ခြင်းမရှိပေ။ မှားယွင်းခြင်းနှင့်မတင်မကျဖြစ်နေသောအလုပ်မျိုးဖြစ်စေရန် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်တာဝန်ကို ကိုယ်တော်သည် အတိအလင်းဖော်ပြထားသည်။ ကိုယ်တော်ပိုင်သောအပိုင်းကို ကိုယ်တော်အသေအချာအမိန့်ပေးထားသည်မှတစ်ပါး အခြားကိစ္စများအတွက် အသုံးမပြုရ။ မည်သူတစ်ဦးတစ်ယောက်မျှ ဆယ်ဖို့တစ်ဖို့ကိုလက်ဝယ်၌ထား၍ မိမိတို့စိတ်ထင်သည့်အတိုင်း အသုံးမပြုနိုင်။ မိမိတို့၏အရေးပေါ်ကိစ္စ၌ဖြစ်စေ၊ (သို့မဟုတ်) သူတို့သည် ဘုရားသခင်၏ကိစ္စ၌ဖြစ်စေ သုံးစွဲနေသည်ဟု သဘောထားဖြင့် မသုံးစွဲရ။

ခရစ်ယာန်တရားဟောဆရာသည် ကျင့်ဝတ်နှင့်ပုံသက်သေအားဖြင့် ဆယ်ဖို့တစ်ဖို့သည် သန့်ရှင်းသောငွေဖြစ်ကြောင်း သွန်သင်ပေးရမည်။ သူသည် ခရစ်ယာန်တရားဟောဆရာဖြစ်





သောကြောင့် ဆယ်ဖို့တစ်ဖို့ကိုလက်ဝယ်ထား၍ သူ့စိတ်အကြံအစည်အတိုင်း အသုံးပြုနိုင်သည်ဟုမယူဆနိုင်ပေ။ ဆယ်ဖို့တစ်ဖို့သည် သူပိုင်သောငွေမဟုတ်။ သူ့စိတ်၌ထင်မြင်သည့်အတိုင်း သုံးခွင့်ရှိသည်ဟုယူဆ၍ အသုံးမပြုနိုင်။ ဘုရားသခင်အဖို့ဆက်ကပ်ထားသော ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို အခြားမည်သည့်အလုပ်အကိုင်၌မျှသုံးခွင့်မရှိ။ သူ၌သုံးခွင့်ဩဇာလည်းမရှိပေ။ ဤကြေးငွေများကို ကိုယ်တော်၏ဘဏ္ဍာတိုက်၌သွင်း၍ ကိုယ်တော်ခန့်ထားသည်အတိုင်း ကိုယ်တော်၏အမှုတော်အတွက် သန့်ရှင်းစွာသိုထားရမည်။

ကိုယ်တော်ချမှတ်ထားသောစည်းကမ်းအတိုင်း ကိုယ်တော်၏ဘဏ္ဍာစိုးများသည် အတိအကျလိုက်နာရန် ဘုရားသခင်အလိုတော်ရှိသည်။ လူတို့၏ကိုယ်စားလှယ်များစိတ်၌ လက်ဆောင်ပဏ္ဏာနှင့်အလှူငွေများပေးကမ်းဖို့ရန် သင့်သည်ဟုယူဆပြီးလျှင် ထိုသို့သောအလုပ်များကိုပြုလုပ်ခြင်းဖြင့် ဘုရားသခင်၏အကြံအစည်များကို တလွဲတချော်ဖြစ်အောင် မပြုလုပ်နိုင်ပေ။ လူသည် ဘုရားသခင်၏အကြံအစည်ထက် တိုးတက်အောင်ပြုလုပ်ခြင်း၊ ဘုရားသခင်အလိုရှိသောအရာများထက် သာ၍ကောင်းသောအခြေအနေသို့ရောက်ဖို့ရန် ရှာဖွေခြင်းသည် အလွန်သိမ်ဖျင်းသောလုပ်ကိုင်နည်းပင်ဖြစ်သည်။ ဘုရားသခင်

ကိုယ်တော်တိုင် စီမံပြင်ဆင်ထားသောအရာ၌ လူအားလုံးပေးလှူဖို့ရန် ဖိတ်ခေါ်တော်မူသည်။ ကိုယ်တော်သည် မိမိ၏အကြံအစည်ကိုဖော်ပြသည်။ ကိုယ်တော်နှင့်ပူးပေါင်းလုပ်ကိုင်သောသူတို့သည် ဤအကြံအစည်ကိုသာသိ၍ တိုးတက်ဖို့ရန်မရှာကြံဘဲ ဤအကြံအစည်ကိုဖြစ်မြောက်အောင် လုပ်ကိုင်ဆောင်ရွက်ရမည်။

ဘုရားသခင်သည် ဣသရေလလူမျိုးများအဖို့ မောရှေကို သွန်သင်သည်မှာ "ပရိသတ်စည်းဝေးရာတဲတော်တွင် သက်သေခံချက်ထားရာအရပ်ကိုကာသောကန့်လန့်ကာပြင်မှာ မီးခုံ၌ အစဉ်မပြတ်မီးထွန်းစရာအဖို့ သံလွင်သီးကိုထောင်း၍ယူသော သံလွင်ဆီစစ်ကို ဣသရေလအမျိုးသားတို့သည် ဆောင်ခဲ့ရကြမည်အကြောင်း ဆင့်ဆိုလော့။" ထွက်၊ ၂၇း၂၀။ ကိုယ်တော်၏အမှုတော်ဆောင်ရွက်ရာ၌ လိုအပ်သောအရာကို ဘုရားသခင်၏အိမ်တော်၌ရှိစေရန် ဤသံလွင်ဆီကို အစဉ်မပြတ်ပေးရကြသည်။ ယခုအချိန်၌ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရာအိမ်တော်သည် ဘုရားသခင်ပိုင်ဆိုင်ရာဖြစ်ကြောင်း ကိုယ်တော်၏လူများသည် နားလည်ကြ၍ အိမ်တော်ကိုလည်း အလွန်စေ့စပ်သေချာစွာ ကြည့်ရှုရမည်။ ဤကဲ့သို့ကြည့်ရှုပြုစု၍ ကုန်ကျသောစရိတ်ကို ဆယ်ဖို့တစ်ဖို့ငွေမှအသုံးမပြုရကြ။



အသင်းတော်အဖို့ အလွန်ရှင်းလင်းထင်ရှားသောသတင်းစကားကို ကျွန်ုပ်အားပေးသည်။ သူတို့သည် ဆယ်ဖို့တစ်ဖို့ငွေကို အထွေထွေအလုပ်များတို့၌ အသုံးချနေကြကြောင်းကို သတိပေးစကားအပြောခိုင်းပါသည်။ အချို့အလုပ်များသည် ကောင်းသောအရာများပင်ဖြစ်သော်လည်း ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ကို ဤကဲ့သို့သောအရာများ၌ အသုံးချဖို့ရန်ခွင့်မပြု။ ဆယ်ဖို့တစ်ဖို့ကို ဤကဲ့သို့သောအရာများ၌ အသုံးချနေသောသူများသည် ဘုရားသခင်၏အစီအစဉ်မှလမ်းလွဲလျက် သွားနေကြသည်။ ဘုရားသခင်သည် ဤအရာများကို တရားစီရင်ခြင်းပြုလိမ့်မည်။

## အခြားသောအလုပ်အကိုင်များကိုထောက်ပံ့ရမည်၊ သို့သော်လည်းဆယ်ဖို့တစ်ဖို့ကိုအသုံးမပြုရ

ကျောင်းကိစ္စများ၌ ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုနိုင်သည်ဟု တစ်ဦးတစ်ယောက်ကအကြောင်းပြပြောဆိုသည်။ အချို့သောသူများက စာပေရောင်းချသောသူများတို့ကို ဆယ်ဖို့တစ်ဖို့ဖြင့် ထောက်ပံ့ရမည်ဟု အကြောင်းပြပြောဆိုကြသည်။ သို့သော်လည်း ခရစ်ယာန်တရားဟောဆရာများကိုထောက်ပံ့ဖို့ရန် သတ်မှတ်

ထားသောရည်ရွယ်ချက်ကို ဆန့်ကျင်၍ပြုလုပ်ခြင်း၌ အလွန်ကြီးကျယ်သောမှားယွင်းခြင်းကိုကျင့်သုံးနေကြသည်။

ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်ပိုင်ဖြစ်၍ အလွဲသုံးစွဲသောသူသည် နောင်တရခြင်းမရှိပါက ကောင်းကင်ဘဏ္ဍာ ဆုံးရှုံးသည်တိုင်အောင် ပြစ်ဒဏ်ပေးခြင်းခံရမည်။ ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုဖို့ရန် သတ်မှတ်ထားခြင်းရှိသော်လည်း အခြားလုပ်ငန်းများ၌ သုံးစွဲနေရသည်ဟုအကြောင်းပြ၍ မူရင်းအလုပ်၌နစ်နာရပ်ဆိုင်းခြင်းမရှိပါစေနှင့်။ အခြားလုပ်ငန်းများအဖို့ စီမံထားချက်ရှိရမည်။ ထိုလုပ်ငန်းများကိုထောက်ပံ့ရမည်။ သို့သော်လည်း ဆယ်ဖို့တစ်ဖို့ကိုမသုံးရ။ ဘုရားသခင်သည် ပြောင်းလဲတော်မူခြင်းမရှိသေးပေ။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်၏တရားဟောပြောခြင်း၌သာ ထောက်ပံ့ဖို့ရန်ဖြစ်သည်။ 9T 247-250.

## သမ္မာကျမ်းစာသင်ပေးသောသူများပါဝင်ခြင်း

ကျွန်ုပ်တို့၏ကွန်ဖရင့် (ယူနီယံအသင်းတော်) များသည် ခရစ်ယာန်ဘာသာရေးကျောင်းများမှ ပညာတတ်ဘက်စုံအမှုတော်ဆောင်များရရှိဖို့ရန် မျှော်လင့်နေကြသည်ဖြစ်၍ သူတို့သည်



၎င်းကျောင်းများကို လိုက်လိုက်လှဲလှဲထောက်ပံ့ခြင်းပေးကြရမည်။ ကျွန်ုပ်တို့၏ကျောင်းများ၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ကြားပေးနေသောသူများ၊ သမ္မာကျမ်းစာ၏အနက်အဓိပ္ပါယ်ကိုဖော်ပြနေသောသူများ၊ ကျောင်းသားများကို ဝိညာဉ်ရေး၌ သွန်သင်နေသောခရစ်ယာန်တရားဟောဆရာများကို ဆယ်ဖို့တစ်ဖို့အလှူငွေဖြင့် ထောက်ပံ့ခြင်းပေးရမည်အကြောင်း အလင်းကိုသေချာစွာပေးခဲ့ပြီ။ ဤသွန်သင်ချက်များကို ရှေးအချိန်ကပေးခဲ့သည်။ သို့သော်လည်း များမကြာမီအချိန်က ထပ်တလဲလဲပြန်၍ပြဆိုခဲ့သည်။ 6T 215.

## ဆင်းရဲသားရန်ပုံငွေမဟုတ်

ဆယ်ဖို့တစ်ဖို့ကို အထူးအသုံးပြုရန်အတွက် သီးသန့်ထားသည်။ ဆင်းရဲသားများအဖို့ရန်ပုံငွေဟုမယူဆပါနှင့်။ ဘုရားသခင်၏သတင်းစကားတော်ကို ကမ္ဘာသို့သက်သေခံဟောပြောနေသောခရစ်ယာန်တရားဟောဆရာတို့အား ထောက်ပံ့ဖို့ရန်အထူးသီးသန့်ထားသောငွေဖြစ်၍ ဤအကြံအစည်မှလွဲပြောင်းသွားခြင်းမဖြစ်စေရ။ R & H Supplement, Dec. 1, 1896.

## အသင်းတော်ကုန်ကျစရိတ်အတွက်မဟုတ်

ဆယ်ဖို့တစ်ဖို့ကို အသင်းတော်၏အထွေထွေကုန်ကျစရိတ်အတွက်အသုံးပြုခြင်း၌ မှားယွင်းသည်ဟု ကျွန်ုပ်အားပြသခဲ့ပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် မှန်ကန်သောနည်းလမ်းများမှ တိမ်းသွားခြင်းရှိသည်။ သို့ဖြစ်၍ ဝတ်စားဆင်ယင်မှုနှင့် အဖိုးတန်ပစ္စည်းများဝယ်ယူခြင်းကို ခြိုးခြံလျှင် သာ၍ကောင်းပေမည်။ ကိုယ့်အလိုသို့လိုက်ခြင်းများ၊ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် အကျိုးမရှိသောအရာများကိုပြုလုပ်ခြင်းမှရပ်စဲပစ်ပါ။ ဤကဲ့သို့ပြုလုပ်မှသာလျှင် သင်၌သာ၍ကြည်လင်သောအသိစိတ်ရှိလိမ့်မည်။ သို့သော်လည်း သင်သည် အသင်းတော်၏ကုန်ကျစရိတ်အတွက် ကြေးငွေရရှိဖို့ရန် ဘဏ္ဍာတိုက်ငွေမှသုံးစွဲနေသည့်အခါတိုင်း သင်သည် ဘုရားသခင်ကိုလုယက်နေသည်။ Special Testimony to Battle Creek Church, pp. 6,7. (August, 1896).

–၀–

## (၂၂) ဓမ္မဆရာများနှင့်အသင်းတော်အမှုတော်ဆောင်များပညာပေးခြင်း

ဓမ္မဆရာအလုပ်ကို ထွက်ရောက်ဆောင်ရွက်သောသူတို့၌ အလွန်အရေးကြီးသောတာဝန်ဝတ္တရားတစ်ရပ်၊ သူတို့၏လက်၌ ခံယူထားလျက်ရှိရာ ထိုတာဝန်ကိုလုပ်ဆောင်ရန် ပျက်ကွက်လျက်ရှိကြသည်။ အချို့တို့သည် တရားဟောပြောရန်စိတ်ပါကြသည်။ သို့သော်လည်း သူတို့သည် အသင်းတော်များသို့ ကိုယ်ထိလက်ရောက်လုပ်ကိုင်ပေးခြင်းမရှိကြ။ ဘုရားသခင်အား ပြုရမည့်ဝတ္တရားများနှင့်စပ်ဆိုင်၍ သွန်သင်ပေးဖို့ရန် အလွန်လိုအပ်နေသည်။ အထူးသဖြင့် ဘုရားသခင်အား သစ္စာရှိစွာဖြင့် ဆက်ကပ်ရမည့်ဆယ်ဖို့တစ်ဖို့အကြောင်း သွန်သင်ပေးဖို့ရန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဓမ္မဆရာများသည် သူတို့၏လုပ်ဆောင်ခကြေးငွေကို လျင်မြန်စွာမရရှိပါက သူတို့၌ ဝမ်းနည်းခြင်းရှိလိမ့်မည်။ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်သောသူတို့အား ထောက်ပံ့ဖို့ရန် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်၌ စားစရာရှိရမည့်အကြောင်း သူတို့သိသလား။ လူတို့သည် ဘုရားသခင်ပိုင်သောကြေးငွေကို သစ္စာရှိစွာပြန်၍ပေးအပ်ရမည်ဟူသောအချက်ကို ဓမ္မဆရာတို့သည် သွန်သင်ပေးခြင်းမပြုပါက ဘုရား

သခင်၏အမှုတော်ကိုဆက်လက်ဆောင်ရွက်သွားနိုင်ဖို့ရန် ဘဏ္ဍာတိုက်ထဲ၌ ကြေးငွေချို့တဲ့နေလိမ့်မည်။

ဘုရားသခင်၏သိုးစုကိုကြည့်ရှုစောင့်ရှောက်နေသောသူသည် သူ၏တာဝန်ဝတ္တရားကို သစ္စာရှိစွာဆောင်ရွက်ရမည်။ ဤအလုပ်သည် သူ့အဖို့သာယာခြင်းမရှိဟုဆို၍ အခြားသောသူတစ်ယောက်အား လုပ်ကိုင်ဆောင်ရွက်စေပါက သူသည် သစ္စာရှိသောအမှုတော်ဆောင်တစ်ယောက်မဖြစ်ပေ။ ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့ငွေကိုမပေးဘဲထားသောသူတို့ကို ဘုရားသခင်ထံမှလုယူသောသူများဖြစ်သည်ဟု စွဲဆိုချက်ကို သူသည် မာလခိကျမ်း၌ဖတ်ရှုပါစေ။ ခွန်အားကြီးသောဘုရားသခင်မိန့်တော်မူသည်မှာ “သင်တို့သည် ကျိန်ခြင်းဆိုးကျိုးကိုခံရကြ၏။” မာလခိ ၃း၉။ စကားအားဖြင့်လည်းကောင်း၊ ဩဝါဒအားဖြင့်လည်းကောင်း ဟောပြောနေသောသူတစ်ယောက်သည် လူတို့အပေါ်သို့ ကျိန်ခြင်းကောင်းချီးကျရောက်စေဖို့ရန် လမ်းကိုပြသနေပါက သူသည် မည်ကဲ့သို့သူ၏သွန်သင်ခြင်းနှင့်သတိပေးခြင်းဝတ္တရားကိုလျစ်လျူရှု၍ နေနိုင်မည်နည်း။ အသင်းသားတိုင်းတို့အား သစ္စာရှိသောဆယ်ဖို့တစ်ဖို့ကိုပေးရန် သွန်သင်ပေးရမည်။ 9T 250,251.



## ပြောင်းလဲလာသောလူသစ်များအားသွန်သင်ပေးခြင်း

အမှုတော်ဆောင်ရွက်သောသူတစ်ယောက်သည် သူ့အဖို့လုပ်ကိုင်ရာ၌ အဆင်မပြေသောကြောင့် အလုပ်၏တစ်စိတ်တစ်ဒေသကိုမပြီးဘဲမထားခဲ့ရ။ ၎င်းအပြင် နောက်လာမည့် ဓမ္မဆရာသည် သူ့အဖို့ဆက်လက်၍လုပ်ကိုင်ပေးလိမ့်မည်ဟု စိတ်၌ထင်မြင်ခြင်းမရှိရ။ ဤကဲ့သို့ဖြစ်လာခဲ့သော် ဒုတိယဓမ္မဆရာသည် ပထမဓမ္မဆရာနေရာသို့ရောက်လာ၍ ဘုရားသခင်သည် မိမိလူများထံမှတောင်းဆိုသည်အကြောင်းကို ဟောပြောသောအခါ အချို့သောသူတို့က ကျွန်ုပ်တို့ထံသို့ သမ္မာတရားကိုယူဆောင်လာသောဓမ္မဆရာသည် ဤအကြောင်းအရာများကို မဖော်ပြပါဟုပြန်ပြောကြသည်။ သူတို့သည် ဤအကြောင်းအရာကိုကြား၍ စိတ်၌အခန့်မသင့်ဖြစ်ကြသည်။ အချို့သောသူတို့သည် ဆယ်ဖို့တစ်ဖို့အစီအစဉ်ကိုငြင်းပယ်ကြသည်။ သူတို့သည် ဆန့်ကျင်ဘက်ပြုကြလျက် သမ္မာတရားကိုယုံကြည်နှစ်သက်သောသူတို့နှင့်အတူ လျှောက်လိုက်ခြင်းမပြုကြတော့ပေ။ သူတို့ရှေ့၌ အခြားအရာများကိုဖွင့်ပြသောအခါ ကျွန်ုပ်တို့ကို ဤကဲ့သို့သွန်သင်ခြင်းမပြုဟုဆို၍ ရှေ့သို့တိုးသွားရန် နှောင့်နှေးနေကြ

သည်။ ပထမဦးဆုံးရောက်လာသောသမ္မာတရား၏စေတမန်သည် ဤပြောင်းလဲလာသောသူများအား အရေးကြီး၍ အထူးလိုအပ်သောဤအရာများကို သစ္စာရှိစွာနှင့် စေ့စပ်စွာပညာပေးခဲ့ပါက သူ၏လုပ်ဆောင်မှုအောက်၌ အနည်းငယ်သောအသင်းတော်သို့ ဝင်ရောက်လာစေကာမူ မည်မျှကောင်းကျိုးကိုဖြစ်စေမည်နည်း။ အရေအတွက်အားဖြင့် လူပေါင်းခြောက်ဆယ်ရသည်ထက် အရည်အချင်းအားဖြင့် လူခြောက်ယောက်ကိုသာရရှိပါက ဘုရားသခင်သည် ပို၍နှစ်သက်တော်မူလိမ့်မည်။

သူ၏ကြိုးစားခြင်းဖြင့် သမ္မာတရားကိုလက်ခံသောသူတို့အား သွန်သင်ပေးရခြင်းသည် ဓမ္မဆရာ၏အလုပ်ပင်ဖြစ်သည်။ သူတို့သည် ဘုရားသခင်အပေါ်၌ မှီခိုနေရ၍ ဆယ်ဖို့တစ်ဖို့ကို ကိုယ်တော်ထံသို့ယူဆောင်လာရမည်အကြောင်းကိုလည်း သွန်သင်ပေးရမည်။

ပြောင်းလဲလာကြသောလူသစ်များအား ဘုရားသခင်နှင့်ဆိုင်သောအဖို့ကို ဘုရားသခင်အားပြန်ပေးရခြင်းသည် သူတို့၏တာဝန်ဖြစ်ကြောင်း သေချာစွာနားလည်စေရမည်။ ဆယ်ဖို့တစ်ဖို့ပေးရခြင်းအမိန့်သည် အလွန်ထင်ရှား၍ မလိုက်နာဘဲနေရန်အကြောင်းပြချက်မရှိပေ။ ဤအချက်ကိုသွန်သင်ပေးဖို့ရန်



ပျက်ကွက်သောသူသည် သူလုပ်ကိုင်သောအလုပ်ဝတ္တရား၌ အရေးအကြီးဆုံးအချက်ကို မဆောင်ရွက်ဘဲထားခဲ့ခြင်းပင်ဖြစ်သည်။

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာတွင် ၎င်းဆရာများသည် လူတို့အပေါ်၌ အခြားသောသူများတို့၏ဝန်ထုပ်များကို ထမ်းဆောင်ခြင်း၏အရေးကြီးခြင်းကိုလည်း စွဲလမ်းစေရမည်။ သူ့အကျိုးကိုရှာလိုသောသဘောရှိသည့်အလုပ်မျိုးကို မည်သူမျှလုပ်ဆောင်ခြင်းမှလွတ်ကင်းချမ်းသာခွင့်မရှိပေ။ ဘုရားသခင်နှင့်ဆိုင်သောအလုပ်တိုင်း၌ သူတို့၏ထောက်မခြင်းနှင့်စိတ်ဝင်စားခြင်းရှိဖို့ရန် လူတို့အားသွန်သင်ပေးရမည်။ ဘုရားသခင်၏အမှုတော်အလုပ်ဆောင်ရွက်ဖို့ရန် နယ်ပယ်သည် ကျွန်ုပ်တို့ရှေ့၌ပွင့်လျက်ရှိသည်ဖြစ်၍ ဤအကြောင်းသည် ကျွန်ုပ်တို့၌ လှုပ်ရှားခြင်းထပ်တလဲလဲဖြစ်နေရမည်။ ထာဝရအသက်ကိုရရှိကြမည့်သူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာသောသူများမဟုတ်ဘဲ လိုက်နာသောသူများဖြစ်ကြရမည်။ အကျိုးအကြောင်းကိုနားလည်ဖို့ရန် လုပ်ဆောင်ပေးရမည်။ ခရစ်တော်၏ကျေးဇူးတော်ကို ယူတင်ဝတ်ဆင်သောသူတို့သည် သမ္မာတရားတိုးတက်ခြင်းရှိဖို့ရန် သူတို့၏ထောက်ပံ့ခြင်းကိုပေးရမည့်အပြင် မိမိတို့ကိုယ်တိုင်ခြွင်းချက်ထားခြင်းမရှိဘဲ ဆက်ကပ်ရမည့်အကြောင်း သူတို့အားသွန်သင်ပေးရမည်။ GW 369-371.

## သင်းအုပ်ဆရာ၏တာဝန်ဝတ္တရား

သခင်ယေရှုကို ဆက်ကပ်ခြင်းရှိသောသင်းအုပ်ဆရာများနှင့် အသင်းလူကြီးများကို အသင်းတော်သည် ခန့်ထားရမည်။ ဤလူကြီးများသည် တစ်ဖန်အသင်းတော်အမှုထမ်းများကို ရွေးချယ်ခန့်ထားရမည်။ ထိုသူတို့၏တာဝန်မှာ ဆယ်ဖို့တစ်ဖို့ကို သစ္စာရှိစွာဖြင့်ကောက်ခံစုသိမ်းခြင်းအလုပ်ဖြစ်သည်။ သင်းအုပ်များသည် သူတို့၏တာဝန်ကိုထမ်းဆောင်ခြင်း၌ ထိုက်တန်သောသူများမဖြစ်ကြောင်းကိုပြခဲ့သော် သူတို့သည် အသင်းတော်ရှေ့၌ ဘုရားသခင်ပိုင်သောအဖို့ကို ဘုရားသခင်ထံသို့ပြန်ပေးဖို့ရန် အရေးကြီးသည့်အကြောင်းကို တွေ့မြင်ခြင်းမရှိသော်၊ သူတို့၏လက်အောက်၌ လုပ်ဆောင်နေသောသူများသည် ဆယ်ဖို့တစ်ဖို့ကိုယူဆောင်လာရာ၌ သစ္စာရှိစွာဖြင့်လုပ်ဆောင်နေခြင်းရှိ၊ မရှိကို မကြည့်ရှုခဲ့သော် သူတို့၌ ဘေးအန္တရာယ်သင့်ရောက်လျက်ရှိ၏။ အသင်းတော်အဖို့ ကောင်းချီးမင်္ဂလာတစ်ရပ် (သို့မဟုတ်) ကျိန်ခြင်းတစ်ရပ်ဖြစ်နေသောအရာ၌ သူတို့သည် ဂရုမစိုက်ဘဲနေကြသည်။ သူတို့ကို ထိုအလုပ်မှရပ်စဲစေ၍ အခြားလူများကို စမ်းသပ်စစ်ဆေးခန့်ထားရမည်။



အသင်းတော်များ၌ရှိသောအသင်းသားများသည် ကိုယ်တော်အလိုရှိသောအရာများကို သစ္စာရှိစွာဖြင့်လုပ်ဆောင်နေခြင်းကို ဘုရားသခင်၏စေတမန်များသည် ကြည့်ရှုရမည်။ မိမိ၏အိမ်၌ စားစရာရှိရမည်ဟု ဘုရားသခင်မိန့်တော်မူသည်။ ဘဏ္ဍာတိုက်၌ရှိသောငွေကိုတပ်မက်၍ လူတစ်ယောက်သည် ဆယ်ဖို့တစ်ဖို့ငွေကို မိမိစိတ်သဘောကျအသုံးပြုနိုင်သည်ဟု သဘောထားခဲ့လျှင် ဘုရားသခင်သည် ကောင်းချီးမင်္ဂလာကို ချပေးတော်မူမည်မဟုတ်။ ကိုယ်တော်ပိုင်သောငွေကို မိမိသဘောအတိုင်းလုပ်နိုင်သည်ဟု ထင်မြင်သောသူတို့ကိုလည်း ကိုယ်တော်သည် ထောက်ပံ့ခြင်းမပြုနိုင်။ R & H Supplement, Dec. 1, 1896.

## အသင်းတော်အမှုထမ်းများတို့၏တာဝန်

ဤအရေးကြီးသောအကြောင်းအရာကိုသွန်သင်၍ နေရာတကျဖြစ်အောင်ပြုလုပ်ရခြင်းသည် အသင်းလူကြီးများနှင့် အမှုထမ်းများတို့၏တာဝန်ဖြစ်သည်။ ဘုရားသခင်နှင့်အတူလုပ်ဆောင်သောသူများဖြစ်သောကြောင့် အသင်းတော်အမှုထမ်းများသည် ဤရှင်းလင်းစွာဖော်ပြထားသောပြဿနာ၌ ပြတ်သား

စွာနားလည်ခြင်းရှိရမည်။ ဓမ္မဆရာများကိုယ်တိုင် ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။ အသင်းတော်၌ယုံကြည်စိတ်ချရသောရာထူးကို ဆောင်ရွက်နေသောသူများ၌ ပေါ့ဆခြင်းမရှိသင့်။ အသင်းသားများသည် ဤအရာ၌ သစ္စာရှိစွာပြုလုပ်နေခြင်းရှိ၊ မရှိကို ကြည့်ရှုရမည်။ အသင်းတော်လူကြီးများနှင့်အမှုထမ်းများသည် သန့်ရှင်းသော ဘုရားသခင်၏နှုတ်ကပတ်တော်၏ညွှန်ကြားချက်ကိုလိုက်နာ၍ သူတို့၏အသင်းသားများတို့အား ကတိခံဝန်ချက်များ၊ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေပေးခြင်း၌ သစ္စာရှိဖို့ရန်လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်ရမည်။ R & H, Dec. 17, 1889.

## ဆင်းရဲသားတို့အားရက်ရောခြင်းရှိဖို့ရန်သွန်သင်ပေးခြင်း

သမ္မာတရားကိုလက်ခံကြသောသူများသည် ဤလောက၌ ဆင်းရဲသားများထဲမှဖြစ်ကြသည်။ သို့သော်လည်း သူတို့သည် အလင်းရသည့်အတိုင်းမလိုက်နာဘဲ ပျက်ကွက်ရခြင်းသည် ဤအကြောင်းကြောင့်ပင်ဖြစ်သည်ဟု ဆင်ခြေပေးစရာအကြောင်း မရှိပေ။ ကောင်းကင်ဘုံ၌ ဘဏ္ဍာပစ္စည်းသိုထားဖို့ရန် သူတို့ကို ဆင်းရဲခြင်းသည် တားဆီးခြင်းမပြုပါစေနှင့်။ သူဌေးများ၏



လက်လှမ်း၌ရှိသောကောင်းချီးမင်္ဂလာများသည် ဆင်းရဲသားများ၏ လက်လှမ်း၌လည်းရှိသည်။ သူတို့၌ အနည်းငယ်ရှိသောအရာကို သစ္စာရှိစွာဖြင့်အသုံးပြုခဲ့လျှင် သူတို့၏သစ္စာရှိခြင်းသည် အတိုင်းအတာအတိုင်း ကောင်းကင်ဘုံ၌ရှိသောသူတို့၏ဘဏ္ဍာသည် တိုးတက်ခြင်းရှိလိမ့်မည်။ ကောင်းကင်၏ရှေ့၌ သူတို့၏အလှူငွေကိုတန်ဖိုးရှိစေခြင်းသည် သူတို့ဆောင်ရွက်သောအရေအတွက်၌ မဟုတ်၊ လုပ်ဆောင်သောအကြောင်းရင်းသာဖြစ်သည်။ GW 222.

–o–

## (၂၃) ဘဏ္ဍာစိုးဖြစ်ခြင်း၏ကျင့်ဝတ်များ

ဘုရားသခင်၏နှုတ်ကပတ်တော်ကျင့်ဝတ်များနှင့် အသရေများမှ တိမ်းယိမ်းမသွားနိုင်ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အသီးအသီးတို့သည် ဆုတောင်းခြင်းဖြင့် စေ့စပ်သေချာစွာရှာဖွေနေကြသလား။ ကိုယ်တော်အား ပြန်ပေးအပ်ရမည့်အရာ၌ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပြန်မပေးအပ်ဘဲနေပါက ကိုယ်တော်သည် ကျွန်ုပ်တို့ကို နှစ်သက်တော်မူမည်မဟုတ်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုဆန္ဒပြည့်ဝဖို့ရန် ငွေကိုသုံးဖြုန်းလိုပါက ထိုငွေဖြင့် ကောင်းမှုကိုပြုလုပ်နိုင်သည့် အရာကို စဉ်းစားကြည့်ကြစို့။ နေရာသစ်များ၌ ဘုရားသခင်၏ အမှုတော်တည်ဆောက်ဖို့ရန် ကိုယ်တော်အားဆက်ကပ်ရမည့် ကြေးငွေသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ဆက်ကပ်ကြစို့။ အလွန်လိုအပ်နေသောငွေကို ကျွန်ုပ်တို့ကောင်းစားရေးအဖို့သုံးဖြုန်းလိုက်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းချီးပေးနိုင်မည်မဟုတ်။

ဘုရားသခင်၏ကျေးဇူးတော်ဘဏ္ဍာစိုးများဖြစ်သည် အားလျော်စွာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ငွေကို ကွပ်ကဲနေရသည်။ ကိုယ်တော်၏အလိုတော်ကိုနားလည်နိုင်ရန် ငယ်သော





အရာ၌လည်းကောင်း၊ ကြီးသောအရာ၌လည်းကောင်း သစ္စာရှိလျက် တွေ့နိုင်ရမည်။ ကိုယ်တော်၏ကြွယ်ဝသောကျေးဇူးတော်ဖြင့် နေ့စဉ်နေ့တိုင်းတိုး၍အားရှိစေဖို့ရန် ကျွန်ုပ်တို့အဖို့ အလွန်လိုအပ်ပေသည်။ ဤအရာသည် ကျွန်ုပ်တို့၏ဗဟုသုတဖြစ်လာသောအခါ ခရစ်တော်အဖို့ဆောင်ရွက်ရခြင်းသည် ကျွန်ုပ်တို့အဖို့အမှန်ဖြစ်လာလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ပြုလုပ်ပေးတော်မူခဲ့သောအရာအတွက် ကျွန်ုပ်တို့၏ကျေးဇူးတင်ခြင်းကို ကောင်းကင်တမန်များနှင့် လူတို့အရှေ့၌ဖော်ပြရန် တောင်းဆိုတော်မူသည်။ ကျွန်ုပ်တို့အပေါ်၌ ဘုရားသခင်၏ ကောင်းမြတ်တော်မူသောစိတ်စေတနာကို ချီးမွမ်းခြင်းနှင့် သနားကြင်နာမှုပါသောအလုပ်များဖြင့် ပြန်၍ထင်ပေါ်စေရမည်။

သူတို့ကိုပေးထားသောအရာရှိသမျှသည် ဘုရားသခင်၏ တန်ခိုးတော်ကိုတိုးတက်စေဖို့ရန် အသုံးချရမည့်အကြောင်း အသင်းသားအားလုံးတို့သည် သိကြသလား။ ကျွန်ုပ်တို့ကမ္ဘာမြေကြီးပေါ်၌ရှိသောသူအားလုံးတို့၏စာရင်းကို ဘုရားသခင်သည် သစ္စာရှိစွာရေးမှတ်ထားသည်။ စာရင်းရှင်းသောနေ့ရောက်လာသောအခါ သစ္စာရှိသောဘဏ္ဍာစိုးသည် မိမိအတွက်အမြတ်မယူ၊ သူသည် “ကျွန်ုပ်၏ငွေ” ဟုမပြော၊ “ကိုယ်တော်၏ငွေဖြင့် အခြားသောငွေကိုအမြတ်ရပါပြီ” ဟုပြောဆိုသည်။ ယုံကြည်၍

အပ်နှံထားသောလက်ဆောင်ပဏ္ဏာမရှိပါက အမြတ်အစွန်းရရှိလိမ့်မည်မဟုတ်ကြောင်းကို သူသိသည်။ သူသည် သစ္စာရှိစွာဘဏ္ဍာစိုးရာထူးကိုလုပ်ဆောင်ခဲ့ပါက လုပ်ဆောင်ရမည့်အလုပ်ကိုပြီးဆုံးအောင်ဆောင်ရွက်ပြီဟုယူဆသည်။ မတည်ငွေသည် ဘုရားသခင်ပိုင်ဖြစ်၍ ကိုယ်တော်၏တန်ခိုးဖြင့် အမြတ်ရရှိအောင်ကုန်သွယ်ခဲ့ပြီ။ ကိုယ်တော်၏နာမည်ကိုသာ ချီးမွမ်းဂုဏ်ပြုရမည်။ ယုံကြည်၍အပ်နှံထားသောမတည်ငွေသာမရှိခဲ့ပါက သူသည် ထာဝရကာလပတ်လုံး ဥစ္စာကုန်ခန်းသောသူတစ်ယောက်ဖြစ်နေလိမ့်မည်။

ဘုရားသခင်၏သဘောတူညီချက်ကို မထင်မမှတ်သောအချိန်၌ အံ့သြခြင်းဖြင့် လက်ခံရရှိလိမ့်မည်။ သို့သော်လည်း သခင်ခရစ်တော်သည် သူ့အား၊ သစ္စာရှိသောငယ်သားကောင်း၊ သင်သည် အနည်းငယ်သောအရာ၌သစ္စာရှိလေပြီ။ မြောက်မြားစွာအမှုအပေါ်၌ အုပ်စိုးဖို့ရန် အခွင့်ပေးပြီ။ ငါနှင့်အတူ စည်းစိမ်၌ဝင်စားလော့” ဟု မိန့်တော်မူ၏။ R & H, Sept. 12, 1899.

## ဘုရားသခင်သည်မိမိ၏ဘဏ္ဍာစိုးများကိုမည်ကဲ့သို့စုံစမ်းသနည်း

လူသည် မြေကြီးနှင့်ဆိုင်သောအရာတို့၌ မည်မျှစိတ်စွဲလမ်းခြင်းရှိသနည်း။ သူ၏အာရုံစူးစိုက်ခြင်းသည် အိမ်များနှင့်မြေယာ



များ၌သာရှိ၍ လူအချင်းချင်းလုပ်ဆောင်ပေးရမည့်တာဝန်၌ပျက်ကွက်လျက်ရှိသည်။ သူကိုယ်တိုင် ကယ်တင်ခြင်းရဖို့ရန်ကိုလည်း ဂရုမစိုက်၊ ဘုရားသခင်က သူ့အပေါ်၌တောင်းဆိုခြင်းများကိုလည်း မေ့လျော့လျက်ရှိရသည်။ လူတို့သည် မြေကြီးနှင့်သက်ဆိုင်သောဘဏ္ဍာများကို အစဉ်ကိုင်စွဲနိုင်သည်အထင်ဖြင့်မြဲစွဲစွာဆုပ်ကိုင်ထားလျက်ရှိသည်။ ဘုရားသခင်သည် မည်ကဲ့သို့ပင်အမိန့်ပေးထားလျက်ရှိသော်လည်း (သို့မဟုတ်) လူအချင်းချင်းတို့၌ မည်မျှပင်အလိုရှိစေကာမူ သူတို့ပိုင်ကြေးငွေများကို သူတို့သဘောအတိုင်းပြုလုပ်နိုင်သည်ဟု ထင်မြင်နေကြဟန်တူသည်။

သူတို့ပိုင်ဆိုင်သည်ဟု ပြောဆိုသောအရာအားလုံးတို့သည် သူတို့အား ယုံကြည်၍အပ်နှံထားသောအရာများဖြစ်ကြောင်း သူတို့မေ့နေဟန်တူသည်။ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ဘဏ္ဍာစိုးများဖြစ်ကြသည်။ သူတို့၏သဘောထားသည် ကိုယ်တော်၏အမှုတော်၌ မည်ကဲ့သို့ရှိကြောင်းကိုဖော်ပြရန်နှင့် သူတို့၏စိတ်နှလုံးအကြံအစည်များသည် ကိုယ်တော်၌ရှိကြောင်းပြသစုံစမ်းဖို့ရန် ဤဘဏ္ဍာကို ဘုရားသခင်သည် သူတို့၌အပ်ထားတော်မူသည်။ သူတို့သည် မိမိတို့၏အရှင်သခင်၏ငွေဖြင့် အချိန်ကိုသာကုန်ကူးနေကြသည်မကဘဲ ထာဝရကာလအဖို့လည်း ကုန်ကူးနေကြသည်။ သူတို့၏အစွမ်းသတ္တိကိုအသုံးပြုခြင်း

(သို့မဟုတ်) မသင့်မလျော်သုံးစွဲခြင်းသည် အနာဂတ်ကမ္ဘာ၌ လူတို့၏အဆင့်အတန်းနှင့်ယုံကြည်စိတ်ချရခြင်းကို ဆုံးဖြတ်လိမ့်မည်။ R & H, Feb. 14, 1888.

## အရာမြောက်သောမေးခွန်း

ဘဏ္ဍာစိုးဖြစ်ခြင်းအကြောင်းနှင့်စပ်ဆိုင်၍ ဘုရားသခင်၏လူအားလုံးတို့တွင် လက်တွေ့ဖြစ်ရမည်။ လက်တွေ့ကောင်းမှုပြုလိုသောသဘောသည် ယခုအချိန်၌ ထောင်ချီ၍ မှောင်မိုက်ထဲ၌ ကျရောက်ညစ်ညူးနေကြသော သာမန်သမ္မာတရားပုဂ္ဂိုလ်ကြီးတို့အား ဝိညာဉ်ရေးဆိုင်ရာအသက်ကိုပေးလိမ့်မည်။ သူတို့ကိုတစ်ကိုယ်ကောင်းစိတ်၊ ငွေကိုတပ်မက်စွဲလမ်းနေသောသူများဘဝအခြေအနေမှ အပြစ်သားများကိုကယ်တင်ခြင်းပေးရာ၌ ခရစ်တော်နှင့်အတူ စိတ်အားထက်သန်သစ္စာရှိသောအမှုတော်ဆောင်များအဖြစ်သို့ပြောင်းလဲပေးလိမ့်မည်။ 3T 387.

## ဘုရားသခင်၏အရိုက်အရာ၌

ဘဏ္ဍာစိုးတစ်ယောက်သည် သူ၏သခင်နှင့်မိမိတို့ထပ်တူထပ်မျှဖြစ်ကြောင်းပြသသည်။ သူသည် ဘဏ္ဍာစိုးတစ်ယောက်၏



တာဝန်ဝတ္တရားများကိုလက်ခံသည်။ သူ၏သခင်ပြုလုပ်သကဲ့သို့ သူ၏သခင်ကိုယ်စားပြုလုပ်လိမ့်မည်။ သူ့သခင်၏စိတ်စွဲလမ်းခြင်းများသည် သူ၏စိတ်စွဲလမ်းခြင်းဖြစ်လာသည်။ ဘဏ္ဍာစိုး၏အဆင့်အတန်းသည် ကျက်သရေရှိ၏။ အကြောင်းမှာ သူ၏သခင်သည် သူ့ကိုယုံကြည်စိတ်ချသည်။ သူသည် မိမိကိုယ်ကျိုးအဖို့ပြုလုပ်၍ သူ့သခင်၏ပစ္စည်းများဖြင့်ကုန်ကူး၍ရရှိသောအမြတ်အစွန်းကို မိမိအကျိုးအတွက်သိမ်းယူပါက သူသည် သူ၌အပ်ထားသောအရာကိုမှောက်လုန်ခဲ့ပြီ။ 9T 246.

ဥစ္စာများကို မိမိကိုယ်ကျိုးအဖို့အသုံးပြုခြင်းသည် ဘုရားသခင်ကိုသစ္စာမဲ့ခြင်းဖြစ်၍ ထိုသို့သောဘဏ္ဍာစိုးသည် သာ၍မြင့်မားသောကောင်းကင်၏ဘဏ္ဍာကိုအပ်နှံဖို့ရန် မသင့်လျော်ပေ။ 6T 391.

–o–

## (၂၄) ကျွန်ုပ်တို့၏အစွမ်းသတ္တိများ

အစွမ်းသတ္တိများနှင့်ဆိုင်သောဥပမာစကားကို မှန်ကန်စွာနားလည်လျှင် မမှန်သောဘုရားသခင်ကို ကိုးကွယ်ခြင်းဟု ဘုရားသခင်ခေါ်တွင်အပ်သောတပ်မက်လိုချင်သည့်စိတ်ကို ဖယ်ရှားပစ်လိမ့်မည်။ 3T 387.

ဘုရားသခင်သည် လူကို အစွမ်းသတ္တိများချေးငှားထားသည့် ပိုင်းခြားသိမှတ်တတ်သောဉာဏ်ဖြင့်အစပြုသည်။ စိတ်နှလုံးသည် ကိုယ်တော်၏ပလ္လင်နေရာဖြစ်ရမည်။ ချစ်ခင်စုံမက်ခြင်းသည် အခြားသူများထံသို့ ကောင်းချီးမင်္ဂလာအဖြစ် စီးဆင်းသည့် ပြစ်မှုထင်ရှားလျက်ရှိသောအသိစိတ်ဖြစ်ရမည်။ လူတစ်ဦးစီသခင်ထံမှတစ်စုံတစ်ခုကိုရရှိသည်။ လူတစ်ဦးစီ ဘုရားသခင်၏အမှုတော်၌ လိုအပ်သောအရာများကို ပေးကမ်းခြင်းဖြင့် မိမိတို့နှင့်ဆိုင်သောအပိုင်းကို ဆောင်ရွက်ကြရမည်။

မိမိတို့ပိုင်ဆိုင်သောအရာရှိသမျှတို့ကို ဘုရားသခင်သည် သူတို့အားပေးအပ်တော်မူကြောင်းကို ကိုယ်တော်၏အမှုတော်ဆောင်ရွက်သောသူများသည် နားလည်၍ ကိုယ်တော်ကိုသာမျှော်ကြည့်ရန် အလိုရှိတော်မူသည်။ ၎င်းပြင် သူတို့၌ရှိသောအရာများနှင့် နောင်ရရှိမည့်အရာများသည် အကြံဉာဏ်ပေးခြင်း၌





အံ့သြဖွယ်ရာကောင်း၍ လုပ်ဆောင်တော်မူခြင်း၌ အကောင်းဆုံးအရှင်ထံမှဖြစ်သည်ကို အောက်မေ့ရမည်။ သမားတော်ကြီး၏နူးညံ့သောလက်ဖြင့်တို့ထိခြင်း၊ ကြွက်သားနှင့်အာရုံကြောတို့အပေါ်၌ ကိုယ်တော်၏တန်ခိုးတော်ရှိခြင်း၊ ကိုယ်ခန္ဓာ၏နူးညံ့သောအင်္ဂါများကို သိမြင်တတ်ခြင်းသည် မြင့်မြတ်သောတန်ခိုးတော်၏ဉာဏ်ပညာဖြစ်၍ ဒုက္ခဆင်းရဲခြင်းသို့ကျရောက်နေသောလူသားအဖို့ အသုံးပြုရမည်။ တူကိုအသုံးပြုရာ၌ လက်သမားဆရာ၏ကျွမ်းကျင်ခြင်းနှင့် ပေကိုမြည်အောင်ထုနိုင်သောပန်းဘဲဆရာ၏ခွန်အားသည် ဘုရားသခင်အထံတော်မှလာသည်။ ကိုယ်တော်သည် လူတို့အား အစွမ်းသတ္တိကိုယုံကြည်လွှဲအပ်ထားသည်။ သူတို့သည် ကိုယ်တော်ကိုမျှော်ကြည့်၍ အကြံဉာဏ်တောင်းခံဖို့ရန် ကိုယ်တော်အလိုရှိသည်။ ဤနည်းဖြင့် သူတို့သည် ကိုယ်တော်၏ကြေးငွေများကို မမှားယွင်းနိုင်အောင်အသုံးချ၍ သူတို့သည် ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်များဖြစ်ကြသည်ကို သက်သေခံကြသည်။

ပစ္စည်းသည် အစွမ်းသတ္တိတစ်ခုဖြစ်၏။ မိမိ၏လူများထံသို့ ကိုယ်တော်မှာကြားသောသတင်းစကားမှာ “သင်၌ရှိသောအရာများကို ရောင်းချ၍ အလှူပေးလော့။” ကျွန်ုပ်တို့၌ရှိသောအရာအားလုံးတို့သည် ကိုယ်တော်ပိုင်ဖြစ်ကြောင်း မေးမြန်းရန်

မလိုပေ။ ကိုယ်တော်၏အလုပ်သည် တိုးတက်ကြီးပွားခြင်းရှိ၍ ကိုယ်တော်၏အမှုတော်ဝန်ထုပ်ကို ဝိုင်းဝန်းကူညီထမ်းဆောင်ရာ၌ နှိုးကြားခြင်းရှိဖို့ရန် ကျွန်ုပ်တို့ကိုခေါ်တော်မူသည်။ ခရစ်ယာန်တိုင်းတို့သည် မိမိတို့ကိုယ်ကို သစ္စာရှိသောဘဏ္ဍာစိုးကဲ့သို့ လုပ်ဆောင်ရမည်။ ဘုရားသခင်၏နည်းလမ်းများသည် အကြောင်းရင်းရှိ၍ မှန်ကန်သည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ကြေးငွေဖြင့် ကူးသန်းရောင်းဝယ်၍ ကိုယ်တော်၏အမှုတော်ကို ထောက်ပံ့ခြင်း၌ ရက်ရောသောစိတ်ဖြင့် စွန့်ကြဲပေးကမ်းရမည်။ ခရစ်တော်ထံသို့ ဝိညာဉ်များကိုယူဆောင်လာရမည်။ ဘုရားသခင်၏ငွေတိုက်သို့ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ကြေးငွေများမှန်မှန်ဝင်ရောက်ခြင်းရှိရမည်။ စကားပြောဆိုတတ်ခြင်းသည် အစွမ်းသတ္တိတစ်ခုဖြစ်သည်။ လူသားတို့အား ချပေးသော ဆုကျေးဇူးများ၌ စကားပြောဆိုခြင်းအစွမ်းသတ္တိကိုရသောကြောင့် နှစ်သက်ဖွယ်ရာကောင်းလှသည်။ စကားပြောဆိုတတ်ခြင်းသတ္တိဖြင့် ဘုရားသခင်၏ပညာဉာဏ်နှင့်အံ့သြဖွယ်ရာကောင်းသောချစ်ခြင်းမေတ္တာကိုဖော်ပြရမည်။ ဤနည်းဖြင့် ကိုယ်တော်၏ ကျေးဇူးတရားနှင့်ဉာဏ်ပညာကို ဆက်သွယ်ပေးရမည်။

စကားအားဖြင့် စိတ်အတွင်း၌တည်ရှိသောကယ်တင်ရှင်ကိုဖော်ပြသည်။ သို့သော်လည်း ကိုယ်တော်၏အလိုတော်အတိုင်း



မဖြစ်ပါက အခြားသောသူများကို စိတ်ဆိုးတတ်သောသူ၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်သည် တည်ရှိခြင်းမပြုနိုင်ပေ။ ထိုကဲ့သို့သောလူ၏နှုတ်မှ ခံပြင်းသောစကားများသည် ထွက်လာ၍ သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်နာစေသည်။ မြင့်မြတ်ခြင်းသို့ရောက်မည့်အစား စာတန်ဘက်သို့ရောက်စေသည်။ ကိုယ်တော်၏အလုပ်နှင့်ဆက်သွယ်လျက်နေသောသူအပေါင်းတို့သည် အချိန်အခါတိုင်း ခရစ်တော်၏နူးညံ့သောစိတ်သဘောမျိုးဖြင့်စကားပြောဆိုရန် ဘုရားသခင်အလိုတော်ရှိသည်။ သင်၏အမျက်ကိုနှိုးဆော်သော်လည်း သည်းမခံတတ်သောသဘောကို မထင်ပေါ်ပါစေနှင့်။ ကျွန်ုပ်တို့အား ပုံသက်သေအနေဖြင့် ပြခဲ့သောခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းကိုဖော်ပြပါ။

ခွန်အားသည် အစွမ်းသတ္တိတစ်ခုဖြစ်၏။ ဘုရားသခင်၏ တန်ခိုးရောင်ထွန်းတောက်စေဖို့ရန် ပြသရမည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို ကိုယ်တော်ပိုင်သည်။ ကိုယ်တော်သည် ကိုယ်ခန္ဓာနှင့်ဝိညာဉ်အဖို့ ကယ်တင်ခြင်းအဖိုးအခကိုပေးတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ရောဂါစွဲကပ်နေသည့်အချိန်၌ ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်သည်ထက် ကျန်းမာဝဖြိုးအင်အားတိုးနေသည့်အချိန်၌ ပို၍လုပ်ဆောင်ပေးနိုင်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ကျန်းမာမှုအတွက် ဘုရားသခင်နှင့်ပူးပေါင်းရမည်။ အသက်

နှင့်ကျန်းမာခြင်းရရှိဖို့ရန် ဘုရားသခင်ကိုချစ်ခြင်းသည် လိုအပ်သောအရာပင်ဖြစ်သည်။ ကျန်းမာခြင်းရရှိဖို့ရန် ဘုရားသခင်၌ ယုံကြည်ရမည်။ စုံလင်သောကျန်းမာခြင်းရရှိဖို့ရန် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ချစ်ခြင်း၊ မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းဖြင့် ပြည့်ဝနေရမည်။

သြဇာသက်ရောက်ခြင်းသည် အစွမ်းသတ္တိတစ်ခုဖြစ်သည်။ ဘုရားသခင်ထွန်းညှိထားသည့် သန့်ရှင်းသောမီးသည် ကျွန်ုပ်တို့၏အမှုတော်ဆောင်ရွက်ခြင်း၌ပါရှိခဲ့လျှင် ယင်းသည် အကောင်းဖြစ်ဖို့ရန် တန်ခိုးဖြစ်သည်။ သန့်ရှင်းသောအသက်တာ၏သြဇာတန်ခိုးသည် နေရင်းတိုင်းပြည်၌လည်းကောင်း၊ နိုင်ငံခြား၌လည်းကောင်း တွေ့သိမြင်ခြင်းရှိရမည်။ လူတစ်ယောက်၏ အသက်တာကို သက်သေထင်ရှားစေသောလက်တွေ့ကောင်းမှုပြုလိုသောသဘော၊ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် ကိုယ်ကိုအနစ်နာခံခြင်းများသည် သူနှင့်ပေါင်းဖော်သောလူတို့အပေါ်၌ အစဉ်သြဇာသက်ရောက်ခြင်းရှိသည်။

## လက်ခံရရှိသောသူ၏စွမ်းရည်သတ္တိအတိုင်း

ဘုရားသခင်၏အကြံအစည်တော်၌ အစွမ်းသတ္တိများကို ဝေငှပေးရာတွင် ကွဲပြားခြင်းရှိ၏။ လူတစ်ယောက်ကို အစွမ်းသတ္တိ



တစ်ခုပေး၍ အခြားတစ်ယောက်ကို ငါးခု၊ နောက်တစ်ယောက်ကို ဆယ်ခု စသည်ဖြစ်၏။ ဤအစွမ်းသတ္တိများကို စိတ်ပြောင်းလဲတတ်သောသဘောနှင့်ပေးသည်မဟုတ်။ လက်ခံရရှိသောသူ၏ စွမ်းရည်အတိုင်းဖြစ်သည်။

အစွမ်းသတ္တိများချပေးသည်အတိုင်း ပြန်၍ဆပ်ပေးရမည်။ အကြီးဆုံးသောအစွမ်းသတ္တိကိုပေးထားသောဘဏ္ဍာစိုးအပေါ်၌ အလေးလံဆုံးသောတာဝန်ရှိသည်။ တစ်ဆယ်ကျပ်ရရှိထားသောသူသည် ထိုတစ်ဆယ်ကျပ်အားဖြင့် မှန်ကန်စွာပြုလုပ်ရရှိသောအရာအတွက် တာဝန်ရှိသည်။ ဆယ်ပြားရရှိသောသူသည် ဆယ်ပြားအတွက်သာတာဝန်ရှိသည်။

ထောက်ပံ့သောငွေကို သစ္စာနှင့်အသုံးချခြင်းကြောင့် ဘုရားသခင်၏ချီးမွမ်းခြင်းကိုခံရသည်။ ကျွန်ုပ်တို့သည် သစ္စာရှိသောငယ်သားကောင်းဟု အသိအမှတ်ပြုခြင်းခံယူဖို့ရန် ဆန္ဒရှိပါက ကိုယ်တော်အဖို့စုံလင်၍ ကျက်သရေရှိသောအလုပ်ကို လုပ်ကိုင်ပေးရမည်။ ကြိုးစားမှုဖြင့် ရိုးသားစွာလုပ်ဆောင်ခြင်းကို ကိုယ်တော်သည် ဆုလာဘ်ပေးတော်မူမည်။ လူတို့သည် ကိုယ်တော်ကိုကိုးစားခဲ့လျှင်လည်းကောင်း၊ ကိုယ်တော်၏ သနားကြင်နာမှုရှိခြင်းနှင့် ကောင်းမှုပြုလိုသောသဘောကို အသိအမှတ်ပြုခဲ့လျှင်လည်းကောင်း ကိုယ်တော်ရှေ့တော်၌ နှိမ့်ချသောစိတ်ဖြင့်

လျှောက်သွားပါက ကိုယ်တော်သည် သူတို့နှင့်အတူ ပူးပေါင်းလိမ့်မည်။ ကိုယ်တော်သည် သူတို့၏အစွမ်းသတ္တိများကို တိုးပွားအောင်ပြုလုပ်တော်မူမည်။

## “ငါပြန်၍မလာမီတိုင်အောင်ကုန်သွယ်ခြင်းအမှုကိုပြုလော့”

ဘုရားသခင်မရှိသောအချိန်၌ ကိုယ်တော်၏ပစ္စည်းများကို ကြည့်ရှုထိန်းသိမ်းရန် ကျွန်ုပ်တို့ကို အအုပ်အချုပ်ခန့်ထားခဲ့သည်။ ဘုရားသခင်၏နိုင်ငံတော်တိုးတက်စေရန် ဘဏ္ဍာစိုးတိုင်းတို့၌ မိမိနှင့်သက်ဆိုင်သောအထူးအလုပ်ကိုလုပ်ကိုင်ရန်ရှိကြသည်။ မည်သူမျှခွင့်လွှတ်ခြင်းမရှိကြ။ “ငါပြန်၍မလာမီတိုင်အောင်ကုန်သွယ်ခြင်းအမှုကိုပြုကြလော့” ဟု ကိုယ်တော်မိန့်တော်မူသည်။ ကိုယ်တော်၏ဉာဏ်ပညာအားဖြင့် ပေးကမ်းထားသောအစွမ်းသတ္တိများကိုအသုံးပြုရန် ညွှန်ကြားချက်ပေးထား၏။ စကားပြောဆိုခြင်း၊ မှတ်ဉာဏ်၊ ဩဇာ၊ ဥစ္စာပစ္စည်း အစရှိသောအစွမ်းသတ္တိများကို ကိုယ်တော်၏တန်ခိုးတော်ထွန်းတောက်ဖို့ရန်စုသိမ်းခြင်းနှင့် ကိုယ်တော်၏နိုင်ငံတော်တိုးတက်ဖို့ဖြစ်သည်။ မိမိ၏အစွမ်းသတ္တိများကို မှန်ကန်စွာအသုံးပြုသောသူတို့ကို ကိုယ်တော်သည် ကောင်းချီးမင်္ဂလာပေးတော်မူလိမ့်မည်။



ကောင်းကင်ဘုံမှမိုးတိမ်ကိုစီး၍ ဒုတိယအကြိမ်ကြွလာတော်မူမည့်သခင်ကို စောင့်နေသောခရစ်ယာန်များဖြစ်သည်ဟု ကျွန်ုပ်တို့ပြောဆိုကြ၏။ ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်၊ သို့သော်လည်း ကျွန်ုပ်တို့၏ရိုးသားခြင်းကိုစစ်ဆေးရန် ကျွန်ုပ်တို့အားအပ်ထားသောအချိန်၊ ကျွန်ုပ်တို့၏နားလည်မှု၊ ကျွန်ုပ်တို့၏ဥစ္စာပစ္စည်းများကို အဘယ်သို့ပြုလုပ်ကြအံ့နည်း။ သခင်ယေရှုထံသို့ယူလာကြစို့။ ကျွန်ုပ်တို့၏ပစ္စည်းဘဏ္ဍာများကို ကိုယ်တော်၏အမှုတော်တိုးတက်ဖို့ရန် အသုံးပြုကြစို့။ ဤနည်းဖြင့် ကိုယ်တော်၏ဆုံးမစကားဖြစ်သော “သံချေးပိုးရွှဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာမြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်။ သံချေး၊ ပိုးရွှမဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးမယူရာကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးကြလော့။ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏” ဟူသောစကားတော်ကိုခံယူရာရောက်မည်။ R & H, April 9, 1901.

## လူတိုင်းအတွက်အလုပ်

အစွမ်းသတ္တိများကို မေတ္တာသက်ဝင်သောလူအချို့ကိုသာပေး၍ အခြားသောသူများကို ဆုလာဘ်ရမည့်သူတို့တွင် မပါစေဘဲ ချန်ထားသည်ဟုနားလည်သည်။ သို့သော်လည်း

ဥပမာစကား၌ ဤကဲ့သို့ဖော်ပြခြင်းမပြုပေ။ အိမ်ရှင်သည် မိမိ၏ ကျွန်များကိုခေါ်၍ လူတိုင်းတို့ကို အလုပ်လုပ်ရန်ပေးအပ်သည်။ ဘုရားသခင်၏အိမ်ထောင်စုအားလုံးသည် သူတို့အရှင်၏ ကုန်ပစ္စည်းများကိုအသုံးပြုရန် တာဝန်ဝတ္တရား၌ပါဝင်ကြသည်။

သူတို့သည် အနည်းနှင့်အများ ကိုယ်တော်၏အစွမ်းသတ္တိများကို အုပ်ချုပ်ခန့်ထားခြင်းခံရသည်။ ခရစ်တော်သေဆုံးခြင်းခံခဲ့သောအဖိုးထိုက်တန်သည့်ဝိညာဉ်များကယ်တင်ခြင်းရရှိဖို့ရန် အဖိုးထိုက်တန်သောအစွမ်းသတ္တိများဖြစ်သော ဝိညာဉ်၊ စိတ်နှင့် ကိုယ်ကာယသတ္တိသြဇာ၊ ဥစ္စာပစ္စည်း၊ ချစ်ခင်ခြင်း၊ ကိုယ်ချင်းစာနာခြင်းများကိုအသုံးပြုရကြမည်။ R & H, Oct. 26, 1911.

## အစွမ်းသတ္တိများကိုအဘယ်ကြောင့်ချပေးသနည်း

လူတို့သည် လောကပစ္စည်းများအားဖြင့် ကြွယ်ဝချမ်းသာသောအခြေအနေသို့ရောက်ဖို့ရန် ဘုရားသခင်သည် အစွမ်းသတ္တိများကိုပေးမထားကြောင်း ဘုရားသခင်၏သားသမီးများသည် သိမြင်ရမည်။ နောင်လာမည့်အချိန်အတွက် ခိုင်ခံ့သောအုတ်မြစ်ဆည်းပူးနိုင်ဖို့ရန်ဖြစ်သည်။ မတော်တဆထာဝရအသက်ပင်ဖြစ်ပေမည်။ R & H, Jan. 8, 1895.

–၀–

# (၂၅) အစွမ်းသတ္တိတစ်ခုသာရှိသောလူ၏ တာဝန်ဝတ္တရားများ

အစွမ်းသတ္တိတစ်ခုတည်းသာ ပေးအပ်ခြင်းခံရသောလူတချို့တို့သည် အစွမ်းသတ္တိများစွာပေးအပ်ခြင်းခံရသောသူတို့လောက်မများသောကြောင့် ခွင့်လွှတ်ရန်ပြောဆိုကြသည်။ သူတို့သည် သစ္စာမရှိသောဘဏ္ဍာစိုးကဲ့သို့ တစ်ခုတည်းသောအစွမ်းသတ္တိကို မြေကြီးထဲ၌ဝှက်ထားလေသည်။ ဘုရားသခင်ကသူတို့အား အပ်ထားသောအရာကို ပြန်၍ဆက်သဖို့ရန် ကြောက်ရွံ့ကြသည်။ သူတို့သည် လောကနှင့်ဆိုင်သောအရာများ၌ စွန့်စားကုန်သွယ်ခြင်းပြုကြ၍ ဘုရားသခင်၏အမှုတော်နှင့်ဆိုင်သောအရာ၌ အနည်းငယ် (သို့မဟုတ်) လုံးဝရင်းနှီးခြင်းမပြုကြပေ။ အစွမ်းသတ္တိများစွာရှိသောသူတို့ကို အမှုတော်ဆောင်ရွက်ခြင်း၏တာဝန်ကိုသယ်ပိုးရန်မျှော်လင့်၍ သူတို့မူကား အောင်မြင်တိုးတက်ခြင်း၌ လုံးဝတာဝန်မယူကြချေ။

သမ္မာတရားကိုချစ်သည်ဟု ပြောဆိုသောသူအများအပြားတို့သည် ဤကဲ့သို့ပြုလုပ်နေကြသည်။ သူတို့သည် မိမိတို့၏ဝိညာဉ်များကို လိမ်လည်လှည့်ဖြားနေကြသည်။ အကြောင်းမှာ

စာတန်သည် သူတို့၏မျက်စိများကိုကန်းစေပြီ။ ဘုရားသခင်ကို လုယူခြင်း၌ မိမိတို့ကိုယ်ကိုပို၍လုယူကြပြီ။ သူတို့၏တပ်မက်မောခြင်းနှင့် မယုံကြည်တတ်သောစိတ်မိုက်ကြောင့် ကောင်းကင်နှင့်ဆိုင်သောဘဏ္ဍာကို သူတို့သည် လက်လွှတ်စေကြပြီ။ သူတို့၌ အစွမ်းသတ္တိတစ်ခုသာရှိသောကြောင့် ဘုရားသခင်ကိုကိုးစားဖို့ရန် ကြောက်ရွံ့၍ မြေ၌ဝှက်ထားလေသည်။ တာဝန်မရှိတော့ပြီဖြစ်၍ စိတ်သက်သာခြင်းသို့ရောက်သည်။ သမ္မာတရားတိုးတက်ကြီးပွားသည်ကိုတွေ့မြင်ရန် နှစ်သက်ကြသည်။ သို့သော်လည်း သူတို့ကိုယ်တိုင်က ကိုယ်ကိုငြင်းပယ်၍ သူတို့၏ကြေးငွေအားဖြင့် ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ဖို့ရန် ခေါ်ခြင်းမခံရဟု ထင်မြင်ကြသည်။ သူတို့၌လည်း ပြောဆိုလောက်အောင် ကြေးငွေများစွာ မရှိကြပေ။

## အားလုံးတို့ကိုအစွမ်းသတ္တိများပေးထားခြင်း

အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ သူဌေးဖြစ်စေ၊ ဆင်းရဲသားဖြစ်စေ အားလုံးတို့အား သခင်သည် အစွမ်းသတ္တိများကိုပေးအပ်ထားသည်။ သူတို့၏ခွန်အားသတ္တိကိုလိုက်၍ အချို့ကိုပိုပေးထားပြီး အချို့ကိုလျှော့၍ပေးထားလေသည်။ ဘုရားသခင်၏ကောင်းချီး



မင်္ဂလာသည် စိတ်ပါ၍ ကြိုးစားမှုနှင့်ဆောင်ရွက်သောအမှုတော်ဆောင်များအပေါ်၌ ကျရောက်လိမ့်မည်။ သူတို့၏ရင်းနှီးခြင်းသည် အောင်မြင်၍ ဘုရားသခင်၏နိုင်ငံတော်အဖို့ အသက်ဝိညာဉ်များကိုရရှိပြီးလျှင် သူတို့ကိုယ်တိုင်အဖို့ မပျက်စီးနိုင်သောဘဏ္ဍာကိုရရှိလိမ့်မည်။ အားလုံးတို့သည် ကျင့်ဝတ္တရားနှင့်ဆိုင်သောသူများဖြစ်ကြ၍ ကောင်းကင်နိုင်ငံ၏ဥစ္စာပစ္စည်းများဖြင့် ပေးအပ်ထားခြင်းခံရသည်။ တစ်ယောက်စီ၌ရှိသောစွမ်းဆောင်မှုအတိုင်း အစွမ်းသတ္တိများကို ခွဲဝေပေးထားသည်။

ဘုရားသခင်သည် လူတိုင်းကို သူတို့လုပ်ကိုင်ဖို့ရန် အလုပ်ပေးထားတော်မူ၍ အပ်နှံထားခြင်းခံရသည်အတိုင်း တူညီသည့်တုံ့ပြန်ခြင်းကိုမျှော်လင့်သည်။ ဘုရားသခင်သည် အစွမ်းသတ္တိပေးထားတော်မူသည်အလျောက် အတိုး၌လည်း ဤအတိုင်းပင်ဖြစ်သည်။ ဆင်းရဲသားသည် အလှူပေးရာ၌ သူဌေးနည်းတူပေးရမည်ဟု ကိုယ်တော်မမျှော်လင့်ပေ။ ကျန်းမာ၍ ခွန်အားနှင့်ပြည့်စုံသောသူတစ်ယောက်၏လုပ်ရှားခြင်းမျိုးကို ခွန်အားနည်း၍ ဒုက္ခရောက်နေသောသူထံမှရရှိဖို့ရန် ကိုယ်တော်သည် မျှော်လင့်ခြင်းမရှိပေ။ အစွမ်းသတ္တိတစ်ခုပင်ရှိသော်လည်း အကောင်းဆုံးအသုံးချခဲ့ပါက ထိုလူ၌ရှိသည်အတိုင်း ကိုယ်တော်လက်ခံ

တော်မူမည်။ မတတ်နိုင်သောအမှုကိုမထောက်ထားဘဲ တတ်နိုင်သောအမှုကိုထောက်၍ လက်ခံတော်မူလိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကျွန်များဟုခေါ်သည်။ ဆိုလိုရင်း၌ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုသောအလုပ်ကို လုပ်ကိုင်ဖို့ရန် ကိုယ်တော်သည်ခန့်ထား၍ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်ဖြစ်သည်။ ရင်းနှီးဖို့ရန် ကျွန်ုပ်တို့အား မတည်ငွေကိုပေးထားသည်။ ကျွန်ုပ်တို့ကိုယ်ပိုင်ပစ္စည်းမဟုတ်။ ကိုယ်တော်၏ပစ္စည်းများကိုသိမ်းထားသည်ဖြစ်စေ၊ စိတ်သဘောအတိုင်း အသုံးပြုသည်ဖြစ်စေ ကျွန်ုပ်တို့သည် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့အောင်လုပ်နေခြင်းဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အားချေးငှားထားသောအရာကို အသုံးချသည်ဖြစ်စေ၊ မတရားသုံးသည်ဖြစ်စေ ကျွန်ုပ်တို့တာဝန်သာဖြစ်သည်။ ကျွန်ုပ်တို့လက်ထဲ၌ ဘုရားသခင်အပ်ထားသောမတည်ငွေသည် မတိုးပွားဘဲနေ၍ (သို့မဟုတ်) မြေကြီးထဲ၌ ကျွန်ုပ်တို့မြှုပ်နှံထားပါက အစွမ်းသတ္တိတစ်ခုပင်ဖြစ်လင့်ကစား သခင်သည် ကျွန်ုပ်တို့ကိုစာရင်းရှင်းရန် ခေါ်လိမ့်မည်။ ကိုယ်တော်အလိုရှိသောကြေးငွေသည် ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်၊ ကိုယ်တော်ပိုင်သောကြေးငွေကို အတိုးနှင့်အလိုတော်ရှိတော်မူသည်။



သခင်ထံသို့ပြန်ရောက်ရှိလာသောအစွမ်းသတ္တိတိုင်းကို သေချာစွာစစ်ဆေးလိမ့်မည်။ ဘုရားသခင်၏ကျွန်များလုပ်ကိုင်ခြင်းနှင့် အပ်နှံထားသောအရာများကို စဉ်းစားခြင်း၌ အရေးမကြီးသောကိစ္စမဟုတ်ဟု မယူဆနိုင်ပေ။ လူတစ်ဦးစီကိုစိစစ်၍ သူတို့၌အပ်ပေးသောအရာများကို တိုးပွားအောင်ပြုလုပ်သည်ဖြစ်စေ၊ (သို့မဟုတ်) မသင့်လျော်အောင်လုပ်သည်ဖြစ်စေ စာရင်းရှင်းပြရန်သာလိုလိမ့်မည်။ ရရှိသောအကျိုးအပြစ်သည် တိုးတက်အောင်ပြုလုပ်ခဲ့သောအစွမ်းသတ္တိများအချိုးအစားအတိုင်း ရရှိလိမ့်မည်။ ရရှိမည်ဖြစ်သောပြစ်ဒဏ်သည် မသင့်လျော်အောင်ပြုလုပ်ခဲ့သောအစွမ်းသတ္တိများအတိုင်းဖြစ်လိမ့်မည်။ R & H, Feb. 23, 1886.

## ယုံကြည်အပ်နှံထားသောအစွမ်းသတ္တိများကိုအသုံးပြုရမည်

မည်သူမျှ သူတို့တွင် သာ၍ကြီးသောအစွမ်းသတ္တိများ မရှိဟု ညည်းညူစရာအကြောင်းမရှိပေ။ ဘုရားသခင်ပေးသောအစွမ်းသတ္တိများကို ကိုယ်တော်၏တန်ခိုးတော်ထွန်းတောက်ဖို့ရန် အသုံးပြုသောအခါ သူတို့သည် တိုးတက်ကြလိမ့်မည်။ ယခုအချိန်သည် အသက်တာ၌ ကျွန်ုပ်တို့၏အခြေအနေကိုညည်းညူ

နေ၍ ကျွန်ုပ်တို့၌ အခြားသောအစွမ်းသတ္တိမရှိသောကြောင့် ရှိရင်းခွန်အားသတ္တိများကို တိုးတက်အောင်မပြုလုပ်နိုင်ဘဲ ပျက်ကွက်နေသည်ဟုဆင်ခြေပေးစရာမရှိပေ။ ကျွန်ုပ်တွင် သူ၌ရှိသောခွန်အားသတ္တိနှင့်အရည်အချင်းမျိုးသာရှိပါက ကျွန်ုပ်၏သခင်အဖို့သာ၍ကြီးသောမတည်ငွေကို ရင်းနှီးထားနိုင်လိမ့်မည်ဟု သင်ပြောဆိုမည်လား။ ထိုကဲ့သို့သောသူများသည် သူတို့၏တစ်ခုတည်းသောအစွမ်းသတ္တိကို လိမ္မာပါးနပ်ကောင်းမွန်စွာအသုံးချပါက သခင်သည် သူတို့ထံမှ ဤမျှလောက်သာအလိုရှိပေမည်။

မည်သည့်အရာကိုမျှ ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိသောသူတို့အား တိုက်တွန်းနှိုးဆော်ခြင်းကို အသင်းတော်တိုင်းတို့၌ ကြိုးစားလုပ်ကိုင်ကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ ကိုယ်တော်သည် အစွမ်းသတ္တိတစ်ခု၌ တိုးတက်ခြင်းရှိဖို့ရန် အလိုရှိတော်မူကြောင်းကို သူတို့သိစေလိုသည်။ သူတို့၌ရှိရင်းအစွမ်းသတ္တိအပြင် အခြားအစွမ်းသတ္တိများကိုရရှိဖို့ရန် ပျက်ကွက်ပါက သူတို့၌ရှိရင်းအစွမ်းသတ္တိတစ်ခုဆုံးရှုံးမည့်အပြင် သူတို့၏အသက်ဝိညာဉ်လည်းဆုံးရှုံးလိမ့်မည်။ ကျွန်ုပ်တို့၏အသင်းတော်များ၌ ပြောင်းလဲခြင်းတွေ့မြင်ဖို့ရန် ကျွန်ုပ်တို့မျှော်လင့်သည်။ အိမ်ရှင်သည် ပြန်လာဖို့ရန် ပြင်ဆင်နေ၍ မိမိ၏ဘဏ္ဍာစိုးများကိုခေါ်ပြီးလျှင် မိမိကိုယ်တိုင်အပ်နှံထားခဲ့သောအစွမ်းသတ္တိများကို စာရင်းရှင်းရန်



ပြောဆိုလိမ့်မည်။ ထိုအခါ မည်သည့်အရာကိုမျှမလုပ်ကိုင်သောသူတို့ကို ဘုရားသခင်က သနားတော်မူမည်လော။ သစ္စာရှိသောငယ်သားကောင်းဟု ချီးကျူးပြောဆိုသံကိုကြားသောသူတို့သည် သူတို့၌ရှိသောခွန်အားသတ္တိများကို တိုးတက်အောင်ပြုလုပ်ကြ၍ ဘုရားသခင်၏တန်ခိုးတော်ကို ကြေးငွေအားဖြင့် ထွန်းတောက်စေကြလိမ့်မည်ဖြစ်သည်။ R & H, March 14, 1878.

## မတိုးပွားသောအစွမ်းသတ္တိများ

အချို့တို့သည် မိမိတို့၌ရှိသမျှအတိုင်း ပေးကမ်းလိုကြ၍ ဘုရားသခင်သည် သူတို့ထံမှနောက်တစ်ဖန်ထပ်မံ၍တောင်းဆိုဖို့ရန် မရှိတော့ဟု ယူဆကြသည်။ အကြောင်းမှာ သူတို့၌ ကြေးငွေမြောက်မြားစွာမရှိသောကြောင့်ဖြစ်သည်။ သူတို့၏အိမ်ထောင်များ၌ လိုအပ်နေသောအရာအတွက် အသုံးပြုပြီး နောက်ထပ်ဝင်ငွေမရှိသောကြောင့်ဖြစ်သည်။ သို့သော် ဤအမျိုးအစားထဲ၌ လူပေါင်းမြောက်မြားစွာရှိကြရာ ထိုသို့သောသူများသည် အောက်ပါမေးခွန်းကို သူတို့ကိုယ်ကိုပြန်မေးနိုင်သည်။ "ကျွန်ုပ်သည် ရှိရမည့်ကြေးငွေအတိုင်း ပေးကမ်းခြင်းပြုနေသလား။" သူတို့သည် သူတို့၏ကိုယ်ခန္ဓာနှင့်စိတ်ကိုအသုံးပြုရန် ဘုရားသခင်

သည် စီမံထားသည်။ အချို့တို့သည် ဘုရားသခင်ကအပ်ပေးထားသောခွန်အားသတ္တိကို အကောင်းဆုံးတိုးတက်ခြင်းရှိဖို့ရန် မပြုလုပ်ကြပေ။ ခွန်အားစိုက်ထုတ်၍ လုပ်ရသောအလုပ်ကို လူအားဝေခွဲပေးသည်။ ထိုအလုပ်ကိုကျိန်ခြင်းနှင့်ဆက်သွယ်ထား၏။ အကြောင်းမှာ အပြစ်ကြောင့်ဖြစ်သည်။ လူတစ်ယောက်၏ကိုယ်ခန္ဓာ၊ စိတ်နှင့်အမူအကျင့်၊ ကျန်းမာခြင်းရှိဖို့ရန် အသုံးကျသောလုပ်ဆောင်ခြင်းသည် လိုအပ်၏။ အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိရဟု ရှင်ပေါလုပြောဆိုသည်။

ပျင်းရိထုံထိုင်းသောအသက်တာဖြင့် မည်သူမျှကြွယ်ဝသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ဘုရားသခင်၏တန်ခိုးတော်ကို မထွန်းလင်းနိုင်ပေ။ အများသောဆင်းရဲသားတို့၌ရှိသော မတည်ငွေသည် အချိန်နှင့်ကိုယ်ခန္ဓာခွန်အားဖြစ်သည်။ ဤခွန်အားကို သက်သာစွာနေထိုင်ခြင်း၊ ပျင်းရိခြင်းကိုနှစ်သက်ခြင်းဖြင့် ဖျက်ဆီးပစ်လိုက်ကြသည်။ သို့ဖြစ်၍ ကိုယ်တော်ထံသို့ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကိုယူဆောင်မလာနိုင်ကြပေ။ ခရစ်ယာန်များသည် အသိပညာချို့တဲ့၍ ခွန်အားအပြည့်အဝအသုံးမချနိုင်သည့်အပြင် သူတို့၏ကိုယ်ခန္ဓာနှင့်စိတ်ဆိုင်ရာတန်ခိုးများကိုချင့်ချိန်၍ သီးခြားသုံးစွဲခြင်းမပြုနိုင်ပါက သူတို့၏ညီအစ်ကိုများထံမှ အကြံဉာဏ်များကို စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းဖြင့်ခံယူရမည်။



ညီအစ်ကိုတို့၏အကြံဉာဏ်များနှင့်ဆုံးဖြတ်ချက်များသည် သူတို့၌လိုအပ်နေခြင်းများကို ဖြည့်ဆည်းပေးလိမ့်မည်။ မြောက်မြားစွာသောဆင်းရဲသားတို့သည် ယခုအခါ သူတို့အချင်းချင်းကောင်းဖို့ရန်အတွက် မည်သည့်အရာတစ်ခုမျှလုပ်ကိုင်မပေးနိုင်။ ဘုရားသခင်၏အမှုတော်တိုးတက်စေဖို့ရန် မလုပ်နိုင်သော်လည်း အလုပ်ကိုတကယ်လုပ်ကိုင်ခဲ့ပါက များစွာပြီးမြောက်နိုင်ကြမည်။ သူဌေးသည် မတည်ထားသောငွေကို စာရင်းပေးရသကဲ့သို့ ဆင်းရဲသားသည် သူမတည်ထားသောကိုယ်ခန္ဓာခွန်အားကို ဘုရားသခင်အား စာရင်းရှင်းရမည်။ 3T 400.

## ကိုယ်ခန္ဓာခွန်အားကိုထုချေရှင်းလင်းရန်

ဉစ္စာပစ္စည်းမရှိသောသူများပင်ဖြစ်သော်လည်း ကိုယ်ခန္ဓာ၌ခွန်အားနှင့်ပြည့်စုံသောသူဖြစ်ပါက သူတို့၏ခွန်အားကြောင့် သူတို့သည် ဘုရားသခင်၌တာဝန်ရှိကြောင်း ကျွန်ုပ်တွေ့မြင်သည်။ သူတို့သည် လုပ်ဆောင်ရာ၌ ကြိုးစားမှုရှိသည့် စိတ်အားကြီးသောသူများဖြစ်ရမည်။ ပစ္စည်းဉစ္စာရှိသောသူသာလျှင် အရာခပ်သိမ်း၌ စွန့်စားရမည်ဟု သဘောထား၍ပင်မထားသင့်ပေ။ သူတို့လည်းစွန့်နိုင်ကြောင်း ကျွန်ုပ်တွေ့မြင်ရသည်။ ဉစ္စာပစ္စည်း

ရှိသောသူများကဲ့သို့ပင်ပြုလုပ်ရန် သူတို့၌တာဝန်ဝတ္တရားရှိသည်။ သို့သော်လည်း အများအားဖြင့် ဥစ္စာပစ္စည်းမရှိသောသူတို့သည် သူတို့ကိုယ်ကိုသူတို့သည် နည်းအမျိုးမျိုးဖြင့်ငြင်းပယ်နိုင်ကြသည်။ အဝတ်အစား၊ ခံတွင်းအရသာခံခြင်းနှင့် အလိုဆန္ဒတို့ကို ထိန်းသိမ်း၍ ဘုရားသခင်၏အမှုတော်အဖို့ထောက်ပံ့ခြင်းဖြင့် သူတို့၏ဘဏ္ဍာကို ကောင်းကင်ဘုံ၌သိုထားနိုင်သည်။ 1T 115.

ကိုယ်ခန္ဓာ၌ ခွန်အားဗလနှင့်ပြည့်စုံသောသူတို့သည် ထိုခွန်အားဗလကို ဘုရားသခင်အဖို့အသုံးပြုရမည်။ သူတို့သည် မိမိတို့၏လက်များဖြင့်လုပ်ဆောင်၍ ကြေးငွေရရှိသောအခါ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ အသုံးပြုရမည်။ အလုပ်ရရှိသောအခါ သစ္စာရှိစွာဖြင့် လုပ်ကိုင်ရမည်။ အလုပ်အကိုင်မရရှိနိုင်သောသူတို့ကို မစနိုင်ဖို့ရန် အခွင့်ကောင်းများ တွေ့မြင်လျှင် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေးရမည်။ R & H, Aug. 21, 1894.

## ကြိုးစားမှုမရှိခြင်းကိုအားမပေးရ

လူသည် အလုပ်မလုပ်လျှင် အစာမစားရဟု ဘုရားသခင်၏နှုတ်ကပတ်တော်ကသွန်သင်သည်။ အလုပ်ကြိုးစား၍



လုပ်ဆောင်သောသူသည် ပျင်းရိသောသူများကို လုပ်ကျွေးပြုစုရန် ဘုရားသခင်အလိုမရှိ။ အချိန်ဖြုန်းတီးခြင်း၊ ကြိုးစားမှုနည်းပါးခြင်းကြောင့် ဆင်းရဲဒုက္ခရောက်ကြသည်။ ဤအမှားများကို ကျူးလွန်နေသောသူများသည် တွေ့မြင်ပြုပြင်ခြင်းမရှိပါက ကြေးငွေကိုအပေါက်ရှိသောခြင်းတောင်းထဲ၌ထည့်သည်နှင့်တူသည်။ သို့သော်လည်း မရှောင်မရှားနိုင်သောဆင်းရဲခြင်းရှိသည်။ ကျွန်ုပ်တို့သည် အခြေအနေမကောင်းသောသူတို့အား ကြင်နာခြင်းနှင့်သနားခြင်းပြသရမည်။ R & H, Jan. 3, 1899.

–o–

# (၂၆) ဘုရားသခင်အားမှန်ကန်စွာဆောင်ရွက်ပေးခြင်းကိုလုယူခြင်း

သတ္တမနေ့ကိုစောင့်နေကြသောသူတို့တွင် သူတို့၏လောကပစ္စည်းများကို မလွှတ်တမ်းဆုပ်ကိုင်ထားသောသူများရှိကြသည်။ ဤပစ္စည်းများသည် သူတို့၏ဘုရားသခင်ဖြစ်သည်။ သူတို့၏ ငွေ၊ လယ်ယာကိုင်းကျွန်း၊ ကျွဲနွားတိရစ္ဆာန်နှင့် ကုန်ပစ္စည်းများကို သူတို့၏ကယ်တင်ရှင်ထက်ပို၍ချစ်မြတ်နိုးကြသည်။ ကိုယ်တော်သည် သူတို့အတွက် ဆင်းရဲခြင်းခံရသည်။ ကိုယ်တော်ဆင်းရဲခံရခြင်းအားဖြင့် သူတို့၌ကြွယ်ဝခြင်းရှိဖို့ရန်ဖြစ်သည်။ သူတို့၏အသက်ဝိညာဉ်များထက် သူတို့၏လောကပစ္စည်းများကို ချီးမြှောက်၍ တန်ဖိုးရှိသည်ဟုထင်ကြသည်။ ထိုသူတို့အား ကောင်းလေစွဟုပြောဆိုမည်လား၊ ဘယ်အခါမျှပြောဆိုမည်မဟုတ်။ "မပယ်ဖျက်နိုင်သောငါ့ထံမှထွက်ခွာသွားကြလော့" ဟူသောအသံကို သူတို့သည် အံ့သြစွာကြားကြမည်။ ခရစ်တော်အဖို့ သူတို့သည် လုံးဝအသုံးမကျတော့ပေ။ သူတို့သည် ပျင်းရိသောကျွန်များဖြစ်၍ ဘုရားသခင်ပေးသောကြေးငွေများကို ဝှက်ထားကြသည်။ ထိုအချိန်၌ သူတို့၏အမျိုးသားချင်းတို့သည် မှောင်မိုက်နှင့်မှားယွင်းခြင်းများ၌ ပျက်စီးနေကြသည်။





ကျွန်ုပ်၏စိတ်သည် ဤအချက်၌အလွန်အကျွံထိခိုက်ခြင်းဖြစ်သည်။ ကြေးငွေရှိသောသူများသည် အချိန်နောက်ကျသည်တိုင်အောင် အိပ်နေကြမည်လား။ ဘုရားသခင်သည် သူတို့နှင့် သူတို့၏ရတနာပစ္စည်းများကိုငြင်းပယ်၍ "အချင်းသူဌေးသူကြွယ်တို့၊ ယခုလာကြ၊ သင်တို့အပေါ်၌ရောက်လတ္တံ့သောဆင်းရဲခြင်းအခက်အခဲကြောင့် ငိုကြွေးအော်ဟစ်ကြ။ သင်တို့၏ဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်ရှိ၏။ အဝတ်ကိုလည်း ပိုးကိုက်စားလေပြီ။ ရွှေငွေလည်း အချေးတက်၍ ပျက်ကုန်ပြီ။ ထိုအချေးသည် သင်တို့တစ်ဖက်၌သက်သေဖြစ်၍ မီးကဲ့သို့ သင်တို့၏အသားကိုစားလိမ့်မည်" ဟုမိန့်တော်မူ၏။ ဘုရားသခင်၏နေ့ရက်ရောက်လာသောအခါ ထုတ်ဖော်ပြောဆိုခြင်းကိုကြားမြင်ကြရမည်။ ဝှက်ထားသောဘဏ္ဍာများ၊ လိမ်လည်၍သိမ်းယူထားသောအခကြေးငွေများသည် သူတို့ကိုပိုင်ဆိုင်သောသူတစ်ဖက်၌ အော်ဟစ်ကြလိမ့်မည်။ ပိုင်ဆိုင်သောသူများသည် ကောင်းသောခရစ်ယာန်များဖြစ်ကြသည်ဟုပြောဆို၍ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်ကြသည်ဟု သူတို့ကိုယ်ကိုဝါကြွားပြောဆိုကြသည်။ အမှန်မှာ သူတို့သည် ခရစ်တော်၏အသွေးဖြင့်ဝယ်ယူခဲ့သောဝိညာဉ်များကိုချစ်သည်ထက် အမြတ်အစွန်းကိုပို၍နှစ်သက်ကြသည်။

ယခုအချိန်သည် လူတိုင်းအလုပ်လုပ်ကိုင်ဖို့ရန်အချိန်ဖြစ်သည်။ သင်တို့ပျက်စီးခြင်းမှကယ်တင်ဖို့ရန် ငါ၏ကြွယ်ဝခြင်း၊ ငါ၏တန်ခိုး၊ ငါ၏အမိန့်၊ ငါ၏အသက်ကိုပေးခဲ့ပြီဖြစ်၍ သင်တို့သည် ငါ့အဖို့ မည်သည့်အရာပြုလုပ်ပြီးစီးခဲ့သနည်းဟု ကိုယ်တော်သည်မေးမြန်းသောအခါ အများသောသူတို့သည် ဘုရားသခင်၏နေ့၌ မည်ကဲ့သို့အဖြေပေးကြအံ့နည်း။ ထိုနေ့၌ မည်သည့်အရာကိုမျှ လုပ်ကိုင်ခြင်းမရှိသောသူတို့သည် စကားမပြောနိုင်ဘဲ အ၍နေကြလိမ့်မည်။ သူတို့၏ပျက်ကွက်ခြင်းအဖြစ်ကိုမြင်ကြလိမ့်မည်။ သူတို့သည် ဘုရားသခင်အထံတော်မှ တစ်သက်တာအလုပ်ကိုလုယူကြပြီ။ သူတို့သည် မည်သူ့အပေါ်မျှ ကောင်းမွန်ခြင်းဖြစ်ဖို့ရန် အားပေးခြင်းကိုလည်းမပြု၊ သူတို့သည် သခင်ယေရှုအထံတော်သို့ ဝိညာဉ်တစ်ခုကိုမျှယူဆောင်မလာကြပေ။ မိမိတို့သခင်အဖို့ မည်သည့်အရာကိုမျှ လုပ်ကိုင်မပေးဘဲ ကျေနပ်နေကြသည်။ သူတို့သည် ဆုကိုမရ၊ ထာဝရဆုံးရှုံးခြင်းနှင့်တွေ့ဆုံရမည်။ ခရစ်တော်၏နောက်လိုက်များဟုပြောသော်လည်း သူတို့သည် ဆိုးညစ်သောသူများနှင့်အတူ ပျက်စီးကြလိမ့်မည်။
R & H, March 14, 1878.



## ခရစ်ယာန်အမည်ခံတို့၏ကြီးသောအပြစ်

လူတိုင်းမည်သည့်အလုပ်အကိုင်မျိုးလုပ်ကိုင်စေကာမူ ဘုရားသခင်၏အမှုတော်ကို သူ၏ပထမဦးဆုံးစိတ်ဝင်စားသောအရာဖြစ်စေရမည်။ သူ၏အစွမ်းသတ္တိများကို ဘုရားသခင်၏အမှုတော်တိုးတက်ခြင်း၌ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် သူ၏ခွန်အားသတ္တိကိုလည်း အမှုတော်ပြီးစီးဖို့ရန် အသုံးပြုရမည်။ လောကကြီး၌ပြောင်မြောက်သောလုပ်သားတစ်ယောက်ဖြစ်လာနိုင်ရန် အများသောသူတို့သည် လပေါင်း၊ နှစ်ပေါင်းများစွာအချိန်ယူ၍ ကျွမ်းကျင်မှု၊ (သို့မဟုတ်) အတတ်ပညာသည် အလုပ်တစ်ခုခုကိုရရှိဖို့ရန် ကြိုးစားကြသည်။ သို့သော်လည်း သူသည် ဘုရားသခင်၏စပျစ်ဥယျာဉ်၌ ပြောင်မြောက်သောအလုပ်သမားတစ်ယောက်ဖြစ်လာနိုင်ဖို့ရန် သူ၌ရှိသောအစွမ်းသတ္တိများကို ကြိုးစား၍ပြုစုပေးခြင်းမရှိပေ။ သူသည် သူ၏တန်ခိုးများကို မှောက်လှန်၍ အစွမ်းသတ္တိများကိုအလွဲသုံးစွဲခဲ့သည်။ သူသည် ကောင်းကင်ဘုံ၌ရှိသောဘုရားသခင်ကို မရိုမသေပြုခဲ့ပြီ။ ဤအရာသည် ဘုရားသခင်၏လူများဟုခေါ်သောသူတို့၏ အကြီးဆုံးသောအပြစ်ဖြစ်သည်။ သူတို့သည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ လောကကြီးကိုလည်းကောင်း အစေခံနေကြသည်။ သူတို့သည်

လိမ္မာပါးနပ်သောသူများ၊ ရောင်းဝယ်မှုကိစ္စတွင် ကျွမ်းကျင်သောသူများဖြစ်ကြသော်လည်း ဘုရားသခင်သည် သူတို့အားကိုယ်တော်၏အမှုတော်တိုးပွားဖို့ရန် ပေးထားသောအစွမ်းသတ္တိများကို တိုးတက်အောင်မပြုလုပ်ကြပေ။ လောကနှင့်သက်ဆိုင်သောအရာသည် လေ့ကျင့်ပေးခြင်းဖြင့် သာ၍ကျွမ်းကျင်လာခဲ့သော်လည်း ဝိညာဉ်ရေးဘက်၌မူကား လေ့ကျင့်ပေးခြင်းမရှိ၊ သာ၍ခွန်အားနည်းခဲ့ပြီ။ R & H, Jan. 1, 1884.

## ပေါ့လျော့ခြင်း၏အပြစ်

လုပ်ရှားခြင်းမရှိ၍ သံချေးတက်နေသောသူတို့၏အစွမ်းသတ္တိကိုထောက်ကူပေးရန် ဘုရားသခင်၏ဝိညာဉ်တော်ထံမှ မစခြင်းတောင်းခံ၍ အလုပ်လုပ်ကိုင်ပါက မြောက်မြားစွာပြီးစီးမည်ကို ကျွန်ုပ်တို့တွေ့မြင်ရမည်။ မစခြင်းပေးရန် အပူတပြင်းတောင်းဆိုခြင်းသည် စိတ်နှလုံးကို လှုပ်ရှားစေလိမ့်မည်။ တုံ့ပြန်မှုမှာ "ကျွန်ုပ်တို့သည် ခွန်အားနည်းခြင်းနှင့် မိုက်မဲခြင်းအခြေအနေမှသတိပညာရရှိဖို့ရန် ခရစ်တော်ကိုမျှော်ကြည့်၍တတ်နိုင်သမျှလုပ်ကိုင်ကြရမည်။" တုံ့ပြန်ပြောဆိုရလိမ့်မည်။ အခွင့်အရေးတံခါးများပွင့်နေချိန်၊ သနားဖွယ်ရာမစခြင်းတောင်းဆို



နေသံများကြားနေစဉ်ပင် လူအပေါင်းတို့သည် လက်ပိုက်လျက်ထိုင်နေခြင်း (သို့မဟုတ်) မိမိကိုယ်ကျိုးအတွက် ဤလောက၏စီးပွားကိုသာလုပ်ကိုင်နေကြမည်လား။

"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏" ဟု သခင်ယေရှုသည် တပည့်တော်တို့အား မိန့်တော်မူသည်။ သို့သော်လည်း လူအနည်းငယ်လောက်သာလျှင် သူတို့၏ခွန်အားနှင့်သြဇာကြီးခြင်းကို သိမြင်ကြသည်။ သူတို့သည် အခြားသောသူများအား မစခြင်းနှင့်ကောင်းချီးမင်္ဂလာများရရှိစေဖို့ရန် မည်မျှလုပ်ကိုင်ပေးနိုင်သည်ကို အနည်းငယ်သောလူတစ်စုသာသိကြသည်။ သူတို့၏အစွမ်းသတ္တိကိုအသုံးမပြုဘဲ မြေကြီး၌ဝှက်ထား၍သူတို့၌ချီးမွမ်းလောက်သောနှိမ့်ချခြင်းရှိသည်ဟု မိမိကိုယ်ကိုမြှောက်ပင့်ပြောဆိုကြသည်။ သို့သော်လည်း ကောင်းကင်နိုင်ငံတော်၏မှတ်တမ်းများ၌ ဤအလုပ်အကိုင်မရှိ၊ ပျင်းရိဆိုးညစ်သောကျွန်များသည် ဘုရားသခင်စေခိုင်းသောအလုပ်ကိုဂရုမစိုက်ဘဲနေခြင်းဖြင့် ဘုရားသခင်အား လွန်ကျူးစွာပြစ်မှားနေကြကြောင်း သက်သေခံရေးသားထားသည်။ ကောင်းကင်နိုင်ငံတော်မှတ်တမ်းများကိုဖွင့်၍ သူတို့၏ထင်ရှားပေါ်လွင်သောပျက်ကွက်ခြင်းများကိုဖော်ပြသောအခါ သူတို့သည် ချွတ်ယွင်းခြင်းအတွက် အသနားခံခြင်းမပြုကြပေ။

ကျွန်ုပ်တို့အားအပ်နှံထားသောအစွမ်းသတ္တိသည် မည်မျှပင်ဖြစ်စေကာမူ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ခြင်း၌သာ အသုံးချရကြမည်။ ကြေးငွေရှိဖို့အတွက် အသုံးမပြုရ။

သူတို့၏အစွမ်းသတ္တိများကို မြေကြီးထဲ၌ဝှက်ထားသောသူများသည် ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော သရဖူကိုရရှိမည့်အခွင့်အရေးများကို စွန့်လွှတ်ပစ်နေကြသည်။ နောက်ဆုံးတရားစီရင်ခြင်းမှမဖော်ပြမီအချိန်တိုင်အောင် ဤအပြုအမူမျိုးပြုလုပ်နေသောလူအရေအတွက် မည်မျှရှိသည်ကိုသိမည်မဟုတ်ပေ။ ၎င်းပြင် ဘုရားသခင်ပေးထားသောအစွမ်းသတ္တိများကို ပေးကမ်းသောသခင်၏အမှုတော်၌ အသုံးမပြုဘဲကုန်သွယ်ခြင်း၌ဝှက်ထားသောကြောင့် အသက်မည်မျှအမှောင်ထဲသို့ရောက်ရှိသွားသည်ကို သိရှိလိမ့်မည်မဟုတ်။

လူတို့သည် အဖိုးထိုက်တန်၍ အမြတ်အစွန်းရရှိမည့်ငွေတွင်း၊ ရွှေတွင်းတို့၌ စိတ်ဝင်စားခြင်းရှိကြပေမည်။ သူတို့သည် မြေကြီးနှင့်ဆိုင်သောဘဏ္ဍာများကို ဆည်းပူးရရှိဖို့ရန် တစ်သက်တာပတ်လုံးအချိန်ကုန်ခံ၍ သေဆုံးသောအခါ ၎င်းစီးပွားများကိုချန်ခဲ့ရကြသည်။ သူတို့သွားရမည့်သေခြင်းတစ်ဖက်၌ အသုံးချဖို့ရန် တစ်ကျပ်တစ်ပြားမှယူဆောင်၍မသွားနိုင်ကြပေ။ ဤလူများသည် ပညာရှိသောသူများဖြစ်ကြသလား။ ပေးထားသောအချိန်၌



နောင်ရေးအဖို့ပြင်ဆင်ခြင်းမပြုလုပ်ဘဲ အဖိုးထိုက်သောအချိန်ကိုကုန်လွန်သွားစေသောကြောင့် စိတ်ရောဂါစွဲကပ်သူများဖြစ်ကြသလား။ ပညာရှိသောသူတို့သည် မပျောက်လွင့်နိုင်သောဘဏ္ဍာကို ကောင်းကင်ဘုံ၌ဆည်းပူးထားလိမ့်မည်။ ထာဝရအသက်ကိုဆုပ်ကိုင်နိုင်ရန် ကောင်းသောအုတ်မြစ်ကိုချကြလိမ့်မည်။ ကျွန်ုပ်တို့သည် တာရှည်ခံသောကြွယ်ဝခြင်းကိုရယူလိုပါက ကျွန်ုပ်တို့၏ဘဏ္ဍာများကို ကောင်းကင်သို့ရွှေ့ပြောင်းကြစို့။ ကျွန်ုပ်တို့၏ဘဏ္ဍာရှိသောနေရာသို့ ကျွန်ုပ်တို့စိတ်နှလုံးရောက်လိမ့်မည်။
R & H, Oct. 7, 1884.

–၀–

## (၂၇) တရားစီရင်ရာနေ့ကိုရင်ဆိုင်ခြင်း

ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းအကျပ်ကိုယ်တော်ကိုချစ်ခင်ရန်နှင့် ပညတ်တော်ကို စောင့်ရှောက်ရန်မခိုင်းပေ။ ကယ်တင်တော်မူခြင်းအကြံအစည်၌ ကိုယ်တော်သည် မပြောပြနိုင်သောမေတ္တာဖြင့် လူကိုချစ်ကြောင်း ဖော်ပြခဲ့ပြီ။ ကိုယ်တော်သည် မိမိ၏ပညာဉာဏ်ဘဏ္ဍာများကို ချပေးတော်မူပြီး ကိုယ်တော်ကိုချစ်၍ ဘုရားသခင်၏အလိုဆန္ဒနှင့်ညီညွတ်ခြင်းရှိစေရန် ကောင်းကင်နိုင်ငံ၏အဖိုးအထိုက်ဆုံးသောလက်ဆောင်ပဏ္ဏာကိုပေးတော်မူသည်။ ထိုကဲ့သို့သောမေတ္တာကို ကျွန်ုပ်တို့သည် ငြင်းပယ်၍ ကိုယ်တော်အား ကျွန်ုပ်တို့ကိုအုပ်စိုးဖို့ရန်ခွင့်မပြုပါက ကျွန်ုပ်တို့ကိုယ်တိုင်ပျက်စီးဖို့ရန် ဖန်တီးနေ၍ နောက်ဆုံး၌ ထာဝရပျောက်ဆုံးခြင်းသို့ရောက်ကြမည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများမှ စေတနာပြည့်ဝသောလုပ်ဆောင်ပေးခြင်းကိုအလိုရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား စဉ်းစားဆင်ခြင်တတ်သောအစွမ်းသတ္တိများ၊ ခွန်အားသတ္တိအစွမ်းများ၊ ကြေးငွေများနှင့် ဩဇာရှိခြင်းများကို ချပေးတော်မူရာ၌ လူသားများကောင်းစားရေးအတွက် လုပ်ကိုင်





ပေး၍ လောကရှေ့၌ ဘုရားသခင်၏စိတ်သဘောတော်ကိုဖော်ပြရန်ဖြစ်သည်။ အဖိုးထိုက်တန်သောအခွင့်အရေးများနှင့် အဆင်သင့်သည့်အခါ အခွင့်များကို ကျွန်ုပ်တို့လက်လှမ်းမီရာ၌ထားရှိရာ ကျွန်ုပ်တို့သည် ထိုအရာများကို ဂရုမစိုက်ဘဲနေခဲ့လျှင် ကျွန်ုပ်တို့သည် သူများထံမှလုယူခြင်း၊ မိမိတို့၏စိတ်ဝိညာဉ်ကို လိမ်လည်လျက် ကျွန်ုပ်တို့ဖန်ဆင်းရှင်၏တန်ခိုးကို နိမ့်ကျစေခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမထီလေးစားပြုလုပ်ခဲ့သောအခွင့်အရေးများနှင့် ဂရုမစိုက်ခဲ့သောအဆင်သင့်သည့်အခါ အခွင့်များကို တရားစီရင်ရာနေ့၌ မတွေ့ဆုံလိုကြပေ။ နောင်ကာလအဖို့ ကျွန်ုပ်တို့၏ထာဝစဉ်စိတ်ဝင်စားခြင်းများသည် ယခုခေတ်အချိန်၌ ဝိညာဉ်များကယ်တင်ခြင်းရရှိဖို့ရန် ကျွန်ုပ်တို့အား ဘုရားသခင်အပ်နှံထားသည့်အစွမ်းသတ္တိများကို တိုးတက်အောင်ဆောင်ရွက်ပေးခြင်းပေါ်၌တည်နေသည်။

ရာထူးနှင့်ဩဇာသက်ရောက်ခြင်းသည် မည်မျှပင်မြင့်မားသော်လည်း ဘုရားသခင်၏ဥစ္စာပစ္စည်းများကို အလွဲသုံးစားပြုခြင်းသည် ဤအကြောင်းကြောင့်ဖြစ်သည်ဟု ဆင်ခြေပေးနေဖို့ရန်မဟုတ်။ ဘုရားသခင်အထံတော်မှ အထူးကျေးဇူးပြုခံရခြင်းသည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်အား စိတ်ရောကိုယ်ပါနှစ်သက်မြတ်နိုးသောလုပ်အားကိုပေးရမည်။ သို့သော်လည်း ဤကဲ့သို့

ကောင်းချီးမင်္ဂလာခံစားရသောသူတို့သည် ပေးကမ်းသောသခင်ကိုမေ့လျော့၍ သတိမမူခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် အရှက်အကြောက်ကင်းခြင်းအခြေသို့ရောက်ရှိသွားကြသည်။ သူတို့သည် ကောင်းကင်သခင်ထာဝရဘုရားကိုရှုတ်ချ၍ သူတို့၏အပေါင်းအသင်းများတို့အပေါ်၌ ကျိန်ခြင်းနှင့်ဖျက်ဆီးခြင်းဩဇာအာဏာကိုပြသကြသည်။ သူတို့သည် ဆင်းရဲနွမ်းပါးနေသောသူများ၊ ဒုက္ခခံစားနေရခြင်းကို သက်သာစေဖို့ မရှာကြံကြပေ။ သူတို့သည် ဘုရားသခင်၏အလုပ်ကိုလည်း တည်ဆောက်ခြင်းမပြုကြ။ အပြစ်မရှိသောသူတို့ခံစားနေရသောအမှားများကိုလည်း ပြင်ဆင်ပေးခြင်းမရှိ။ မုဆိုးမနှင့်မိဘမဲ့ကလေးများတို့၏အကြောင်းကိုလည်း ပန်ကြားခြင်းမပြု။ ပြည့်စုံသောသူတို့နှင့် နွမ်းပါးသောသူတို့ရှေ့၌ အကျင့်၏မြင့်မားသောပုံစံဖြစ်သည့် သူတစ်ပါးကိုချစ်မြတ်နိုးခြင်းနှင့် ကောင်းမြတ်သောအရည်အချင်းစိတ်သဘောကိုလည်း မပြသကြပေ။ တစ်ဖက်၌ သူတို့သည် စာရင်းငှားသူများကို ညှဥ်းဆဲကြသည်။ မှန်ကန်သောလုပ်ခကြေးငွေကို မတရားသိမ်းပိုက်ကြသည်။ မသိနားမလည်သောသူတို့ကို လှည့်ဖြားကြသည်။ မုဆိုးမ၏ပစ္စည်းကိုလုယူကြသည်။ အသက်ဝိညာဉ်တို့၏သွေးဖြင့် ပေကျံနေသောဘဏ္ဍာများကို စုပုံထားကြသည်။ ဘုရားသခင်၏တရားရုံးတော်၌ သူတို့သည် ထုချေရကြမည်။



ဤလူစားမျိုးသည် ကောင်းကင်ဘုံ၌ရှိသော အဖဘုရားသခင်၏အလုပ်ကိုမလုပ်၊ သူတို့ကြားနာရမည့်တင်းမာသောအမိန့်သည် "အတင်းအကျပ်အမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြလော့" ဟုထိုသူတို့အားပြောဆိုမည်။ R & H, Feb. 14, 1888.

## ထိတ်လန့်ဖွယ်ရာကောင်းသောဖော်ပြခြင်းများ

တရားစီရင်သောနေ့ရက်၌ မည်သည့်ဖော်ပြခြင်းများကိုပြုလိမ့်မည်နည်း။ မိမိတို့ကိုယ်ကို ခရစ်ယာန်ဟုခေါ်ဆိုကြသောသူများစွာတို့သည် ဘုရားသခင်၏အစေခံများဖြစ်သည်ကို မတွေ့မြင်ရဘဲ မိမိတို့ကိုယ်အဖို့ အစေခံများဖြစ်နေကြပြီ။ သူတို့၏ဗဟိုပြုချက်သည် မိမိကိုယ်ပင်ဖြစ်သည်။ မိမိကိုယ်ဖို့ဆောင်ရွက်ခြင်းသည် သူတို့၏အသက်တာအလုပ်ဖြစ်သည်။ မိမိကိုယ်ကို စိတ်သဘောကျဖြစ်စေဖို့နှင့် မိမိတို့အဖို့သာ အမြတ်အစွန်းရဖို့ဖြစ်သည်။ ဘုရားသခင်သည် သူတို့အားအပ်နှံထားသောစွမ်းရည်များနှင့်တန်ခိုးများကိုချည့်နဲ့စေ၍ သိမ်ဖျင်းသည့်အခြေအနေသို့ရောက်စေကြပြီ။ သူတို့သည် ဘုရားသခင်နှင့်ရိုးသားစွာမဆက်ဆံကြပေ။ သူတို့၏အသက်တာတစ်လျှောက်လုံးသည် လုယူမှုဖြင့်သာကြီးထွားနေသည်။ သူတို့သည် ယခု

အချိန်၌ ဘုရားသခင်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း ပြစ်တင်ပြောဆိုနေကြသည်။ အကြောင်းမှာ သူတို့ထင်မြင်သကဲ့သို့ အသိအမှတ်မခံရခြင်း၊ အခွင့်ထူးမခံစားရသောကြောင့်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်သည် အားလုံးသောသူတို့၏အမှုကိုစစ်ဆေးသောအခါ သူတို့၌သစ္စာမရှိခြင်းသည် ပေါ်ထွက်လာလိမ့်မည်။ ကိုယ်တော်ပြန်ကြွလာတော်မူ၍ပြောင်းလဲပြီး ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူ၊ ဘုရားသခင်၏အမှုတော်ကိုဆောင်သောသူ၊ မဆောင်သောသူတို့ကိုပိုင်းခြား၍သိမြင်စေလိမ့်မည်။

ဘုရားသခင်သည် နည်းပါးသောအလှူငွေများနှင့် စိတ်မပါသောဆောင်ရွက်ခြင်းများကို လက်ခံလိမ့်မည်ဟုထင်မြင်သောသူတို့သည် ထိုနေ့၌ စိတ်ပျက်ခြင်းနှင့်တွေ့ဆုံရလိမ့်မည်။ ရာထူးကြီးသောသူဖြစ်စေ၊ ရာထူးနိမ့်သောသူဖြစ်စေ၊ သူဋ္ဌေးဖြစ်စေ၊ ဆင်းရဲသားဖြစ်စေ ဘုရားသခင်၏အမှုတော်ကို စိတ်ရောကိုယ်ပါသစ္စာရှိစွာဖြင့် ကိုယ်တော်၏တန်ခိုးကိုထွန်းတောက်စေဖို့ရန် ဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဘုရားသခင်သည် မိမိ၏ကမ္ဘည်းလိပ်စာကို မည်သည့်လူတစ်ဦးတစ်ယောက်၏အလုပ်ပေါ်၌ ထိုးနှက်လိမ့်မည်မဟုတ်။ သို့သော်လည်း ဤမြေကြီးပေါ်၌ရှိစဉ် ဘုရားသခင်၏အိမ်ထောင်နှင့်ဆိုင်သောသူ၊



ကိုယ်တော်၏နာမတော်ကိုချီးမြှင့်ရန်ကြိုးစားသောသူ၊ ဘုရားသခင်၌ ရှင်ဘုရင်နှင့်ယဇ်ပုရောဟိတ်များဖြစ်ဖို့ရန် ဗဟုသုတရရှိသောသူများကို သစ္စာရှိသောအစေခံများအဖြစ် လက်ခံတော်မူလိမ့်မည်။ ထိုသူတို့ကို သစ္စာရှိသောငယ်သားကောင်း၊ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု ပြောဆိုခြင်းခံရမည်။ R & H, Jan. 5, 1897.

## အပြောမဟုတ်၊ အလုပ်ဖြစ်သည်

အားလုံးသောအကြောင်းအရာများသည် ဘုရားသခင်၏ရှေ့တော်၌ ကြည့်ရှုစစ်ဆေးဖို့ရန်ရောက်လာသောအခါ သူတို့သည် အဘယ်အရာကိုယုံကြည်ကြသနည်းဟု မေးမြန်းမည်မဟုတ်။ အဘယ်ကဲ့သို့သောအရာကို ပြုလုပ်ခဲ့ကြသနည်းဟုသာမေးလိမ့်မည်။ သူတို့သည် တရားတော်ကိုစောင့်သောသူများဖြစ်ကြသလား၊ သူတို့သည် မိမိတို့ကိုယ်အဖို့ အသက်ရှင်ကြသလား၊ (သို့မဟုတ်) သူတစ်ပါးကိုကောင်းမှုပြုလိုသောအလုပ်ဖြစ်သော ကြင်နာခြင်း၊ ချစ်ခြင်း၊ မိမိတို့ကိုယ်ကိုမိမိတို့နှစ်သက်သည်ထက် သူတစ်ပါးကိုနှစ်သက်ခြင်းနှင့် အခြားသောသူများကောင်းချီးမင်္ဂလာရရှိဖို့ရန် မိမိတို့ကိုယ်ကိုငြင်းပယ်နေကြသလား။

မှတ်တမ်းချက်၌ ဤကဲ့သို့သောအသက်တာသည် သူတို့၏အသက်တာဖြစ်၍ သူတို့၏အကျင့်များသည်လည်း နူးညံ့သိမ်မွေ့ခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်း၊ ကောင်းမှုပြုလိုသောသဘောရှိကြောင်း မှတ်သားထားပါက သူတို့သည် ခရစ်တော်ထံမှ မင်္ဂလာစိတ်ချစရာနှင့် ကောင်းချီးပေးခြင်းကိုခံရမည်။ "ငါ့ခမည်းတော်ထံ၌ ကောင်းချီးမင်္ဂလာကိုခံယူသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။"

ကျွန်ုပ်တို့၏တစ်ဖက်သတ်ကျသော ကိုယ့်အကျိုးကိုသာကြည့်တတ်သည့်မေတ္တာနှင့် အခြားသူများ၏ပူဆွေးဒုက္ခရောက်ခြင်းများကို ဂရုမစိုက်ဘဲနေတတ်သောကြောင့် ခရစ်တော်သည် ပူဆွေး၍ နာကြည်းခြင်းဖြစ်သည်။ R & H, July 13, 1886.

## သစ္စာရှိသောဘဏ္ဍာစိုးကိုကတိထားခြင်း

ရေနား၌စိုက်ပျိုးခြင်းသည် အဓိပ္ပါယ်လေးနက်ခြင်းရှိသည်။ အဓိပ္ပါယ်မှာ– လက်ဆောင်ပဏ္ဏာနှင့်အလှူငွေများကို အဆက်မပြတ်ပေးကမ်းနေခြင်းဖြစ်သည်။ ဘုရားသခင်၏သစ္စာရှိသောဘဏ္ဍာစိုး၌ အပ်နှံထားသောကြေးငွေများသည် အရာခပ်သိမ်းကိုပေးနိုင်စွမ်းရှိဖို့ရန် ဘုရားသခင်သည် လွယ်ကူခြင်း



ကိုဖြစ်စေမည်။ ကောင်းသောအမှုနှင့်လည်း ကြွယ်ဝနေလိမ့်မည်။ သင်သည် အရာရာ၌သုံးလောက်သောဥစ္စာအမျိုးမျိုးအစဉ်ရှိ၍ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့်ပြည့်စုံမည်အကြောင်း အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှာ ဘုရားသခင်တတ်နိုင်တော်မူ၏။ မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊ အစာအာဟာရကိုလည်းကောင်း ပေးတော်မူသောသူသည် သင်တို့အား မျိုးစေ့ကိုပေး၍ ပွားများစေတော်မူမည်။ ၂ကော၊ ၉း၈၊၁၀။ လက်ဖြင့်ရက်ရောစွာကြဲသောမျိုးစေ့ကို ဘုရားသခင်ကြည့်ရှုတော်မူသည်။ မျိုးစေ့ကိုစိုက်ပျိုးသောသူအား ပေးသောသူသည် ကိုယ်တော်၏အမှုတော်ဆောင်အား မျိုးစေ့ကိုပေးသောသခင်နှင့်ပူးပေါင်းလုပ်ကိုင်နိုင်ရန် ပြုလုပ်ပေးသည်။ 9T 132.

–၀–